# ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော)လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ရှုသော သူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)


၁၃၈၀ ခုနှစ် တန်ခူးလပြည့်ကျော် ၅ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 24 April 2019 ၉၆၂၉


# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်

## MKP-Media International Press Center ၌ သတင်းဌာနများနှင့် တွေ့ဆုံပြီး မေးမြန်းချက်များ ဖြေကြား

**နေပြည်တော် ဧပြီ ၂၃**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ Irkutsk မြို့၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဧပြီ ၂၂ ရက် မွန်းလွဲပိုင်းတွင် Irkutsk လေဆိပ်မှထွက်ခွာခဲ့ပြီး ညနေပိုင်းတွင် Omsk မြို့သို့ ရောက်ရှိရာ Russia-ASEAN Business Council ဥက္ကဋ္ဌ Mr. Ivan Polyakov နှင့်တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**လှည့်လည်ကြည့်ရှု**

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် JSC Radio Plant ပြတိုက်သို့ရောက်ရှိကြပြီး JSC Radio Plant သမိုင်းကြောင်းနှင့် ဆက်သွယ်ရေးကဏ္ဍ၏အရေးပါမှု Video ကို ကြည့်ရှုကြကာ စက်ရုံအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် MKP-Media International Press Center သို့ ရောက်ရှိကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် Information Agency Siberian News၊ Radio Siberia၊ Prodvizhenie TV Channel၊

စာမျက်နှာ ၇ ကော်လံ ၁ သို့ ☆



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် MKP-Media International Press Center တွင် သတင်းမီဒီယာများ၏ မေးမြန်းချက်များအား ပြန်လည်ရှင်းလင်းဖြေကြားစဉ်။

**ပြည်သူ့အတွက် တတိယ (၁) နှစ်တာ**

**ပြည်သူ့အတွက် တတိယ(၁)နှစ်တာအချပ်ပိုပါရှိ**

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ တတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပို(၈)မျက်နှာဖြင့် ဖော်ပြထားပါသည်။

**ထူးခြားသည့် နေ့အပူချိန်များ**

၂၃-၄-၂၀၁၉

| | | | | | |
|---|---|---|---|---|---|
| ချောက် | ၄၆ | ဒီဂရီစင်တီဂရိတ် | မကွေး | ၄၂ | ဒီဂရီစင်တီဂရိတ် |
| ဘော်လခဲ | ၄၄ | ဒီဂရီစင်တီဂရိတ် | အောင်လံ | ၄၂ | ဒီဂရီစင်တီဂရိတ် |
| ပေါက် | ၄၃ | ဒီဂရီစင်တီဂရိတ် | ဆင်ဖြူကျွန်း | ၄၂ | ဒီဂရီစင်တီဂရိတ် |
| မြင်းခြံ | ၄၂ | ဒီဂရီစင်တီဂရိတ် | ကြို့ပင်ကောက် | ၄၂ | ဒီဂရီစင်တီဂရိတ် |
| ညောင်ဦး | ၄၂ | ဒီဂရီစင်တီဂရိတ် | ပုသိမ် | ၄၂ | ဒီဂရီစင်တီဂရိတ် |

**ကြေးမုံ ယနေ့ ဖတ်စရာ**

နိုင်ငံတကာဈေးကွက်များတွင် အရည်အသွေးပြည့်မီသည့်ဆန်များ တင်ပို့နိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

စာမျက်နှာ » ၄

သတိထားရမည့် အမှိုက်မီးပွားစလေးများ

စာမျက်နှာ » ၆




## အပြောင်းအလဲတွေကို မျက်ဝါးထင်ထင် တွေ့မြင်ရအောင်

ကျွန်တော်တို့အစိုးရအဖွဲ့အနေနဲ့ အမိနိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ကမ္ဘာ့အလယ်မှာ တင့်တယ်လာအောင်၊ နိုင်ငံသူ နိုင်ငံသားများရဲ့လူမှုစီးပွားဘဝမြင့်မားလာပြီး ပျော်ရွှင်ချမ်းမြေ့အောင်၊ ပြည်သူတွေမြင်ချင်တွေ့ချင်နေတဲ့ အပြောင်းအလဲတွေကို မျက်ဝါးထင်ထင် တွေ့မြင်ရအောင် ခိုင်မာတဲ့စိတ်ဓာတ်၊ ပြင်းထန်တဲ့ဆန္ဒ၊ မလျှော့တဲ့ ဝီရိယနဲ့ ကိုယ်ရောစိတ်ပါမြှုပ်နှံပြီး တာဝန်ကျေပွန်စွာ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း အလေးအနက် ပြောကြားလိုပါတယ်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ၁၃၈၁ ခုနှစ် မြန်မာနှစ်သစ်ကူး နှုတ်ခွန်းဆက်စကားမှ ကောက်နုတ်ချက်)

## အဖိုးမဖြတ်နိုင်တဲ့ တန်ဖိုး

အတိတ်ကကျန်ခဲ့တဲ့ အမွေဆိုးတွေကို ဖယ်ရှားကျော်လွှားဖို့၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ရဲ့အနာဂတ်အတွက် မျှော်လင့်ချက်တွေကို ဖြည့်ဆည်းဖို့ ကြိုးပမ်းတဲ့နေရာမှာ ကျွန်မတို့တွေ သင်ခန်းစာယူနိုင်တဲ့ အခွင့်အရေးတွေ အများကြီးရခဲ့ရပါတယ်။ သစ္စာ၊ မေတ္တာ၊ သတ္တိ၊ မုဒိတာ ဘယ်လောက်လိုအပ်တယ်၊ လောဘ၊ ဒေါသ၊ မောဟတွေ ဘယ်လောက်များပြားဆိုးရွားတယ်၊ မိတ်ဆွေကောင်းတွေရဲ့ကျေးဇူး ဘယ်လောက်ကြီးမားတယ်ဆိုတာကို ပိုမိုလို့ သိနားလည်လာရပါတယ်။ အားလုံးအထက်မှာ ကျွန်မတို့အတွက် အရေးအကြီးဆုံးသင်ခန်းစာကတော့ ပြည်သူရဲ့နားလည်ထောက်ခံမှု၊ အားပေးမှုများရဲ့ အဖိုးမဖြတ်နိုင်တဲ့ တန်ဖိုးပါပဲ။

(၁ - ၄ - ၂၀၁၈ ရက်နေ့က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီအစည်းအဝေး(၁၀ / ၂၀၁၉) ကျင်းပ



**နေပြည်တော် မေ ၂၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး(၁၀ / ၂၀၁၉)ကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ညာဏစိုး၊ တွဲဖက်အတွင်းရေးမှူး ဦးငွေဝင်းအောင်(ခ)ဦးပြုံးချို၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

## လေပြင်းတိုက်ခတ်မှုကြောင့် အိုးအိမ်များ ထိခိုက်ပျက်စီးမှုအတွက် ထောက်ပံ့ကူညီမှုများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၃**

၂၀၁၉ ခုနှစ် မေ ၂၁ ရက်တွင် ပဲခူးတိုင်းဒေသကြီးအတွင်း၌ လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်းများ ဖြစ်ပွားခဲ့ရာ ကျောက်တံခါးမြို့နယ်တွင် နေအိမ် ၂၂ လုံးပြိုကျခဲ့ပြီး နေအိမ် အလုံး ၂၂၀ ခန့်နှင့် ဘာသာရေးအဆောက်အအုံနှစ်လုံး ထိခိုက်ပျက်စီးခဲ့ကြောင်း၊ အလားတူ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း၌ မေ ၂၂ ရက်တွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်းများဖြစ်ပွားခဲ့ရာ ဇမ္ဗူသီရိ၊ ဒက္ခိဏသီရိနှင့် လယ်ဝေး မြို့နယ်တို့တွင် နေအိမ် ၂၃ လုံး ပြိုကျခဲ့ပြီး နေအိမ် အလုံး ၂၇၀ ခန့်နှင့် ဘာသာရေးအဆောက်အအုံသုံးလုံး ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါလေဘေးကြောင့် နေအိမ်ထိခိုက်ပျက်စီးခဲ့သည့် ဘေးသင့်ပြည်သူများအတွက် ဆန်ရိက္ခာဖိုး၊ အိမ်ဆောက်ပစ္စည်းဖိုးနှင့် ကယ်ဆယ်ရေး ပစ္စည်းများကို ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ သက်ဆိုင်ရာ တိုင်းဒေသကြီးဦးစီးမှူးရုံးများနှင့် ခရိုင်ဦးစီးမှူးရုံးများမှ တာဝန်ရှိသူများက အမြန်ဆုံးထောက်ပံ့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြည်သူလူထုအနေဖြင့် ယခုကဲ့သို့ နွေရာသီကာလ မတ်လနှင့် ဧပြီလများအတွင်း နေ့အပူချိန်များ တဖြည်းဖြည်းမြင့်တက်လာရာမှ လေပြင်းများ တိုက်ခတ်ခြင်း၊ အချိန်အခါမဟုတ် မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးသီးကြွေခြင်းတို့ ဖြစ်ပွားတတ်သဖြင့် အထူးသတိပြုနေထိုင်ကြပါရန်နှင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

**ကြေးမုံ**

## ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း တောင်ဒဂုံစက်မှုဇုန်များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ

**ရန်ကုန် မေ ၂၃**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းသည် ယနေ့ နံနက် ၉ နာရီတွင် တောင်ဒဂုံစက်မှုဇုန်(၁) ခန်းမ၌ တောင်ဒဂုံစက်မှုဇုန် (၁)၊ (၂)၊ (၃) တို့မှ စက်မှုဇုန်ကြီးကြပ်မှု ကော်မတီ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။



တွေ့ဆုံပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရန်ကုန်တိုင်းဒေသကြီး အတွင်း စက်မှုဇုန်များကို အဆင့်မြှင့်တင်ရန် မိမိတို့အစိုးရအဖွဲ့ စတင် တာဝန်ယူပြီးစဉ် ကာလကတည်းက ကြိုးစားခဲ့ကြောင်း၊ တိုင်းဒေသကြီး အဆင့် စက်မှုဇုန်အဆင့်မြှင့်တင်ရေး ကော်မတီများကို ဖွဲ့စည်းဆောင်ရွက်ခဲ့ကြောင်း၊ စက်မှုဇုန်များအတွင်း အလုပ်လုပ်ကိုင်နေသည့် အခြေအနေ၊ အလုပ် လုပ်ကိုင်နေကြသူများ၏ အခြေအနေ၊ လက်ရှိစက်မှုဇုန်များ၏ အလုပ်သမားဆိုင်ရာ ကိစ္စများနှင့် ပတ်သက်သည့် အခြေအနေများကို လေ့လာခဲ့ကြောင်း၊ စက်မှုဇုန်များသည် မိမိတို့ တိုင်းဒေသကြီး၏ ငွေရှာပေးနေသည့်နေရာဖြစ်သလို အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်သည့် နေရာတစ်ခုဖြစ်ကြောင်း၊ စက်မှုဇုန်များ ပိုမိုဖွံ့ဖြိုးတိုးတက်ရန်အတွက် ကော်မတီများ၊ ဌာနဆိုင်ရာများအားလုံး ပူးပေါင်းပြီး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် စက်မှုဇုန်ကော်မတီများမှ တာဝန်ရှိသူများက စက်မှုဇုန်အတွင်း လျှပ်စစ်မီး၊ လမ်းများ၊ ရေမြောင်းများ၏ အခြေအနေကိုလည်းကောင်း၊ ယာဉ်ရပ်နားကွင်းနှင့် မီးသတ်စခန်း ထားရှိရေးကိုလည်းကောင်း၊ ကျူးကျော်အိမ်များနှင့် လမ်းမများပေါ်တွင် စုပုံထားသော ပစ္စည်းများ၊ မော်တော်ယာဉ်များ၏ အခြေအနေကိုလည်းကောင်း ဆွေးနွေးတင်ပြသည်။

ဆွေးနွေးတင်ပြချက်များနှင့် ပတ်သက်၍ ဝန်ကြီးချုပ်က ပြန်လည်ရှင်းလင်းဆွေးနွေးပြီး စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရန် အားလုံး ဝိုင်းဝန်းကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

တွေ့ဆုံပွဲသို့ တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်၊ တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးမျိုးအောင်ငွေနှင့် လွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

**ဆန်းကျော်ဦး ( ပြန် / ဆက်)**

# ပုဂံဒေသတစ်ခုလုံး ရေရှည်အကျိုးစီးပွားလွှမ်းခြုံသက်ရောက်မှုရှိစေရေးနှင့် ရှေးဟောင်းအမွေအနှစ်ဒေသ ထိခိုက်မှုမရှိစေရေး အစည်းအဝေးကျင်းပ




**နေပြည်တော် မေ ၂၃**

ပုဂံဒေသတစ်ခုလုံး ရေရှည်အကျိုးစီးပွားလွှမ်းခြုံသက်ရောက်မှု ရှိစေရေး၊ ရှေးဟောင်းအမွေအနှစ်ဒေသ ထိခိုက်မှုမရှိစေရေးနှင့်ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက် ၁၀ နာရီက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန လောကနတ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဝိုင်းဝန်းအကြံပြုဆွေးနွေး**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် အဇာဘိုင်ဂျန်နိုင်ငံ ဘာကူမြို့၌ ဇွန် ၃၀ ရက်မှ ဇူလိုင် ၁၀ ရက်အထိ ကျင်းပမည့် (၄၃)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီ ညီလာခံအစည်းအဝေးတွင် ပုဂံဒေသနှင့်ပတ်သက်၍ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေးကို ဆွေးနွေးဆုံးဖြတ်သွားမည်ဖြစ်ရာ တက်ရောက်လာသည့် ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် UNESCO သို့ တင်သွင်းထားသည့် မူဘောင်များနှင့်အညီ ပုဂံဒေသတစ်ခုလုံး ရေရှည်အကျိုးစီးပွားလွှမ်းခြုံသက်ရောက်မှုရှိစေရေးနှင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသကို မထိခိုက်စေနိုင်သည့် လုပ်ငန်းရှင်များနှင့် ဒေသခံ တစ်နိုင်တစ်ပိုင် လုပ်ကိုင်လိုသူများလည်း လုပ်သာကိုင်သာရှိစေရေး နှစ်ဦးနှစ်ဖက် အကျိုးရှိမည့် ကိစ္စရပ်များနှင့်ပတ်သက်၍ တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးနိုင်ပါရန် ပြောကြားသည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက ပုဂံဒေသတစ်ခုလုံး ရေရှည်အကျိုးစီးပွားလွှမ်းခြုံသက်ရောက်မှုရှိစေရေးနှင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသ မထိခိုက်စေရေးနှင့် ဒေသတွင်းနှင့် နိုင်ငံသားလုပ်ငန်းရှင်များ နစ်နာမှုမရှိစေရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတကာဈေးကွက်များတွင် အရည်အသွေးပြည့်မီသည့် ဆန်များတင်ပို့နိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် မေ ၂၃**

နိုင်ငံတကာဈေးကွက်များတွင် ခိုင်မာသည့် ဈေးကွက်တည်ဆောက်နိုင်ရေးနှင့် အရည်အသွေးပြည့်မီသည့် ဆန်များ တင်ပို့နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်အမှာစကား ပြောကြားသည်။

**တင်ပို့နိုင်ခဲ့**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပြည်ပသို့ ဆန်တင်ပို့မှုအနေဖြင့် ပင်လယ်ရေကြောင်းမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကုမ္ပဏီ ၈၃ ခုမှ ဆန်တန်ချိန် ၁ ဒသမ ၂ သန်း၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၃၈၁ သန်း တင်ပို့နိုင်ခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကုမ္ပဏီ ၇၀ မှ ဆန်တန်ချိန် ၈ ဒသမ ၅ သိန်း၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၈၈ သန်း တင်ပို့နိုင်ခဲ့ပါကြောင်း။

နယ်စပ်မှ ဆန်တင်ပို့မှုအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကုမ္ပဏီ ၁၅၅ ခုမှ ဆန်တန်ချိန် ၁ ဒသမ ၇ သန်း၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၅၉၅ သန်း တင်ပို့နိုင်ခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကုမ္ပဏီ ၁၀၃ ခုမှ ဆန်တန်ချိန် ၁ ဒသမ ၀၇ သန်း၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၃၅၉ သန်း တင်ပို့နိုင်ခဲ့ပါကြောင်း။

အာဖရိကသည် ဆန်ကို စိုက်ပျိုးထုတ်လုပ်နိုင်သော်လည်း စားသုံးမှုသည် စိုက်ပျိုးထုတ်လုပ်နိုင်မှုထက် များပြားသဖြင့် အာရှဒေသရှိ နိုင်ငံများထံမှ ပြန်လည်ဝယ်ယူတင်သွင်းရပါကြောင်း၊ မြန်မာနိုင်ငံမှ ဆန်တင်ပို့သည့်နိုင်ငံများတွင် အာဖရိကနိုင်ငံများလည်း အပါအဝင်ဖြစ်ပါကြောင်း။

ကမ္ဘာ့ဆန်တင်ပို့မှု အများဆုံးနိုင်ငံများမှာ အိန္ဒိယ၊ ထိုင်း၊ အမေရိကန်၊ ပါကစ္စတန်၊ ဗီယက်နမ်၊ အီတလီ၊ တရုတ်၊ ဥရုဂွေး၊ ကမ္ဘောဒီးယားနှင့် မြန်မာနိုင်ငံတို့ဖြစ်ပြီး ကမ္ဘာ့ဆန်တင်သွင်းမှုအများဆုံး နိုင်ငံများမှာ တရုတ်၊ ဘီနင်း၊ ဆော်ဒီအာရေဗျ၊ အီရန်၊ ဘင်္ဂလားဒေ့ရှ်၊ အမေရိကန်ပြည်ထောင်စု၊ အာရပ်စော်ဘွားများနိုင်ငံ၊ အင်္ဂလန်၊ တောင်အာဖရိကနှင့် အီရတ်နိုင်ငံတို့ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် လယ်ယာစိုက်ပျိုးရေးကို အဓိကအားထားသည့် နိုင်ငံဖြစ်သည့် အားလျော်စွာ တိုးတက်ပြောင်းလဲလာသည့် Global စီးပွားရေးစနစ်တွင် စိန်ခေါ်မှုနှင့် ယှဉ်ပြိုင်မှုများစွာကို ရင်ဆိုင်ကြုံတွေ့နေရလျက်ရှိပြီး မြန်မာ့လယ်ယာကဏ္ဍတွင်လည်း စိန်ခေါ်မှုနှင့် ယှဉ်ပြိုင်မှုများစွာရှိနေရာ တောင်သူများ၊ ကုန်သည်များနှင့် နိုင်ငံတော်ပါ အကျိုး ဖြစ်ထွန်းနိုင်ရေးအတွက် ခိုင်မာသည့် ဈေးကွက်သစ်များ ရှာဖွေနိုင်ရေး ပိုမိုကြိုးပမ်းလုပ်ဆောင်နိုင်ရန် လိုအပ်လျက်ရှိပါကြောင်း။

**စိန်ခေါ်မှုများစွာဖြင့် ဆောင်ရွက်နေရ**

မြန်မာ့ဆန်စပါး ကုန်သွယ်မှုကဏ္ဍသည် လုပ်ငန်းနယ်ပယ် အလွန်ကျယ်ပြန့်သောကြောင့် ရှုပ်ထွေးမှုများ၊ စိန်ခေါ်မှုများ၊ အခက်အခဲများနှင့် အကန့်အသတ်များစွာဖြင့် ဆောင်ရွက်နေရပြီး အဆိုပါကိစ္စများကို အဆင်ပြေချောမွေ့စွာ ကျော်ဖြတ်ဆောင်ရွက်သွားနိုင်ရန် အထူးလိုအပ်ပါကြောင်း။

အိုင်ဗရီကို့စ်တွင် ဖျက်ဆီးခံရသည့် ဆန်များကို မြန်မာနိုင်ငံမှ ကုမ္ပဏီသုံးခုထံမှ ရန်ကုန်အခြေစိုက် စင်ကာပူကုမ္ပဏီဖြစ်သည့် Olam International Co., Ltd. က FOB စနစ်ဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်ပြီး အာဖရိကတိုက် Guinea တွင် ရောင်းရန်ဖြစ်ပါကြောင်း၊ ဆန်တင်သည့် သင်္ဘောသည် မြန်မာနိုင်ငံမှ ဆန်တန်ချိန် ၂၂၀၀၀ ကို တင်ဆောင်၍ ရန်ကုန်ဆိပ်ကမ်းမှ ၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် ထွက်ခွာခဲ့ပြီး Guinea ဆိပ်ကမ်းသို့ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလကုန်တွင် ရောက်ရှိခဲ့ခြင်းဖြစ်ပါကြောင်း၊ ဆန်များကို သင်္ဘောချရာ၌ တန်ချိန် ၄၀၀၀ ချပြီးနောက် ဆန်အလေးချိန် မပြည့်ဆိုသည့် ပြဿနာပေါ်သည်ဟု သိရပါကြောင်း။

အာဖရိကနိုင်ငံများသို့ လှည့်လည်ရောင်းချရာတွင်လည်း လက်မခံနိုင်သည်ဟု သိရပါကြောင်း၊ ဆန်အိတ်များသည် ကီလို ၅၀ ရှိရမည်ဖြစ်၍ ၄၅ ကီလိုသာ ရှိသည့်အတွက် လက်မခံဘဲ ငြင်းပယ်ခဲ့ခြင်းဖြစ်သည်ဟု သိရပါကြောင်း၊ ယင်းဖြစ်ရပ်နှင့်ပတ်သက်၍ ဝယ်ယူတင်ပို့သည့် ကုမ္ပဏီ၊ ဆန်အရည်အသွေးနှင့် အလေးချိန်စစ်ဆေးသည့် Inspection Agency၊ ဝယ်ယူသူ Buyer များ၏ အားနည်းချက်ကြောင့် ဖြစ်သည်ကို ဆန်းစစ်ရန် လိုအပ်ပါကြောင်း၊ ထို့ပြင် ယခုကဲ့သို့ ဖြစ်စဉ် နောက်ထပ်မဖြစ်စေရန် စနစ်တကျ စီစဉ်ကြပ်မတ်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် တက်ရောက်လာကြသည့် အသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ ဆန်တင်ပို့သည့် ကုမ္ပဏီကြီးများ၊ အရည်အသွေးစစ်ဆေးသည့် အဖွဲ့အစည်းများမှ အကြံဉာဏ်များ တင်ပြဆွေးနွေးရန် ပြောကြားလိုပါကြောင်း။

နိုင်ငံတကာ ဆန်စပါးဈေးကွက်ကြီးများသည်လည်း ဈေးကွက်ရရှိရေးကို အပြိုင်အဆိုင် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံသည်လည်း နိုင်ငံတကာ ဈေးကွက်အတွင်း ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် ခိုင်မာသည့်ဈေးကွက်တည်ဆောက်နိုင်ရေးနှင့် အရည်အသွေးပြည့်မီသည့် ဆန်များ တင်ပို့နိုင်ရေးကို သက်ဆိုင်ရာဌာနများ၊ အသင်းအဖွဲ့များ၊ ကုန်သည်လုပ်ငန်းရှင်များ၊ အရည်အသွေးစစ်ဆေးရေးအဖွဲ့အစည်းများက ပိုမိုတွန်းအားပေးပူးပေါင်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

**ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်**

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက မြန်မာနိုင်ငံအနေဖြင့် ယခင်နှစ်က ပြည်ပသို့ ဆန်တန်ချိန် ၃ ဒသမ ၆ သန်းတိုးမြှင့်တင်ပို့နိုင်ခဲ့ပါကြောင်း၊ ဆန်တင်ပို့မှုအနေဖြင့် တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့နိုင်ခဲ့ပြီး အာဖရိကနိုင်ငံများသို့ ဒုတိယအများဆုံး တင်ပို့နိုင်ခဲ့ပါကြောင်း၊ မည်သည့်ပြဿနာမျှ ကြီးကြီးမားမား မပေါ်ပေါက်ခဲ့ပါကြောင်း၊ ယခု အိုင်ဗရီကို့စ်နိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည့် ပြဿနာနှင့်ပတ်သက်၍ မြန်မာ့ဆန်ပုံရိပ် မကျဆင်းစေရေး၊ ရေရှည်တည်တံ့သည့် ဆန်တင်ပို့မှုစနစ်ဖြစ်ပေါ်ရေး၊ ဆန်စပါးကြိတ်ခွဲမှု အရည်အသွေးပြည့်မီရေး၊ အလေအလွင့်နည်းပါးရေး၊ အလေး၊ တင်း၊ တောင်း မှန်ကန်မှုရှိရေး၊ သယ်ယူပို့ဆောင်မှု ကောင်းမွန်ရေး မြန်မာ့ဆန် ပြည်ပဈေးကွက်သို့ ထိုးဖောက်ရာတွင် လိုအပ်သည့်စနစ်နှင့် အဖွဲ့အစည်းများ ထားရှိဆောင်ရွက်နိုင်ရေးကို အဖြေရှာ၍ အားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ကိုယ်စားလှယ် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းဦးက အိုင်ဗရီကို့စ်နိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည့် မြန်မာ့ဆန်နှင့်ပတ်သက်၍ ပြည်တွင်း ပြည်ပ စားသုံးသူများ၏ စိုးရိမ်ထိတ်လန့်မှုနှင့် လေ့လာတွေ့ရှိချက်များ၊ အသင်းချုပ်အနေဖြင့် မီဒီယာများမှတစ်ဆင့် ပြည်သူများသို့ ရှင်းလင်းတင်ပြခဲ့မှု အခြေအနေ၊ ပြည်ပနိုင်ငံများသို့ သင်္ဘောများဖြင့် ဆန်တင်ပို့ခဲ့မှု အခြေအနေ၊ ပြည်ပနိုင်ငံများသို့ ဆန်ကြိတ်ခွဲတင်ပို့မှုလုပ်ငန်းစဉ်တစ်ခုလုံးကို ပြန်လည်သုံးသပ်စိစစ် လေ့လာသွားမည့် အခြေအနေ၊ အလေးချိန်မှန်ကန်ရေး စနစ်တကျ စီစဉ်ဆောင်ရွက်နေမှု၊ နိုင်ငံတကာဆန်ဈေးကွက် အခြေအနေနှင့် မြန်မာ့ဆန်ပုံရိပ်ကို ထိခိုက်မှုမရှိအောင် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာသူများက ဆန်သင်္ဘောတင်ပို့မှုကိစ္စ၊ သင်္ဘောတင်ရန် စစ်ဆေးခြင်းကိစ္စ၊ သယ်ယူပို့ဆောင် သိုလှောင်ခြင်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ အစည်းအဝေးသို့ မြန်မာနိုင်ငံ စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ ပြည်ပသို့ ဆန်တင်ပို့သည့် ကုမ္ပဏီများနှင့် Inspection Agency များမှ ကိုယ်စားလှယ်များ၊ ဆန်စပါးကျွမ်းကျင် ပညာရှင်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**





# နိုင်ငံခြားသားအမြဲနေထိုင်ခွင့် လျှောက်ထားသူများအနက် ဗဟိုကော်မတီက စိစစ်အတည်ပြုပြီးသူများအား လူတွေ့မေးမြန်းအကဲဖြတ်ခြင်းဆောင်ရွက်

**နေပြည်တော် ဧပြီ ၂၃**
မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့် လျှောက်ထားသူများအနက် နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေးဗဟိုကော်မတီက စိစစ်အတည်ပြုပြီးသူများအား လူတွေ့မေးမြန်းအကဲဖြတ်ခြင်းကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ဗဟိုကော်မတီဝင်များနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ရှေးဦးစွာ ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက မြန်မာနိုင်ငံတွင် နိုင်ငံခြားသားများအား ကျွမ်းကျင်ပညာရှင်၊ ရင်းနှီးမြှုပ်နှံသူ၊ မြန်မာနိုင်ငံသားဟောင်းနှင့် ယင်းတို့နှင့် သွေးချင်းဆက်စပ်သူများဟူ၍ အမျိုးအစား လေးမျိုးခွဲခြားသတ်မှတ်ကာ နိုင်ငံခြားသား အမြဲနေထိုင်ခွင့်စနစ် ကျင့်သုံးခွင့်ပြု ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယင်းကဲ့သို့ လျှောက်ထားသူများအား ထုတ်ပြန်ပြဋ္ဌာန်းထားသည့် နည်းဥပဒေနှင့်အညီဖြစ်စေရေးအတွက် လုပ်ငန်းကော်မတီ၊ ဗဟိုကော်မတီတို့က အဆင့်ဆင့် စိစစ်ရွေးချယ်ကာ လူတွေ့မေးမြန်းအကဲဖြတ်၍ အဆင့်ဆင့်အတည်ပြုပြီး အမြဲနေထိုင်ခွင့် ခွင့်ပြုပေးခြင်းဖြစ်ကြောင်း၊ ယခုလည်း ဗဟိုကော်မတီက စိစစ်အတည်ပြုပြီးသူများအား လူကိုယ်တိုင်တွေ့ဆုံမေးမြန်း အကဲဖြတ်ကာ အမြဲနေထိုင်ရန် ခွင့်ပြုသင့်၊ မပြုသင့်ကို ကော်မတီဝင်များအနေဖြင့် ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြရန်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

**တစ်ဦးချင်းတွေ့ဆုံ**

ထို့နောက် ဗဟိုကော်မတီအတွင်းရေးမှူးနှင့် လုပ်ငန်းတာဝန်ခံတို့က နိုင်ငံခြားသား အမြဲနေထိုင်ခွင့် လျှောက်ထားမှုနှင့် ဗဟိုကော်မတီက စိစစ်ပြီးသူများအား လူတွေ့မေးမြန်း အကဲဖြတ်ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးနှင့် ကော်မတီဝင်များက လူတွေ့အကဲဖြတ်ခံရမည့် နိုင်ငံခြားသား အမြဲနေထိုင်ခွင့် လျှောက်ထားသူများအား တစ်ဦးချင်းတွေ့ဆုံ၍ ၎င်းတို့၏ ကိုယ်ရေးအချက်အလက်များ၊ ပြဋ္ဌာန်းထားသည့် နည်းဥပဒေများအပေါ် သိရှိလိုက်နာဆောင်ရွက်နိုင်ရေး အခြေအနေများကို မေးမြန်းဆွေးနွေးကာ အကဲဖြတ်အတည်ပြုဆုံးဖြတ်ကြသည်။

**ခွင့်ပြုပေးခဲ့**

မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာလုပ်ငန်း စတင်ဆောင်ရွက်သည့် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီ ၂၉ ရက်မှ ယခုအထိ နိုင်ငံခြားသား စုစုပေါင်း ၅၉၈ ဦး အမြဲနေထိုင်ခွင့် လျှောက်ထားသည့်အနက် ၄၈၀ အား ခွင့်ပြုပေးခဲ့ပြီး နိုင်ငံခြားသားအမြဲနေထိုင်ခွင့်လက်မှတ်နှင့် ကတ်ပြားများ ထုတ်ပေးဆောင်ရွက်လျက်ရှိသည်။ ယခုအခါ ဗဟိုကော်မတီက စိစစ်အတည်ပြုပြီးသူများအနက် ၂၇ ဦးအား လူတွေ့မေးမြန်းအကဲဖြတ်အတည်ပြုဆောင်ရွက်မည်ဖြစ်ပြီး အတည်ပြုပြီးပါက အထက်အဆင့်ဆင့်သို့တင်ပြ၍ နေထိုင်ခွင့်လက်မှတ်နှင့် ကတ်ပြားများ ထုတ်ပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အပူချိန်မြင့်မားမှုကြောင့် သောက်သုံးရေ လိုအပ်ချက်များအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ထောက်ပံ့ကူညီမှုများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဧပြီ ၂၃**
ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင်လည်း သောက်သုံးရေအခက်အခဲကြုံတွေ့နေရသည့် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ကျေးရွာများအတွက် သောက်သုံးရေ လှူဒါန်းခြင်းကို ၂၀၁၉ ခုနှစ် ဧပြီလအတွင်း ဆောင်ရွက်လျက်ရှိရာ ယနေ့မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဦးဆောင်၍ သောက်သုံးရေ အခက်အခဲကြုံတွေ့နေရသည့် ဇေယျာသီရိမြို့နယ် စက်ကုန်းကျေးရွာရှိ လူဦးရေ ၄၀၂ ဦးအတွက် သောက်သုံးရေဂါလန် ၃၀၀၀၊ ရေသန့်တစ်လီတာဘူး ၈၁၀၊ ရေသန့်ဆေးပြား ၃၀၀၀ လှူဒါန်းခဲ့ပြီး ပြည်သူလူထုနှင့်တွေ့ဆုံ၍ လိုအပ်ချက်များ ဆွေးနွေးမေးမြန်းကာ ဖြည့်ဆည်းပေးနိုင်ရေးကို နေပြည်တော် ကောင်စီနှင့်အတူ ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် နွေရာသီကာလအတွင်း အယ်လ်နီညိုရာသီဥတု ဖြစ်စဉ်ဖြစ်ပေါ်နိုင်ကြောင်း



မိုးလေဝသပညာရှင်များက ခန့်မှန်းခဲ့သည်။ ၎င်းဖြစ်စဉ်၏ အကျိုးသက်ရောက်မှုသည် မြန်မာနိုင်ငံသို့လည်း ရောက်ရှိနိုင်သဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက ၂၀၁၈ ခုနှစ် နိုဝင်ဘာလမှစ၍ ရေရှည်စီမံချက်အဖြစ် မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်း ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန် ပြည်နယ်တို့တွင် ရေတွင်းတူးဖော်ခြင်း၊ အုတ်ရေကန်/မြေသား ရေကန်များ တည်ဆောက်ပေးခြင်း၊ ပြုပြင်ပေးခြင်း၊ ရေသွယ်ယူမှု၊ ရေကန်ပေါင်အား မြေထိန်းနံရံရေတားတမံတည်ဆောက်ပေးမှုများ ဆောင်ရွက်ပေးခြင်း၊ ရေစက်ရုံနှင့် ရေစင်များ တည်ဆောက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ရာ စုစုပေါင်းငွေကျပ် ၆၇၂ ဒသမ ၃၁၉ သန်း ထောက်ပံ့ခဲ့ပြီးဖြစ်သည်။

အလားတူ ၂၀၁၉ ခုနှစ် နွေရာသီကာလအတွင်း အပူချိန်မြင့်မားမှုကြောင့် သောက်သုံးရေရှားပါးမှု ကြုံတွေ့ရနိုင်သည့် ဒေသများအား ၂၀၁၈ ခုနှစ် ဒီဇင်ဘာလမှစ၍ စာရင်းကောက်ယူခြင်း၊ အသိပညာပေးခြင်းများကို ဆောင်ရွက်ခဲ့သည်။ ထို့အပြင် ၂၀၁၉ ခုနှစ် မတ်လမှစ၍ မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် သုံးမြို့နယ်တွင် လူဦးရေ ၉၉၀၀ ခန့်အတွက် ရေဂါလန် ၉၁၂၀၀၊ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ် နှစ်မြို့နယ်တွင် လူဦးရေ ၂၆၀ အတွက် ရေဂါလန် ၁၂၈၀၀၊ ကယားပြည်နယ် အတွင်းရှိ မြို့နယ် လေးမြို့နယ်တွင် လူဦးရေ ၈၂၀၀ ခန့်အတွက် ရေဂါလန် ၇၀၂၀၀ ကို လှူဒါန်းခဲ့ပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနအနေဖြင့် သောက်သုံးရေအခက်အခဲကြုံတွေ့နေရသည့် ဒေသများအား စုံစမ်းသတင်းရယူ၍ ဆက်လက်လှူဒါန်းဆောင်ရွက်လျက်ရှိကြောင်းနှင့် ပြည်သူလူထုအနေဖြင့် သောက်သုံးရေ လိုအပ်ချက်များနှင့် ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ ပေးပို့နိုင်ပါသည်။

## ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း

(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်    )
၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော်    ရက်
( ၂၀၁၉ ခုနှစ်၊ ဧပြီလ    ရက် )

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

၁။ ဤဥပဒေကို ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၂၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

၂၃။ (က) နိုင်ငံတော်သမ္မတက ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအဖြစ် ရွေးချယ်ခန့်ထားခြင်းခံရသူများသည် စတင်တာဝန်မထမ်းဆောင်မီ ပြည်ထောင်စုလွှတ်တော်နာယကရှေ့၌ ကျမ်းသစ္စာ သို့မဟုတ် ကတိသစ္စာပြုရမည်။

(ခ) နိုင်ငံတော်သမ္မတက တိုင်းဒေသကြီးတရားလွှတ်တော် သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီးတရားလွှတ်တော် သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများအဖြစ် ရွေးချယ်ခန့်ထားခြင်းခံရသူများသည် စတင်တာဝန်မထမ်းဆောင်မီ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌရှေ့၌ ကျမ်းသစ္စာ သို့မဟုတ် ကတိသစ္စာပြုရမည်။

(ဂ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည်-

(၁) တရားသူကြီးအဖြစ် ရွေးချယ်ခန့်ထားခြင်းခံရသူများအား တရားသူကြီးအဖြစ် စတင်တာဝန်ပေးသည့်အချိန်တွင် ကျမ်းသစ္စာ သို့မဟုတ် ကတိသစ္စာပြုရန်အတွက် စီစဉ်ဆောင်ရွက်ရမည်။ ကျမ်းသစ္စာ သို့မဟုတ် ကတိသစ္စာပြုခြင်း မဆောင်ရွက်ရသေးသော တရားသူကြီးများအတွက်လည်း ကျမ်းသစ္စာ သို့မဟုတ် ကတိသစ္စာပြုရန်အတွက် စီစဉ်ဆောင်ရွက်ရမည်။

(၂) ပုဒ်မခွဲ (ဂ) ပုဒ်မခွဲငယ် (၁) အရ ရွေးချယ်ခန့်ထားခြင်းခံရသည့် တရားသူကြီးများသည် နေ့စဉ်တရားခွင်တက်ရန် စတင်ဆောင်ရွက်သည့်အချိန်တွင် ကျမ်းသစ္စာ သို့မဟုတ် ကတိသစ္စာပြုရန်အတွက် စီစဉ်ဆောင်ရွက်ရမည်။

(၃) နိုင်ငံတော်အတွင်းရှိ တရားရုံးအားလုံးကို ကြီးကြပ်ကွပ်ကဲရမည်။

(၄) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးနှင့် ခရိုင်တရားရုံးများတွင်ရှိသော အရေးကြီးသော အမှုများကို တရားသူကြီးတစ်ဦးထက်ပိုသော ခုံရုံးဖြင့် စစ်ဆေးစီရင်ရန် ညွှန်ကြားနိုင်သည်။

# သတိထားရမည့် အမှိုက်မီးပွားစလေးများ

■ ကြယ်စင်ဖေသင်

မြန်မာသက္ကရာဇ် ၁၃၈၀ မှ ၁၃၈၁ သို့ကူးပြောင်းတော့မည့် နှစ်သစ်ကူး အတာသင်္ကြန်ကာလ။ သင်္ကြန်အကြတ်နေ့ ညနေခင်း။

လမ်းလျှောက်ထွက်ပြီးပြန်လာချိန် ဖေ့စ်ဘွတ်အကောင့်ကို ဖွင့်ကြည့်လိုက်ချိန်၌ အင်းလျားကန်ပေါင်ပေါ်တွင် ပုသိမ်ထီးဆောင်းထားသည့် လူအချို့၏ ပုံများနှင့် သတင်းတိုလေးများ တက်နေသည်ကို တွေ့ရသည်။ သတင်းကောင်းတော့မဟုတ်ပေ။ ရန်ကုန်မြို့၏ အထင်ကရလမ်းမကြီးဖြစ်သည့် ပြည်လမ်းမပေါ်ရှိ အင်းလျားကန်ပေါင်ပေါ်တွင် လမ်းလျှောက်သင်္ကြန်အတွက် အလှဆင်ထားသော ပုသိမ်ထီးလေးများကို ဖြုတ်ယူဖျက်ဆီးခံရသည့် သတင်းအတိုအစလေးများဖြစ်သည်။ စိတ်ဝင်စားမှုဖြစ်သွားသဖြင့် ရန်ကုန်ရှိ သူငယ်ချင်းမိတ်ဆွေ သုံး၊ လေးဦးထံ မေးမြန်းကြည့်မိသည်။ ပိုသေချာစေရန် ရန်ကုန်မြို့တော်ဝန်ရုံးကို လှမ်းမေးကြည့်သောအခါ အခြေအနေက ပိုသေချာသွားသည်။ ထီးအလက် ၆၀၀ ကျော် အလှဆင်ထားသည့် အနက် အလက် ၄၀၀ ဖြုတ်ယူခံရသည်။ သို့သော် ထီးအချို့ကို ပြန်လည်ရရှိကာ ထိုနေ့ညမှာပင် ပြန်လည်တပ်ဆင်နေသည်ကို တွေ့ရသည်။ သင်္ကြန်ပွဲတော်မပြီးသေး။ သင်္ကြန်အတက်နေ့ ကျင်းပရန်ရှိသေးသဖြင့် ညတွင်းချင်းပြင်ဆင်နေသည့်သတင်းများပါ ထပ်တက်လာသည်ကို တွေ့ရသည်။

အများနှင့်သက်ဆိုင်သည့်နေရာများ၊ အများပြည်သူအတွက် ပြုလုပ်ပေးထားသည့်အရာများ ဖျက်ဆီးခံရခြင်းသတင်းများကို မကြာခဏ ကြားဖူးနေခဲ့ပြီးဖြစ်သည်။ သင်္ကြန်မတိုင်ခင်လောက်ကပင် မန္တလေး ကျုံးနံဘေးလမ်းတစ်လျှောက် တပ်ဆင်ထားသည့် စတီးကြိုး အကာအရံများမှာ တပ်ဆင်ပြီး သိပ်မကြာသည့် အချိန်အတွင်းမှာပင် ပျက်စီးနေသည့်အကြောင်း မန္တလေးသတင်းသမား မိတ်ဆွေတစ်ဦးထံမှ ကြားလိုက်ရသေးသည်။ ယခု ရန်ကုန်အင်းလျားကန်ပေါင်ပေါ်က ပုသိမ်ထီးများ ဖြုတ်သည့်သတင်းမှာမူ အချိန်တိုအတွင်းမှာပင် ဖေ့စ်ဘွတ်သတင်းကွန်ရက်ပေါ်တွင်လည်းကောင်း၊ ထိုမှတစ်ဆင့် အရပ်ထဲသို့လည်းကောင်း အလျင်အမြန် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်သွားသည်။ ရန်ကုန်မြို့၏ အထင်ကရနေရာ၊ လူငယ်လူရွယ်များ သွားရောက်အနားယူအပန်းဖြေရာနေရာ၊ သင်္ကြန်ပွဲတော်အတွင်း လူများစွာ စည်စည်ကားကားရှိနေရာတွင် လမ်းလျှောက်သင်္ကြန်ပွဲတော်အတွက် အလှဆင်ထားသည့်ကိစ္စဖြစ်ခြင်းကြောင့် ပို၍အုတ်အော်သောင်းတင်း ဖြစ်သွားသည်ဟု ထင်သည်။

ပုသိမ်ထီးဖြုတ်ယူသည့်သတင်းနှင့် ပတ်သက်၍ ဖေ့စ်ဘွတ်သတင်းများမှပင် ဝေဖန်သုံးသပ်ထားမှုများကို ဆက်တိုက်ဖတ်ရှုရသည်။ ကဲ့ရဲ့ရှုတ်ချစကားများ၊ ချင့်ချင့်ချိန်ချိန်ဝေဖန်မှုများ၊ အားနည်းချက်များ ထောက်ပြကာ အကြံပြုမှုများ ရှိသကဲ့သို့ စိတ်ခံစားမှုကို ဦးစားပေး၍ ဆိုးဆိုးရွားရွား လွန်လွန်ကဲကဲ အပြစ်တင်ဝေဖန်မှုများကိုလည်း ဖတ်ရသည်။ သို့သော် ထိုသို့ဝေဖန်ပြောဆိုနေသည့် သတင်းတိုလေးများကို ဖတ်ရပြီးနောက် မြန်မာ့လူ့အဖွဲ့အစည်းထဲတွင် အကောင်း၊ အဆိုးကို နားလည်သဘောပေါက်သူတွေ များစွာရှိနေသေးသည်ဟူ၍ အကောင်းမြင်စိတ်ဖြင့် ယေဘုယျ ကောက်ချက်ချမိသည်။ ဖေ့စ်ဘွတ်ပေါ်တွင် တွေ့မြင်ဖတ်ရှုရသည့် လွန်လွန်ကြူးကြူး ပြစ်တင်ရှုတ်ချမှုများမှာ ပြုမူခဲ့သူများအတွက် နာကျင်ခံခက်ဖြစ်ကာ မကျေမနပ်ဖြစ်နိုင်သော်လည်း အကြောင်းအကျိုး ဆက်စပ်ဝေဖန်မှုများ၊ သုံးသပ်အကြံပေးမှုများကို ပြုလုပ်ခဲ့သူများ တွေ့မြင်ဖတ်ရှုခဲ့ပါလျှင် ၎င်းတို့၏လုပ်ရပ်အပေါ် ပြန်လည်စဉ်းစားစရာဖြစ်စေ၍ နားလည်သဘောပေါက် လက်ခံနိုင်မည် ထင်သည်။ ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားသုံးသပ်၊ အကြံပြုချက်များကလည်း သက်ဆိုင်ရာ တာဝန်ရှိသူများအတွက် မြေပြင်ပကတိအခြေအနေကို ချင့်ချိန်မှန်းဆနိုင်သကဲ့သို့ ပြင်ဆင်ဆောင်ရွက်စရာများအတွက် စဉ်းစားစရာများလည်း ရနိုင်သည်။



**မကောင်းမှုပြုလုပ်ခြင်းကို ရှက်ခြင်း၊ ကြောက်ခြင်း အသိတရား၊ နှလုံးသားတို့ ပိုမိုပွားများဖြစ်ထွန်းလာစေရန် ဟီရိသြတ္တပ္ပတရားအဆုံးအမတို့ဖြင့် ပြောဆိုဆုံးမလက်ခံစေခြင်းဖြင့်လည်းကောင်း၊ လူ့အဖွဲ့အစည်းအတွင်း အဖိုးတန်လူသားတစ်ယောက်ဖြစ်စေရန် ပြည်သူ့နီတိသင်ခန်းစာတို့ကို မျှဝေလိုက်နာစေခြင်းဖြင့်လည်းကောင်း၊ အခြားတစ်ဖက်တွင်လည်း စည်းကမ်း၊ ဥပဒေတို့ကို လိုက်နာနိုင်ရေးအတွက် တိတိကျကျ အကောင်အထည်ဖော်၍ သင့်လျော်သော အရေးယူအပြစ်ပေးခြင်းတို့ဖြင့်လည်းကောင်း အဆိုပါမီးပွားစလေးများ ဆက်လက်မကူးစက်သွားစေရေး၊ လုံးဝငြိမ်းသွားစေရေးအတွက် အချိန်မဆိုင်းဘဲ အားထုတ်ဆောင်ရွက်ကြဖို့လို**

လူငယ်လူရွယ်အချို့ အင်းလျားကန်ပေါင်ပေါ်တွင် သင်္ကြန်အမှတ်တရ အလှဆင် ပုသိမ်ထီးများ ဖြုတ်ယူခဲ့သည့်လုပ်ရပ်မျိုးသည် မြန်မာ့လူ့အဖွဲ့အစည်းအတွင်း အများနှင့်သက်ဆိုင်သည့်နေရာများ၌ ဖြစ်လေ့ဖြစ်ထရှိသော အခြေအနေများစွာထဲမှ သာမန်ဖြစ်ရပ်တစ်ခုသာ ဖြစ်သည်။ ထိုအခြေအနေထက် ပိုမိုဆိုးရွားသော ယခင်က မရှိခဲ့ဖူးသော အရှက်တရားမဲ့၊ အကြောက်တရားမရှိ ပြုလုပ်ခဲ့သော ဖြစ်ရပ်များ၊ ရာဇဝတ်မှုများကို လူငယ်လူရွယ်အချို့ ကျူးလွန်ခဲ့သည့် သတင်းများလည်း ကြားဖူးကြပေလိမ့်မည်။ ယခုဖြစ်ရပ်သတင်းမှာ ပျံ့နှံ့လွယ်သော ဖေ့စ်ဘွတ်သတင်းများကြောင့် ရုတ်ခြည်း ဟိုးလေးတကျော်ကျော် ဖြစ်ခဲ့ရခြင်းဖြစ်သည်။ မြန်မာ့လူ့အဖွဲ့အစည်းအတွင်း တဖြည်းဖြည်း ယိုယွင်းပျက်စီးလာနေသော အကျင့်စာရိတ္တဆိုင်ရာအားနည်းလာမှုအတွက် လတ်တလော မီးမောင်းထိုးပြစရာ ဥပမာတစ်ခု ထပ်မံဖြစ်ခဲ့ရလေပြီ။

ထိုကိစ္စသည် အများစိုးရိမ်နေသည့် အကျင့်စာရိတ္တနှင့်သက်ဆိုင်သည့် အခြေခံကျကျကိစ္စ၊ ကျယ်ကျယ်ပြန့်ပြန့် ပြောရလျှင် ပြည်သူ့နီတိ၊ နိုင်ငံသားကျင့်ဝတ်ဆိုင်ရာကိစ္စ၊ ကြီးကြီးကျယ်ကျယ်ပြောရလျှင် အခြေခံပညာရေးကဏ္ဍ၊ စည်းကမ်းဥပဒေနှင့်ဆိုင်သည့် ကိစ္စများဖြစ်သည်။ နောက်ဆုံးဆိုရလျှင် နိုင်ငံသားတစ်ဦးချင်းစီ လိုက်နာရမည့် တာဝန်၊ ဝတ္တရားများနှင့်လည်း တိုက်ရိုက်ပတ်သက်နေသည်။ ဒီမိုကရေစီစနစ်ဖြင့်တည်ဆောက်မည့် လူ့အဖွဲ့အစည်းအတွက် အခြေခံအကျဆုံးနှင့် အရေးအကြီးဆုံးဖြစ်၏။ တစ်နည်းဆိုသော် လူ့အဖွဲ့အစည်းကြီးတစ်ရပ်လုံးကို အနာဂတ်တွင် အကြီးအကျယ်ထိခိုက်စေမည့် ယခုပစ္စုပ္ပန်ကာလ အမှိုက်မီးပွားများစွာထဲမှ မီးပွားတစ်စ ဖြစ်နေပေသည်။

ထိုကဲ့သို့ မီးပွားစလေးများကို ယခုအချိန်ကတည်းက ငြိမ်းသတ်နိုင်မှဖြစ်ပေမည်။ သတိကြီးကြီးထားကာ ကြိုတင်ကာကွယ်မှုများ ပြင်ဆင်လုပ်ဆောင်ရပေမည်။ မည်သို့ပြင်ဆင်လုပ်ဆောင်ကြမည်နည်း။ မှတ်သားလိုက်နာစရာ စာအုပ်စာတမ်း၊ သင်ခန်းစာများစွာ ရှိ၏။ သို့ရာတွင် မြန်မာ့လူ့အဖွဲ့အစည်း၏ အစဉ်အလာ၊ ဓလေ့စရိုက်များ၊ သင်ယူလေ့လာသင့်သည့် ပြည်သူ့နီတိသင်ခန်းစာတို့ကို အသုံးပြုသင့်သည့်နည်းလမ်းကောင်း အချို့အဖြစ် ညွှန်းဆိုအကြံပြုချင်ပါသည်။

မြန်မာ့လူ့အဖွဲ့အစည်းသည် အစဉ်အလာအားဖြင့် ဘာသာတရားအဆုံးအမများကိုလိုက်နာ၍ ဟီရိနှင့် သြတ္တပ္ပ တရားနှစ်ပါးကိန်းအောင်းကာ နေထိုင်သည့် ဓလေ့စရိုက်ရှိခဲ့ပြီးဖြစ်သည်။ ဟီရိနှင့် သြတ္တပ္ပ တရားနှစ်ပါးကို လောကပါလ ကမ္ဘာစောင့်တရားဟူ၍လည်းကောင်း၊ ဖြူစင်သန့်ရှင်း အပြစ်ကင်းအောင် ပြုတတ်သောကြောင့် "သုက္ကဓမ္မ" ဖြူစင်သော တရားဟုလည်းကောင်း ဖတ်ရှုမှတ်သားခဲ့ရ၏။ ပြည်သူ့နီတိသည်လည်း လူ့တန်ဖိုးကို မြှင့်တင်ပေးနိုင်သည့်၊ လူတစ်ဦးစီနှင့် လူ့အဖွဲ့အစည်း၏ ပကတိတန်ဖိုးနှင့် အသုံးဝင်တန်ဖိုးတို့ကို သင်ကြားပြသပေးနိုင်သည့် သင်ခန်းစာများဖြစ်၏။ ထိုအဆုံးအမ၊ သင်ခန်းစာများ မြန်မာ့လူ့အဖွဲ့အစည်းအတွင်း ကျယ်ကျယ်ပြန့်ပြန့် ပျံ့နှံ့လျက် အားလုံး သိရှိလိုက်နာနိုင်စွမ်းရှိပါက




ကောင်းမွန်သည့် လူ့အဖွဲ့အစည်းတစ်ရပ်ကို အတူတကွ တည်ဆောက်နိုင်ကြပေလိမ့်မည်။

မကောင်းမှုပြုလုပ်ခြင်းကို ရှက်ခြင်း၊ ကြောက်ခြင်း အသိတရား၊ နှလုံးသားတို့ ပိုမိုပွားများဖြစ်ထွန်းလာစေရန် ဟီရိသြတ္တပ္ပတရား အဆုံးအမတို့ဖြင့် ပြောဆိုဆုံးမလက်ခံစေခြင်းဖြင့်လည်းကောင်း၊ လူ့အဖွဲ့အစည်းအတွင်း အဖိုးတန်လူသားတစ်ယောက်ဖြစ်စေရန် ပြည်သူ့နီတိသင်ခန်းစာတို့ကို မျှဝေလိုက်နာစေခြင်းဖြင့်လည်းကောင်း၊ အခြားတစ်ဖက်တွင်လည်း စည်းကမ်း၊ ဥပဒေတို့ကို လိုက်နာနိုင်ရေးအတွက် တိတိကျကျ အကောင်အထည်ဖော်၍ သင့်လျော်သော အရေးယူအပြစ်ပေးခြင်းတို့ဖြင့် လည်းကောင်း အဆိုပါ မီးပွားစလေးများ ဆက်လက်ကူးစက်မသွားစေရေး၊ လုံးဝငြိမ်းသွားစေရေးအတွက် အချိန်မဆိုင်းဘဲ အားထုတ်ဆောင်ရွက်ကြဖို့ လိုပေသည်။

ယနေ့ကာလသည် မြန်မာ့လူ့အဖွဲ့အစည်း၏ ဒီမိုကရေစီလူ့အသိုက်အဝန်းဆီသို့ ဦးတည်လျှောက်လှမ်းနေသော အချိန်အခါဖြစ်သည်။ ဒီမိုကရေစီလူ့အဖွဲ့အစည်းတစ်ရပ်ဆီသို့ အောင်မြင်စွာရောက်ရှိနိုင်မှုသည် နိုင်ငံသူနိုင်ငံသားအားလုံး၏ အသိပညာ၊ ယဉ်ကျေးမှုအဆင့်အတန်းပေါ်တွင် မူတည်သည်ဟုဆိုပါလျှင် အဆိုပါပန်းတိုင်သို့ လျင်လျင်မြန်မြန်ရောက်ရှိစေရေးအတွက် မြန်မာ့လူ့အဖွဲ့အစည်းအတွင်းရှိ ပြည်သူပြည်သားအားလုံး အသိပညာနှင့် ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားရေးကို မဖြစ်မနေ အားထုတ်ကြရမည်။ သို့ရာတွင် မြန်မာ့လူ့အဖွဲ့အစည်းအတွင်း၌ အားလုံး အားထုတ်လေ့ကျင့်နေသည့် ဒီမိုကရေစီအပြုအမူများနှင့် မျှော်မှန်းနေသည့် ဒီမိုကရေစီ လူ့အသိုက်အဝန်းကို ထိခိုက်ပျက်စီးစေနိုင်သည့် မီးပွားစလေးများစွာ ဖြစ်ပွားကျရောက်လျက်ရှိနေသည်။

အမှိုက်မီးပွားမှစခဲ့သည့် မီးတောက်ငယ်ကို သတိမပြုမိ၊ အချိန်မီ မငြိမ်းသတ်နိုင်ခဲ့သော် ကြီးမားသော ပြာသာဒ်ကြီးပင်လျှင် မီးလောင်ပျက်စီးတတ်သည် မဟုတ်ပါလော။ ဤအချက်ကို နိုင်ငံသားအားလုံး ကောင်းစွာနားလည်သဘောပေါက်၍ တာဝန်ရှိအဖွဲ့အစည်းများသည်လည်းကောင်း၊ တာဝန်သိ နိုင်ငံသူ နိုင်ငံသားများသည်လည်းကောင်း မိမိတို့ဝန်းကျင်တွင် ဖြစ်ပွားနေသော မီးပွားစလေးများကို မှန်ကန်သောနည်းလမ်းဖြင့် ကြိုတင်ငြိမ်းသတ်နိုင်ပါစေကြောင်း ဆန္ဒမွန်ဖြင့် အကြံပြုတိုက်တွန်းရေးသားအပ်ပေသတည်း။ ။

# ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရေး၊ နယ်စပ်နှင့်တောင်တန်းဒေသများတွင် သာသနာပြုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးနှင့် နေပြည်တော်ရှိ ဓမ္မသာလာနှစ်ထပ်ဆောင် တည်ဆောက်ရေးတို့အတွက် အလှူငွေများ ပေးအပ်လှူဒါန်း



**ရန်ကုန် မေ ၂၃**
ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရေး၊ နယ်စပ်နှင့်တောင်တန်းဒေသများတွင် သာသနာပြုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးနှင့် နေပြည်တော်ရှိ ဓမ္မသာလာနှစ်ထပ်ဆောင် တည်ဆောက်ရေးတို့အတွက် အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ကမ္ဘာအေးစေတီလမ်းရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (ရန်ကုန်ရုံးခွဲ) ဧည့်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အလှူရှင် ဦးဇော်မိုးခိုင်-ဒေါက်တာစောနေနွယ် (AA Medical Product Ltd. နှင့် Pacific AA Foundation) မိသားစုက ထာဝရငြိမ်းချမ်းရေးစေတီတော်တည်ထားကိုးကွယ်ရေးအတွက် ငွေကျပ် သိန်း ၂၀၀၀၊ နယ်စပ်နှင့် တောင်တန်းဒေသများတွင် သာသနာပြုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ငွေကျပ်သိန်း ၄၀၀ နှင့် နေပြည်တော်ရှိ ဓမ္မသာလာနှစ်ထပ်ဆောင် တည်ဆောက်ရေးအတွက် ငွေကျပ် သိန်း ၁၀၀၊ ဦးဝင်းဖေ - ဒေါ်ရွှေချော၊ သမီး မနီလာ၊ သီဟသုဓမ္မသိင်္ဂီ မနန်းဝါမိသားစုက ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရေးအတွက် ငွေကျပ် သိန်း ၁၀၀၀၊ နေပြည်တော်ရှိ ဓမ္မသာလာ နှစ်ထပ်ဆောင် တည်ဆောက်ရေးအတွက် ငွေကျပ် သိန်း ၁၀၀၊ ဦးသိန်းဝင်းဇော်-သီဟသုဓမ္မသိင်္ဂီ ဒေါ်တင်လတ်မင်း၊ သားမောင်ဝင်းပိုင်ကျော်၊ သမီး မသိမ့်ဝင်းထက် (ရွှေဗျိုင်းဖြူကုမ္ပဏီလီမိတက်) မိသားစုက ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရေး၊ နယ်စပ်နှင့် တောင်တန်းဒေသများတွင် သာသနာပြုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးနှင့် နေပြည်တော်ရှိ ဓမ္မသာလာနှစ်ထပ်ဆောင် တည်ဆောက်ရေးတို့အတွက် ငွေကျပ် သိန်း ၁၀၀ စီနှင့် ရန်ကုန်မြို့ သာသနာရေးဦးစီးဌာန ဝန်ထမ်းအိမ်ရာ လျှပ်စစ်မီးတပ်ဆင်ရေးအတွက် ငွေကျပ် သိန်း ၂၀ တို့ကို ပေးအပ်လှူဒါန်းကြရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးတို့က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက လှူဒါန်းမှုတို့အတွက် ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားသည်။

**သတင်းစဉ်**



# မိုင်းဖြတ်မြို့နယ် နမ့်ပန်ကျေးရွာအုပ်စုအတွင်း လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်လေးလုံး ပျက်စီး

**မိုင်းဖြတ် မေ ၂၃**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် နမ့်ပန်ကျေးရွာအုပ်စုအတွင်း မေ ၂၃ ရက် နံနက်ပိုင်းက ရုတ်တရက် လေပြင်းတိုက်ခတ်မှုကြောင့် ဘူးဖာကျေးရွာနှင့် အေးဆုဒေကျေးရွာများရှိ လူနေအိမ်လေးလုံး ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ရုတ်တရက် လေပြင်းတိုက်ခတ်မှုကြောင့် မိုင်းဖြတ်မြို့နယ် နမ့်ပန်ကျေးရွာအုပ်စုအတွင်းရှိ ဘူးဖာကျေးရွာတွင် ပျဉ်ကာ သွပ်မိုး နေအိမ်တစ်လုံး၊ အေးဆုဒေကျေးရွာတွင် နေအိမ်သုံးလုံး စုစုပေါင်း လူနေအိမ်လေးလုံး ပျက်စီးဆုံးရှုံးခဲ့ပြီး လူနှင့် တိရစ္ဆာန်များ ထိခိုက်ဆုံးရှုံးမှုမရှိကြောင်း သိရသည်။

**ရှောလမွန်(မိုင်းဖြတ်)**

# စစ်တွေမြို့အထွေထွေရောဂါကုဆေးရုံ ခုတင် ၅၀၀ တွင် အပူလျှပ်လူနာများအား အချိန်မီကုသပေးနိုင်ရန် ပြင်ဆင်ဆောင်ရွက်ထား

**စစ်တွေ မေ ၂၃**
ဧပြီလအတွင်း နေ့အပူချိန်မြင့်မားနေပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကလည်း အပူဒဏ်ကြိုတင်ကာကွယ်ရေးအသိပေးကြေညာထားသည့်အလျောက် စစ်တွေမြို့အထွေထွေရောဂါကုဆေးရုံ ခုတင် ၅၀၀ တွင် အပူလျှပ်လူနာများ ရောက်လာပါက အချိန်မီကုသနိုင်ရန် ပြင်ဆင်ဆောင်ရွက်ထားကြောင်း ယင်းဆေးရုံအုပ်ရုံးမှ သိရသည်။

"အပူလွန်ကဲမှုကြောင့်ဖြစ်တဲ့ အပူလျှပ် (Heat Stroke) လူနာတွေကို ထိရောက်စွာ ကုသနိုင်ဖို့အတွက် သီးသန့်ခန်း နှစ်ခန်းစီစဉ်ထားပါတယ်။ အပူဒဏ်အန္တရာယ်ကာကွယ်ကုသရေးလုပ်ငန်းလမ်းညွှန်တွေကိုလည်း ဆေးရုံရှိ ဌာနပေါင်းစုံကို ပေးပို့ထားပြီး ဖြစ်ပါတယ်၊ လူနာရောက်လာရင် အရေးပေါ်ကုသဌာန၊ ပြင်ပလူနာဌာနမှ ဆရာဝန်၊ ဆရာမတွေကို ဆေးရုံအုပ်ရုံးကို အကြောင်းကြားပြီး အချိန်မီကုသနိုင်ဖို့ ညွှန်ကြားထားပါတယ်။ နောက်ပြီး သက်ဆိုင်ရာ အထူးကုတွေနဲ့ ဆရာဝန် ဆရာမတွေက လူနာအခြေအနေကို ကြည့်ရှုပြီး အချိန်နဲ့တစ်ပြေးညီ ကုသသွားနိုင်ဖို့ စီစဉ်ထားပါတယ်၊ လူနာသက်သာလာပြီဆိုရင်တော့ အရေးပေါ်ဌာနကနေ သက်ဆိုင်ရာဆေးကုသဆောင်တွေကို ပို့ဆောင်ပြီး ဆက်လက်ကုသစစ်ဆေးသွားမှာ ဖြစ်ပါတယ်။ ဒီနေ့အထိတော့ အပူလျှပ်လူနာရောက်ရှိလာခြင်း မရှိသေးပါဘူး၊ ဒါပေမယ့် အဘက်ဘက်က ကြိုတင်ပြင်ဆင်ထားပြီးဖြစ်ပါတယ်" ဟု စစ်တွေဆေးရုံအုပ် ဒေါက်တာထွန်းထွန်းဝင်းက ပြောကြားသည်။

စစ်တွေမြို့အထွေထွေရောဂါကုဆေးရုံ ခုတင် ၅၀၀ တွင် သက်ဆိုင်ရာ အထူးကုဆရာဝန်၊ လက်ထောက်ဆရာဝန်များ၊ သူနာပြုဆရာ ဆရာမများနှင့် ကျွမ်းကျင်ကျန်းမာရေးဝန်ထမ်းများက လူနာများအား ဆေးကုသစောင့်ရှောက်ပေးလျက်ရှိကြောင်း သိရသည်။

**အောင်ကျော်ဦး၊ ဖိုးသန့်**



**တာချီလိတ်မြို့နယ်တွင် မေ ၂၃ ရက် ညနေပိုင်းက မိုးသည်းထန်စွာ ရွာသွန်းမှုနှင့်အတူ မိုးသီးများ ကျရောက်ခဲ့သည်ကို တွေ့ရစဉ်။**
မောင်ယဉ်ကျေး



# အမှတ် (၂) လုံခြုံရေး ရဲကွပ်ကဲမှုအဖွဲ့ (၄၅)ကြိမ်မြောက် စုပေါင်းသွေးလှူ

**ရန်ကုန် မေ ၂၃**
အမှတ်(၂)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ ကွပ်ကဲရေးမှူး ရဲမှူးချုပ်တင်ကိုကို၏ စီစဉ်ညွှန်ကြားမှုဖြင့် (၄၅)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းမှုကို ယနေ့နံနက်ပိုင်းက ဆေးရုံကြီး လေးခု၌ တစ်ပြိုင်တည်းဆောင်ရွက်ခဲ့ကြသည်။

အမှတ်(၂) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ ဒုတိယကွပ်ကဲရေးမှူး ရဲမှူးကြီးသန်းဝင်း၊ အမှတ်(၃) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှူး ယာယီဒုတိယရဲမှူးကြီး ကျော်ဝင်းအောင်၊ အမှတ်(၆) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီးပြည့်စုံ၊ အမှတ်(၉) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီးအောင်မြင့်ဌေး၊ အမှတ်(၅) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ဌာနချုပ် တပ်ခွဲမှူး ယာယီရဲမှူးငြိမ်းချမ်းတို့ လိုက်ပါလျက် တပ်ဖွဲ့ဝင်များက ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာန၌ လည်းကောင်း၊ အမှတ်(၄) လုံခြုံရေး ရဲကွပ်ကဲမှုအဖွဲ့ခွဲမှူး ယာယီရဲမှူးကြီးရဲခိုင်၊ အမှတ်(၈) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှူး ယာယီဒုတိယရဲမှူးကြီးမင်းဝင်းစိုး၊ အမှတ်(၂၂) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှူး ယာယီ ဒုတိယရဲမှူးကြီးရန်နိုင်ထွန်း၊ အမှတ်(၇) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ဒုတိယတပ်ဖွဲ့ခွဲမှူး ရဲမှူးအောင်မြင့်မြတ်တို့ လိုက်ပါလျက် တပ်ဖွဲ့ဝင်များက မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီး၌ လည်းကောင်း၊ အမှတ်(၁၅) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီးနေမျိုးသူ ဦးစီး၍ တပ်ဖွဲ့ဝင်များက မော်လမြိုင်ပြည်သူ့ဆေးရုံကြီး၌ လည်းကောင်း၊ အမှတ်(၂၂) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ဌာနချုပ်တပ်ခွဲမှူး ယာယီရဲမှူးမြင့်ဝင်း ဦးစီး၍ တပ်ဖွဲ့ဝင်များက ဘားအံပြည်သူ့ဆေးရုံကြီး၌ လည်းကောင်း စုစုပေါင်း တပ်ဖွဲ့ဝင် မိသားစု ၃၅၅ ဦးတို့သည် တစ်နေ့တည်း တစ်ပြိုင်တည်း စုပေါင်းသွေးလှူဒါန်းခဲ့ကြသည်။

၂၀၁၅ ခုနှစ် ဇွန်လမှစ၍ လစဉ် စုပေါင်းသွေးလှူဒါန်းခဲ့ရာ ယခု (၄၅) ကြိမ်မြောက်အထိ တပ်ဖွဲ့ဝင်မိသားစု စုစုပေါင်း ၁၅၄၃၅ ဦး လှူဒါန်းခဲ့ကြောင်း သိရသည်။

**မြင့်စိုး**

# မြန်မာနိုင်ငံ၏ ပထမဆုံးသောတိရစ္ဆာန်ရောဂါ ထိန်းချုပ်စောင့်ကြည့်စစ်ဆေးရေးစခန်း ရှမ်းပြည်နယ်မြောက်ပိုင်း ကွတ်ခိုင်မြို့၌ ဖွင့်လှစ်



**နေပြည်တော် ဧပြီ ၂၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသည် တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ ပြည်ပသို့ တရားဝင်တင်ပို့ရာတွင် မရှိမဖြစ် လုပ်ငန်းစဉ်တစ်ခုဖြစ်သော တိရစ္ဆာန်ရောဂါထိန်းချုပ်စောင့်ကြည့်စစ်ဆေးရေးစခန်း (Animal Quarantine Station)ကို ဧပြီ ၂၂ ရက် နံနက်ပိုင်းက ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့၌ ဖွင့်လှစ်ခဲ့သည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် တာဝန်ရှိသူများသည် တိရစ္ဆာန်ရောဂါ ထိန်းချုပ်စောင့်ကြည့်စစ်ဆေးရေးစခန်း (Animal Quarantine Station) ဆိုင်းဘုတ်ကို စက်ခလုပ်နှိပ်ဖွင့်လှစ်၍ စစ်ဆေးရေးစခန်းအား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

**တည်ထောင်ဖွင့်လှစ်**

ထို့နောက် ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက မွေးမြူသူတောင်သူများ ထိုက်သင့်သည့် အကျိုးအမြတ်ရရှိစေရန် နိုင်ငံတော်အစိုးရအနေဖြင့် ကျွဲ၊ နွားများ တရားဝင်တင်ပို့ရောင်းချနိုင်ရန် ၂၀၁၇ ခုနှစ် အောက်တိုဘာ ၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၉/၂၀၁၇) ကို ထုတ်ပြန်ပြီး ခွင့်ပြုပေးခဲ့ကြောင်း၊ ရောင်းလိုအားနှင့် ဝယ်လိုအားကို အခြေခံပြီး ကျွဲ၊ နွားများ တရားဝင်တင်ပို့ရောင်းချနိုင်ရန်စီမံဆောင်ရွက်ခြင်းနှင့်အတူ တစ်ဖက်တွင်လည်း တစ်နိုင်ငံမှ တစ်နိုင်ငံသို့ တိရစ္ဆာန်များ ကုန်သွယ်မှုပြုလုပ်ရာတွင် နိုင်ငံတကာစံနှုန်းနှင့်အညီ လိုအပ်သည့် စစ်ဆေးမှုများကို ပြုလုပ်ပြီး ထိန်းသိမ်းစောင့်ကြည့်သွားခြင်းဖြင့် နယ်စပ်ဖြတ်ကျော် တိရစ္ဆာန်ကူးစက်ရောဂါများကို ထိန်းချုပ်ရန် လိုအပ်လာသဖြင့် ယခုကဲ့သို့ တိရစ္ဆာန်ရောဂါထိန်းချုပ်စောင့်ကြည့်စစ်ဆေးရေးစခန်းကို ဖွင့်လှစ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျွဲ၊ နွားများ ပြည်ပသို့ တင်ပို့ရောင်းချရာတွင် တိရစ္ဆာန်ရောဂါကူးစက်ပြန့်ပွားမှု မဖြစ်ပွားစေရေး မိတ်ဖက်အဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပ ပညာရှင်များနှင့် တိုင်ပင်ဆွေးနွေးပြီး ဆောင်ရွက်ရမည့် လုပ်ထုံး၊ လုပ်နည်းနှင့် စည်းမျဉ်း၊ စည်းကမ်းများ ချမှတ်ခြင်း၊ အမှတ်အသားတပ်ဆင်ပေးခြင်း၊ ကာကွယ်ဆေးထိုးပေးခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်း၊ စစ်ဆေးပြီးကြောင်း ထောက်ခံချက်လက်မှတ်ထုတ်ပေးခြင်း၊ Animal Quarantine Certificate ထုတ်ပေးခြင်း စသည့် လုပ်ငန်းများကို ဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်သည့်အတွက် ယခုကဲ့သို့ Animal Quarantine Station တည်ထောင်ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

**စစ်ဆေးမှုများ ပြုလုပ်သွားမည်**

နယ်စပ်ဖြတ်ကျော် တိရစ္ဆာန်ကူးစက်ရောဂါများကို ထိန်းချုပ်နိုင်ရန်အတွက် ကုန်သွယ်မှုပြုလုပ်နိုင်သော ကျွဲ၊ နွားများကို နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ တိရစ္ဆာန်ရောဂါထိန်းချုပ်စောင့်ကြည့်စစ်ဆေးရေးစခန်းတွင် ထိန်းသိမ်းထားရှိ၍ လိုအပ်သည့် စစ်ဆေးမှုများကို ပြုလုပ်သွားမည်ဖြစ်သည်။

ယင်းနောက် Bliss Myanmar International Co., Ltd. မှ တာဝန်ရှိသူများက မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းအား တိရစ္ဆာန်ရောဂါထိန်းချုပ်စောင့်ကြည့်စစ်ဆေးရေးစခန်းဆိုင်ရာ အဆောက်အအုံများနှင့် စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ပြည်သူများက ဆွေးနွေးတင်ပြကြသည်များကို ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တိရစ္ဆာန်ရောဂါထိန်းချုပ်စောင့်ကြည့်စစ်ဆေးရေးစခန်း (AQS) အတွင်း လှည့်လည်ကြည့်ရှုခဲ့သည်။

**ထပ်မံတည်ဆောက်သွားမည်**

ယခုဖွင့်လှစ်သည့် တိရစ္ဆာန်ရောဂါထိန်းချုပ်စောင့်ကြည့်စစ်ဆေးရေးစခန်း ကွတ်ခိုင်ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် Mini Budget အတွင်း ဌာန၏ ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး လာမည့်ဘဏ္ဍာနှစ်တွင် ကရင်ပြည်နယ် ကော့ကရိတ်မြို့၌ တိရစ္ဆာန်ရောဂါထိန်းချုပ်စောင့်ကြည့်စစ်ဆေးရေးစခန်းတစ်ခု ထပ်မံတည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ပြည်ပသို့ ကျွဲ၊ နွား တင်ပို့မှုများကြောင့် ပြည်တွင်းစားသုံးမှုပမာဏ မထိခိုက်စေရေး၊ နိုင်ငံတွင်းရှိ အရင်းအမြစ်များ မကုန်ခမ်းစေရေးနှင့် ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီသည့် မွေးမြူရေးလုပ်ငန်းများ ဖြစ်ထွန်းလာစေရေးအတွက် ကျွဲ၊ နွားများ တိုးချဲ့မွေးမြူစေရေး၊ မျိုးထိန်းမျိုးမြှင့်ရေး၊ အစာနှင့်စားကျက်လုံလောက်စေရေး၊ မေထုန်မဲ့သားစပ်ခြင်းနှင့် သဘာဝသားစပ်လုပ်ငန်းများ တိုးတက်စေရေးစသည့် လုပ်ငန်းကဏ္ဍများကိုလည်း စနစ်တကျစီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ကျွန်ုပ်တို့၏ ပိုးလမ်းမ ဓာတ်ပုံပြပွဲ၊ ဖွင့်ပွဲနှင့် မြန်မာ-တရုတ်နှစ်နိုင်ငံ ပူးပေါင်းရိုက်ကူးမည့် ပုဂံရတနာသိုက် ရုပ်ရှင်ဇာတ်ကား စာနယ်ဇင်းမိတ်ဆက်




**ရန်ကုန် ဧပြီ ၂၃**

"ကျွန်ုပ်တို့၏ ပိုးလမ်းမ"ဓာတ်ပုံပြပွဲ၊ ဖွင့်ပွဲနှင့် မြန်မာ-တရုတ်နှစ်နိုင်ငံ ပထမဦးဆုံး ပူးပေါင်းရိုက်ကူးသည့် "ပုဂံရတနာသိုက်" ရုပ်ရှင်ဇာတ်ကား စာနယ်ဇင်းမိတ်ဆက်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ အလုံမြို့နယ် မင်းရဲကျော်စွာလမ်းရှိ တရုတ်ယဉ်ကျေးမှုစင်တာ၌ ကျင်းပသည်။

**ချိတ်ဆွဲပြသသွားမည်**

တရုတ်-မြန်မာနှစ်နိုင်ငံ သံတမန်ဆက်ဆံမှုထူထောင်ခြင်း ၂၀၂၀ ပြည့်နှစ်တွင် နှစ် ၇၀ ပြည့် အထိမ်းအမှတ်နှင့် ဒုတိယအကြိမ် "Belt and Road Initiative" ထိပ်သီးအစည်းအဝေး ပေကျင်းမြို့၌ ကျင်းပခြင်းကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အဆိုပါအခမ်းအနားကို ကျင်းပခြင်းဖြစ်ပြီး "ကျွန်ုပ်တို့၏ပိုးလမ်းမ" ဓာတ်ပုံပြပွဲကို တရုတ်ယဉ်ကျေးမှုစင်တာ၌ ယနေ့မှစတင်ကာ မေလလယ်အထိ ချိတ်ဆွဲပြသသွားမည်ဖြစ်သည်။

**မည်သူမဆို လာရောက်ကြည့်ရှုနိုင်**

ယင်းဓာတ်ပုံပြပွဲတွင် ပဉ္စမအကြိမ်မြောက် ကမ္ဘာ့ဓာတ်ပုံပြပွဲကြီး၏ ဓာတ်ပုံဆရာ ၃၃၀ ကျော်တို့ ရိုက်ထားသော ထူးခြားပြောင်မြောက်လှသည့် ဓာတ်ပုံပေါင်း ၈၀၀၀ ကျော်အနက်မှ ဓာတ်ပုံ ၆၀ ကို ရွေးချယ်ပြသထားခြင်းဖြစ်ကာ ယင်းတို့အနက် မြန်မာနိုင်ငံမှ ဓာတ်ပုံလေးပုံ ပါဝင်ကြောင်း သိရသည်။

ပြပွဲတွင် ပြသထားသော ဓာတ်ပုံများသည် ပိုးလမ်းမကြီးပေါ်ရှိ မတူညီသော နိုင်ငံနှင့် လူမျိုးစုများ၏ သဘာဝရှုခင်း၊ လူမှုယဉ်ကျေးမှုနှင့် ချမ်းမြေ့သာယာဖွယ်ကောင်းသော ဘဝအတွက် ကြိုးပမ်းအားထုတ်မှုများကို ဖော်ပြထားခြင်းဖြစ်ရာ မည်သူမဆို လာရောက်လေ့လာ ကြည့်ရှုနိုင်ကြောင်း သိရသည်။

**စတင်ရိုက်ကူးတော့မည်**

ထို့အတူ မြန်မာ-တရုတ်နှစ်နိုင်ငံ ပထမဦးဆုံး ပူးပေါင်းရိုက်ကူးမည့် "ပုဂံရတနာသိုက်" ရုပ်ရှင်ဇာတ်ကားကို ခြောက်လခန့် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ပြီးနောက် မြန်မာနိုင်ငံတွင် စတင်ရိုက်ကူးတော့မည်ဖြစ်ကြောင်း ယနေ့အခမ်းအနားမှ သိရသည်။

အဆိုပါရုပ်ရှင်ဇာတ်ကားကို မြန်မာနိုင်ငံမှ Brave Empire Entertainment နှင့် တရုတ်နိုင်ငံ Beijing Trawind Division ကုမ္ပဏီတို့ ပူးပေါင်းစီစဉ်ရိုက်ကူးသွားမည်ဖြစ်ပြီး နှစ်နိုင်ငံမှ ထူးချွန်ပြောင်မြောက်သော ဇာတ်ညွှန်းရေးဆရာနှင့် ဒါရိုက်တာအဖွဲ့များ အတူတကွ ပူးပေါင်းရိုက်ကူးသွားမည်ဖြစ်သည်။

ယင်းဇာတ်ကားတွင် မြန်မာနိုင်ငံမှ နာမည်ကြီးရုပ်ရှင်သရုပ်ဆောင် နိုင်းနိုင်း၊ ဝတ်မှုံရွှေရည်၊ ဟောင်ကောင်မှ ဝါရင့်သရုပ်ဆောင် Billy Lau၊ တရုတ်နိုင်ငံမှ သရုပ်ဆောင်သစ် Anqi Fu-He တို့နှင့်အတူ နှစ်နိုင်ငံသရုပ်ဆောင်များ ပါဝင်မည်ဖြစ်ပြီး ယင်းဇာတ်ကားကို တရုတ်နိုင်ငံ၊ မြန်မာနိုင်ငံနှင့် အခြား အရှေ့တောင်အာရှနိုင်ငံများတွင် ရုံတင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

ဇာတ်လမ်းအကျဉ်းမှာ တရုတ်လူငယ်တစ်ဦး မြန်မာနိုင်ငံတွင် ရတနာသိုက်များ လာရောက်ရှာဖွေချိန်တွင် မြန်မာနှင့် တရုတ်လူငယ်များ အတူတကွ ရင်ဆိုင်ရသည့် ဟာသဇာတ်လမ်းနှင့် စိတ်လှုပ်ရှားရသည့် အတွေ့အကြုံများကို ရိုက်ကူးထားခြင်းဖြစ်သည်။

**ပုံဖော်ပြသနိုင်မည်ဖြစ်**

ဇာတ်လမ်းစီစဉ်သူ Jackie Ran ပြောကြားချက်အရ ဇာတ်ကွက်များ ပြသသည့်တစ်ချိန်တည်းမှာပင် မြန်မာနိုင်ငံ၏ လှပသော နိုင်ငံပုံရိပ်၊ ကြွယ်ဝလှသော ယဉ်ကျေးမှုသမိုင်းကြောင်း၊ ရိုးသားဖြူစင်လှသော ပြည်သူများနှင့် ပေါ်များစုံလင်လှသော ခရီးသွားအရင်းအမြစ်များကိုပါ ပုံဖော်ပြသနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ခြင်းသည် မြန်မာနှင့် တရုတ်နိုင်ငံတို့အကြား ရုပ်ရှင်ပူးပေါင်းဆောင်ရွက်မှုတစ်ခုသာမက ရုပ်ရှင်မှတစ်ဆင့် မြန်မာနိုင်ငံ၏ နိုင်ငံတကာအပေါ် သက်ရောက်မှုကိုပါ မြှင့်တင်ပေးနိုင်ကာ မြန်မာနှင့် တရုတ်နိုင်ငံအကြား ယဉ်ကျေးမှုဖလှယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးများကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း အဆိုပါ အခမ်းအနားမှ သိရသည်။

**သတင်း-ဇော်ကြီး**
**ဓာတ်ပုံ-ဖေဇော်**

# ချန်ပီယံ မြန်မာ ယူ-၁၈ အသင်း ပြန်လည်ရောက်ရှိ

**ရန်ကုန် ဧပြီ ၂၃**
ဟောင်ကောင်ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ဟောင်ကောင် ယူ-၁၈ ဖိတ်ခေါ်ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည့် မြန်မာ ယူ-၁၈ အသင်းသည် ယနေ့ညနေပိုင်းက ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။ အောင်ပွဲရ မြန်မာ ယူ-၁၈ အသင်းကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်သည်။

ချန်ပီယံ မြန်မာ ယူ-၁၈ အသင်းတွင် အုပ်ချုပ်သူ- ဦးရဲဝင်းအောင်၊ နည်းပြချုပ်- ဦးစိုးမြတ်မင်း၊ လက်ထောက်နည်းပြ ဦးမင်းမင်းထွန်း၊ ဂိုးနည်းပြ ဦးစိန်အေး၊ **ဂိုး-** နေလင်းထက်၊ ပြည့်ဖြိုးသူ၊ **နောက်တန်း-** ရဲထက်အောင်၊ စည်သူမိုးခန့်၊ ကောင်းခန့်ကျော်၊ ဉာဏ်လင်းထက်၊ ရှင်းသန့်အောင်၊ ဝေယံစိုး၊ **အလယ်တန်း-** ရန်ကျော်စိုး၊ ဇော်ဝင်းသိန်း၊ အောင်ကိုဦး၊ ပြည့်ဖြိုးအောင်၊ ရန်နိုင်လင်း၊ နောင်နောင်စိုး၊ သူရအောင်၊ ရဲမင်းကျော်၊ **ရှေ့တန်း-** စောကျော်အဲ၊ ညီညီ၊ လမင်းထွေး၊ ဩဘာခတို့ ပါဝင်ကြသည်။

မြန်မာ ယူ-၁၈ အသင်းသည် ဟောင်ကောင်ဖိတ်ခေါ်ပြိုင်ပွဲတွင် ရှုံးပွဲမရှိဘဲ နှစ်ပွဲနိုင်၊ တစ်ပွဲသရေ ခုနစ်မှတ်ဖြင့် ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၁၈ အသင်းသည် အိမ်ရှင်ဟောင်ကောင်အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ စင်ကာပူအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရကာ ဗီယက်နမ်အသင်းနှင့် ဂိုးမရှိသရေကျပြီး ခုနစ်မှတ်ဖြင့် ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။



မြန်မာ ယူ-၁၈ အသင်းသည် မတ်လက ယှဉ်ပြိုင်သည့် ဗီယက်နမ် ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲတွင် အောင်မြင်မှုမရခဲ့သော်လည်း ယခုပြိုင်ပွဲတွင် ချန်ပီယံဆုရယူနိုင်ခဲ့ခြင်းဖြစ်သည်။ **သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

# မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ်အဖြစ် ရာဒူလိုဗစ်အား ၂၀၂၀ နှစ်ကုန်အထိ စာချုပ်ချုပ်ဆို

**ရန်ကုန် ဧပြီ ၂၃**
မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ်သစ်အဖြစ် မွန်တီနီဂရိုးနိုင်ငံသား ရာဒူလိုဗစ်အား ၂၀၂၀ နှစ်ကုန်ပိုင်းအထိ စာချုပ်ချုပ်ဆိုခဲ့ပြီး မိတ်ဆက်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မြန်မာအသင်းနည်းပြချုပ်သစ် ရာဒူလိုဗစ်က "မြန်မာအသင်းအတွက် နည်းပြခေါ်တဲ့အချိန်မှာ လျှောက်ထားခဲ့သလို ခန့်အပ်ခံရတဲ့အတွက်လည်း အကောင်းဆုံးဖြစ်အောင် ပြင်ဆင်သွားမှာပါ။ မြန်မာအသင်းနည်းပြချုပ်ဖြစ်လာတဲ့အတွက် ဝမ်းသာပါတယ်။ ကျွန်တော်အနေနဲ့ မြန်မာအသင်းနဲ့ ရင်ဆိုင်ဖူးသလို မြန်မာ့ဘောလုံးအကြောင်းကိုလည်း လေ့လာထားပါတယ်။ အခုအချိန်မှာ ကျွန်တော်ပြောနိုင်တာက မြန်မာအသင်းကို အကောင်းဆုံးအနေအထားရအောင် တည်ဆောက်သွားမှာပါ။ ဘယ်လိုအောင်မြင်မှုရယူပေးမလဲဆိုတာထက် အကောင်းဆုံးအနေအထားတစ်ခုရောက်အောင် တည်ဆောက်သွားမှာပါ။ ဒါပေမယ့် အချိန်တစ်ခုတော့ လိုပါတယ်။ ကျွန်တော်အနေနဲ့ ကမ္ဘာ့ဖလား၊ အာရှဖလားခြေစစ်ပွဲ၊ ၂၀၂၀ ဆူဇူကီးဖလားပြိုင်ပွဲတို့အတွက် ပြင်ဆင်ရမှာဖြစ်ပြီး ခြေစမ်းပွဲများများကစားပြီး လိုအပ်တာတွေ၊ အားနည်းတာတွေကို ပြင်ဆင်သွားမှာပါ။ ဒါကြောင့် ခြေစမ်းပွဲတွေ များများကစားခွင့်ရဖို့ တောင်းဆိုထားပါတယ်။ တိုက်စစ်ဦးစားပေးပုံစံနဲ့ ကစားသွားမှာဖြစ်ပြီး မြန်မာကစားသမားတွေနဲ့ အံဝင်နိုင်မယ့် နည်းစနစ်ကို ကျင့်သုံးမှာပါ။ အခုပြည်တွင်းပွဲတွေ ကြည့်ရှုနေပြီဖြစ်ပြီး ဇွန်လမှာ ကစားမယ့် ခြေစမ်းပွဲတွေအတွက် စတင်ပြင်ဆင်မှာပါ"ဟု ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ်သစ်အဖြစ် ရာဒူလိုဗစ်ကို ၂၀၁၉ ခုနှစ် ဧပြီ ၂၀ ရက်မှ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၃၁ ရက်အထိ လ ၂၀ ကျော် စာချုပ်ချုပ်ဆိုခဲ့ပြီး စက်တင်ဘာလတွင် စတင်ကျင်းပမည့် ၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလားခြေစစ်ပွဲ ဒုတိယအဆင့်အတွက် စတင်ပြင်ဆင်ရမည်ဖြစ်ကာ ၂၀၂၀ နှစ်ကုန်ပိုင်းတွင် ကျင်းပမည့် အာဆီယံဆူဇူကီးဖလားပြိုင်ပွဲတွင် အောင်မြင်မှုရရန်လည်း ဆောင်ရွက်ပေးရမည်ဖြစ်သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းအား နည်းပြသစ်ရာဒူလိုဗစ်အား ရွေးချယ်ခဲ့မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး နည်းပြသစ်နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများက တက်ရောက်လာသည့် မီဒီယာများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ယခင်နည်းပြ ဂျာမနီနိုင်ငံသား အန်တွမ်နီဟေးနှင့် လမ်းခွဲပြီးကတည်းက နည်းပြသစ်ရှာဖွေခဲ့ပြီး လာရောက်လျှောက်ထားသူ ၅၅ ဦးကို သုံးလကျော် အချိန်ယူလေ့လာကာ အဆင့်ဆင့်ရွေးချယ်မှုပြုလုပ်ပြီး ရာဒူလိုဗစ်ကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ရာဒူလိုဗစ်သည် ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ် ဧပြီလအထိ လက်ဘနွန်လက်ရွေးစင်အသင်းကို ကိုင်တွယ်ခဲ့သူဖြစ်သည်။ **သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-ဖိုးသော်ဇင်**




**❖ မြန်မာမှ**
လက်ဘနွန် လက်ရွေးစင်အသင်းနှင့် ညှိနှိုင်းလျက်ရှိသည်။ မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ်သစ် ရာဒူလိုဗစ်မှာလည်း စက်တင်ဘာလတွင် ကစားရမည့် ကမ္ဘာ့ဖလားနှင့် အာရှဖလားခြေစစ်ပွဲမတိုင်မီ နိုင်ငံတကာခြေစမ်းပွဲများ ဆက်တိုက်ကစားခွင့်ရရန် တောင်းဆိုထားပြီး ဇွန်လတွင် ခြေစမ်းပွဲနှစ်ပွဲ ကစားခွင့်ရရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ထံ တင်ပြထားသောကြောင့် ကမ္ဘာ့အဆင့်မြင့်မားသည့် အသင်းတစ်သင်းနှင့် ကစားခွင့်ရရန် ကြိုးပမ်းနေခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် မတ်လက နိုင်ငံတကာခြေစမ်းပွဲနှစ်ပွဲ ကစားခဲ့ရာ တစ်ပွဲသရေ၊ တစ်ပွဲရှုံးနိမ့်ခဲ့ပြီး ယင်းနှစ်ပွဲကို ယာယီနည်းပြ ဦးမျိုးမင်းထွန်းက ကိုင်တွယ်ခဲ့သည်။ မြန်မာအသင်းသည် တရုတ်တိုင်ပေအသင်းနှင့် ဂိုးမရှိသရေကျပြီး အင်ဒိုနီးရှားလက်ရွေးစင်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

မြန်မာအသင်းနှင့် စင်ကာပူလက်ရွေးစင်အသင်းသည် ယခုနောက်ပိုင်းနှစ်များတွင် နိုင်ငံတကာပြိုင်ပွဲများ၌ တွေ့ဆုံမှုနည်းပါးပြီး ဖိတ်ခေါ်ပြိုင်ပွဲနှင့် ခြေစမ်းပွဲများ၌ ၂၀၁၆ ခုနှစ်တွင် နှစ်ပွဲ၊ ၂၀၁၇ ခုနှစ်တွင် တစ်ပွဲ တွေ့ဆုံခဲ့ပြီး ၂၀၁၈ ခုနှစ်တွင်မူ တွေ့ဆုံခဲ့ခြင်းမရှိဘဲ ယခုနှစ်မှသာ ပြန်လည်ကစားခြင်းဖြစ်သည်။ ၂၀၁၆ ခုနှစ် မတ်လက စင်ကာပူနိုင်ငံ၌ ကစားခဲ့သည့် ခြေစမ်းပွဲတွင် စင်ကာပူအသင်းက နှစ်ဂိုး-တစ်ဂိုး၊ ဇွန်လက ရန်ကုန်မြို့၌ ကျင်းပသည့် လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲတွင် တစ်ဂိုး-ဂိုးမရှိတို့ဖြင့် နှစ်ပွဲစလုံး အနိုင်ရခဲ့သည်။ ၂၀၁၇ ခုနှစ် ဇွန်လက စင်ကာပူနိုင်ငံ၌ ကစားသည့် ခြေစမ်းပွဲတွင်မူ တစ်ဂိုးစီ သရေကျခဲ့သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**




# ဒဏ်ရာပြင်းထန်စွာရရှိနေတဲ့ကြားက အိုဒိုအီအား စာချုပ်သစ်ချုပ်မယ်ဆိုတဲ့ ချယ်လ်ဆီး

ချယ်လ်ဆီးအသင်းရဲ့ လူငယ်ကစားသမား ဟက်ဆန်အိုဒိုအီဟာ လက်ရှိမှာ ဒဏ်ရာပြင်းထန်စွာရရှိထားတာဖြစ်ပေမယ့် ချယ်လ်ဆီးအသင်းကတော့ လူငယ်ကစားသမား အိုဒိုအီကို စာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုမယ်လို့ ဆိုပါတယ်။

ဟက်ဆန်အိုဒိုအီဟာ ချယ်လ်ဆီးအသင်းနဲ့ ဘန်လေအသင်းတို့ တစ်ဖက်နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့တဲ့ ပွဲစဉ်မှာ ခြေစွမ်းပြကစားနိုင်ခဲ့တာကြောင့် ချယ်လ်ဆီးအသင်းက စာချုပ်သစ်ချုပ်ဖို့ စီစဉ်နေခဲ့တာဖြစ်ပြီး စာချုပ်သစ်ချုပ်ဆိုခဲ့မယ်ဆိုရင် တစ်ပတ်လုပ်ခလစာပေါင် တစ်သိန်းရရှိမယ်လို့လည်း သိရပါတယ်။

အိုဒိုအီဟာ အသက်အရွယ်အားဖြင့် ၁၈ နှစ်သာရှိသေးပေမယ့် အခြားသောကလပ်အသင်းတွေကလည်း ခေါ်ယူဖို့ စိတ်ဝင်စားနေတာဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းနည်းပြ ဆာရီကလည်း အိုဒိုအီကို လူငယ်ခြေတက်ဖြစ်တာကြောင့် အခုနှစ်ဘောလုံးရာသီမှာ ပရီမီယာလိဂ်လေးပွဲအထိ ပါဝင်ကစားခွင့်ပေးခဲ့တာလည်းဖြစ်ပါတယ်။

လက်ရှိမှာ ဂျာမန်ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းကလည်း ချယ်လ်ဆီးလူငယ်ကစားသမား အိုဒိုအီကို ပြောင်းရွှေ့ကြေးပေါင် ၃၅ သန်းအထိ ပေးပြီး ခေါ်ယူဖို့လည်း စီစဉ်နေတယ်လို့ သိရပါတယ်။

ငွေကြယ် - ရေးသားသည်

# ဇာဟာကို ဆုံးရှုံးရဖွယ်ရှိနေတာကြောင့် ဂရီယယ်လစ်ကို ပဲလေ့ပစ်မှတ်ထားနေ

ခရစ္စတယ်ပဲလေ့အသင်းဟာ အိုင်ဗရီကို့စ်ကြယ်ပွင့် ကစားသမား ဇာဟာကို ဆုံးရှုံးရဖွယ်ရှိနေတာကြောင့် အသင်းရဲ့ ကွင်းလယ်တိုက်စစ်ကို အရန်သင့်အားဖြည့်ရန်အတွက် အက်စ်တွန်ဗီလာအသင်းမှ အင်္ဂလန် ကွင်းလယ်ကစားသမား ဂျက်ဂရီယယ်လစ်ကို ခေါ်ယူဖို့ ပစ်မှတ်ထားနေတယ်လို့ သိရပါတယ်။

ဇာဟာအနေနဲ့ အခုနွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ အသင်းကနေထွက်ခွာဖို့ စီစဉ်နေတာဖြစ်ပြီး ခရစ္စတယ်ပဲလေ့ အသင်းကတော့ ဇာဟာရဲ့ပြောင်းရွှေ့ကြေးကို ပေါင်သန်း ၈၀ အထိ သတ်မှတ်ထားတာ ဖြစ်ပါတယ်။

ဇာဟာအား ရောင်းချလို့ရသည့်ငွေကြေးဖြင့် အက်စ်တွန်ဗီလာ ကွင်းလယ်ကစားသမား ဂရီယယ်လစ်ကို ခေါ်ယူဖို့ ခရစ္စတယ်ပဲလေ့အသင်းက စီစဉ်နေတာဖြစ်ပြီး ဂရီယယ်လစ်ကို စပါးအသင်းကလည်း ခေါ်ယူဖို့ စီစဉ်နေတယ်လို့ သိရပါတယ်။

# ရှမ်းပြည်နယ်အစိုးရအဖွဲ့ ကလောမြို့နယ် လည်ခေါင်းကျေးရွာ၌ သောက်သုံးရေများ လှူဒါန်း

**ကလော ဧပြီ ၂၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ကလောမြို့နယ်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့က ကလောမြို့နယ်ရှိ သောက်သုံးရေအခက်အခဲကြုံနေသော လည်ခေါင်းကျေးရွာတွင် သောက်သုံးရေရရှိစေရေးအတွက် ဧပြီ ၂၃ ရက် မွန်းတည့် ၁၂ နာရီက သောက်သုံးရေဂါလန် ၈၅၀၀ ကို သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထိုသို့ သောက်သုံးရေများ လှူဒါန်းရာတွင် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလုဦး၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်၊ ပြည်နယ်ဘဏ္ဍာရေး၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးစိုးညွန့်လွင်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ ပြည်နယ်သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာညီညီအောင်၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်၊ ပြည်နယ်အတွင်းရေးမှူး ဦးစိုးစိုးဇော်၊ ကလောမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ပြုံးကေသီနိုင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်နှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက စကားအင်းကျေးရွာအုပ်စု လည်ခေါင်းကျေးရွာမှ အိမ်ခြေ ၁၅၂ အိမ်ရှိ အိမ်ထောင်စု ၂၁၇ စုမှ မိသားစုဝင်များအတွက် သောက်သုံးရေဂါလန် ၈၅၀၀ ကို အကျိုးရှိစွာဖြင့် လိုအပ်သလို သုံးစွဲနိုင်ရေးအတွက် ရေသယ်ယာဉ်များဖြင့် သယ်ဆောင်၍ စနစ်တကျ ခွဲဝေလှူဒါန်းပေးခဲ့ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းက နိုင်ငံတစ်ဝန်း ရေရှားပါးသောဒေသများသို့ သောက်သုံးရေလှူဒါန်း

**ရန်ကုန် ဧပြီ ၂၃**

ကမ္ဘောဇ အနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းသည် ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်း၏ စီစဉ်ဆောင်ရွက်မှုဖြင့် ၂၀၁၄ ခုနှစ်မှစတင်၍ နိုင်ငံတစ်ဝန်း ရေရှားပါးသောဒေသများရှိပြည်သူများ သောက်သုံးရေရရှိရေးအတွက် စက်ရေတွင်းများတူးဖော်လှူဒါန်းပေးခြင်း၊ ရေသယ်ယာဉ်များဖြင့် ရေဖြန့်ဝေပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါ ဖောင်ဒေးရှင်းပိုင် အင်္ဂလန်နိုင်ငံလုပ် Dando ရေတွင်းတူးစက်ကြီးများဖြင့် နိုင်ငံအတွင်းနေရာ ဒေသအနှံ့၌ တူးဖော်ပေးလျက်ရှိရာ ဧပြီ ၁၁ ရက်က စက်ရေတွင်း ၂၀၂ တွင်းမြောက်ဖြစ်သည့် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့အမှတ် ၁၁ ရပ်ကွက်ရှိ စက်ရေတွင်းသည် အနက်ပေ ၄၈၀ အရောက်၌ တစ်နာရီလျှင် ရေဂါလန် ၃၀၀၀ ကျော် ရေရရှိပြီး ဒေသနေပြည်သူများ ရေကောင်းရေသန့်များ လုံလောက်စွာ သုံးစွဲနိုင်ပြီဖြစ်သည်။ ဆက်လက်၍ အောင်ပန်းမြို့ စိုက်ပျိုးရေးသုတေသနခြံနှင့် လားရှိုးမြို့နယ် ကောင်းကွဲအီ ကျေးရွာတို့တွင် ရေကောင်းရေသန့်ရရှိရေး တူးဖော်လျက်ရှိသည်။

ထို့အပြင် ရေလိုအပ်နေသော လယ်ဝေးမြို့နယ် ဒက္ခိဏသီရိရှိ ချမ်းမြေ့ကျောင်းတွင်လည်း ဆက်လက်တူးဖော်ပေးသွားမည်ဖြစ်သည်။

ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းသည် ရေဂါလန် ၃၀၀၀ ဆံ့ ရေသယ်ယာဉ် ၄၇ စီး ဖြင့် နိုင်ငံတစ်ဝန်းရှိ ရေရှားပါးသော အရပ်ဒေသများတွင် ဒေသခံရပ်မိရပ်ဖများနှင့် ပူးပေါင်း၍လည်းကောင်း၊ လူမှုရေးပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍လည်းကောင်း သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းပေးလျက်ရှိရာ ရေရှားပါးပြီး အခက်အခဲဖြစ်နေသည့် ဒေသခံပြည်သူများ ဝမ်းမြောက်ပျော်ရွှင်လျက်ရှိသည်။ ဧပြီလအတွင်း ပုသိမ်ကြီးမြို့နယ် နှမ်းကြဲကျေးရွာအုပ်စု၊ ဟဲဟိုးမြို့နယ် ဆူပန်းအင်းကျေးရွာနှင့် တောင်ကြီးမြို့နယ် ဆွန်းလွန်း ဘုန်းကြီးကျောင်းသို့ ရေသယ်ယာဉ်များဖြင့် သောက်သုံးရေများ လှူဒါန်းခဲ့သည်။

ရေရှားပါးသော ဒေသများတွင် သန့်ရှင်းသော သောက်သုံးရေများ အဆင်ပြေလုံလောက်စွာ သုံးစွဲနိုင်စေရန် စက်ရေတွင်း ၂၀၂ တွင်း တူးဖော်ပေးခြင်း၊ ရေလှောင်ကန်များ ဆောက်လုပ်ပေးခြင်း၊ အိမ်တိုင်ရာရောက် ရေပိုက်များ သွယ်တန်းပေးခြင်း၊ ရေသယ်ယာဉ် ၄၇ စီးကို နိုင်ငံတစ်ဝန်းရှိ ပရဟိတအသင်းများသို့ လှူဒါန်းပေးခဲ့သည့်အပြင် ဖောင်ဒေးရှင်း ထူထောင်ချိန်မှစ၍ ကဏ္ဍအသီးသီးတွင် လူမျိုးမရွေး၊ ဘာသာမရွေး နိုင်ငံတော်နှင့်ပြည်သူအတွက် ငွေကျပ် ၁၅၄ ဘီလီယံကျော်လှူဒါန်းခဲ့သည်။

မြန်မာနိုင်ငံအတွင်း ရေအခက်အခဲဖြစ်နေသော ဒေသများအနေဖြင့် သန့်ရှင်းသောရေ လိုအပ်ပါက ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်း အောက်မြန်မာပြည် ဖုန်း ၀၁-၅၀၂၈၆၈ နှင့် အထက်မြန်မာပြည် ၀၂-၂၀၀၀၁၆၆ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**ကြေးမုံ**



# အပူဒဏ်နှင့် ခရမ်းလွန်ရောင်ခြည် အန္တရာယ်ကာကွယ်ရေး မိုင်းယောင်း၌ နှိုးဆော်

**မိုင်းယောင်း ဧပြီ ၂၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် အပူဒဏ်နှင့် ခရမ်းလွန်ရောင်ခြည်အန္တရာယ်နှင့်ပတ်သက်၍ ဒေသခံပြည်သူများ သတိပြုကာကွယ်နိုင်ရန် နှိုးဆော်အသိပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် နွေရာသီ ရာသီဥတုပူပြင်းမှုကြောင့် ချွေးထွက်လွန်ကာ ခန္ဓာကိုယ်တွင်းရှိ ရေနှင့် ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှု ပိုမိုများပြားလာခြင်း စသည့် အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်များ၊ အပူဒဏ်ကြောင့် ဖြစ်ပွားတတ်သည့် ရောဂါလက္ခဏာများ၊ အပူဒဏ်အန္တရာယ်ကာကွယ်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ၊ အပူဒဏ်အန္တရာယ်ဖြစ်ပွားပါက ဆောင်ရွက်ရန်များ၊ ခရမ်းလွန်ရောင်ခြည်အန္တရာယ် ဆိုးကျိုးများနှင့် သတိပြုကာကွယ်ရမည့် အချက်များစသော ခရမ်းလွန်ရောင်ခြည်အန္တရာယ် သတိပေးနှိုးဆော်ချက်များကို တိုက်တွန်းနှိုးဆော် အသိပေးဆောင်ရွက်လျက်ရှိသလို ဒေသခံပြည်သူများအား အပူဒဏ်နှင့် ခရမ်းလွန်ရောင်ခြည်အန္တရာယ်နှင့်ပတ်သက်၍ ရပ်ကွက်နှင့် ကျေးရွာများ၌ ကျန်းမာရေးဆိုင်ရာ စကားဝိုင်းများ ပြုလုပ်ဆွေးနွေးခြင်း၊ အသိပညာပေးဟောပြောပွဲများ ပြုလုပ်ခြင်း၊ အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများ၊ လူစည်ကားသည့်နေရာများ၌ အပူဒဏ်နှင့် ခရမ်းလွန်ရောင်ခြည်အန္တရာယ် ကာကွယ်ရေးနှိုးဆော်ချက်များကို ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်ဆောင်ရွက်ပေးနေကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တနိုင်းမြို့နယ် တိန်ကောက်ကျေးရွာ နှစ်ချုပ်ရှင်းလင်းပွဲနှင့် ကျေးရွာစုံအတွေ့အကြုံနှီးနှောဖလှယ်ပွဲ ကျင်းပ

**တနိုင်း ဧပြီ ၂၃**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် တနိုင်းမြို့နယ် တိန်ကောက်ကျေးရွာ မြစိမ်းရောင်စီမံကိန်း နှစ်ချုပ်ရှင်းလင်းပွဲနှင့် ကျေးရွာစုံအတွေ့အကြုံနှီးနှောဖလှယ်ပွဲကို ဧပြီ ၂၀ ရက်က တိန်ကောက်ကျေးရွာ အမကစာသင်ကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်ကျေးလက်ဦးစီးဌာနမှ ခေတ္တမြို့နယ်ဦးစီးမှူး ဦးဝေထွန်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွေးလှိုင်၊ မြို့နယ်သမဝါယမဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးရန်းယဉ်တို့ တက်ရောက်ကြပြီး ကျေးရွာ ငါးရွာမှ ကျေးရွာကော်မတီများ၏ အတွေ့အကြုံရှင်းလင်းသည်။ မြို့နယ်ကျေးလက်ဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဦးဝေထွန်းက အဖွင့်အမှာစကားပြောကြားပြီး တိန်ကောက်ကျေးရွာ၏ မြစိမ်းရောင်စာရင်းဇယားများအား မြို့နယ်မြစိမ်းရောင်ကော်မတီဝင်များနှင့် တက်ရောက်လာသော ကျေးရွာကော်မတီများနှင့်အတူ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းတွင် အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်ခဲ့သော ကျေးရွာမြစိမ်းရောင် ကော်မတီဝင်များအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဒေသန္တရမ မွေးမြူရေး ရန်ပုံငွေကျပ် သိန်း ၃၀၀ လွှဲပြောင်းပေးအပ်

**ရမည်းသင်း ဧပြီ ၂၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မြစိမ်းရောင် (အသားကဏ္ဍ) ဒေသန္တရမ မွေးမြူရေး ရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲကို ဧပြီ ၂၃ ရက် နံနက် ၉ နာရီက ရမည်းသင်းမြို့နယ် ဆူးတပ်ကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပခဲ့သည်။



အခမ်းအနားတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဒေါက်တာသိန်းနိုင်တို့က မြစိမ်းရောင်အသားကဏ္ဍ မွေးမြူရေးနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် မြစိမ်းရောင်(အသားကဏ္ဍ) ရန်ပုံငွေ ကျပ်သိန်း ၃၀၀ ကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ရမည်းသင်းခရိုင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဌာနမှူး ဒေါက်တာသီတာထွေး၊ ဒေါက်တာညွန့်ညွန့်နွယ်တို့က မြစိမ်းရောင်ကော်မတီဥက္ကဋ္ဌ ဦးကြည်စိုးထံ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ လွှဲပြောင်းပေးအပ်ငွေကျပ် သိန်း ၃၀၀ ဖြင့် တောင်သူတစ်ဦးလျှင် ဒေသန္တရမ မွေးမြူရန်အတွက် ငွေကျပ် ငါးသိန်းဖြင့် မွေးမြူရေးတောင်သူ ၆၀ တို့အတွက် ဒေသနှိုစားန္တရမအကောင် ၆၀ ဝယ်ယူပြီး တက်ရောက်သူများက တောင်သူတစ်ဦးချင်းထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**လှိုင်သန်းတင့်(ရမည်းသင်း)**

# ဆီးရီးယားနိုင်ငံ ကျူနီထရာပြည်နယ်၌ အမေရိကန်နှင့် အစ္စရေးလုပ် စစ်လက်နက်များ ရှာဖွေတွေ့ရှိ

**ဒမတ်စကတ် မေ ၂၃**

ဆီးရီးယားသူပုန်များ ထွက်ခွာသွားခဲ့သည့် ကျူနီထရာပြည်နယ်တောင်ပိုင်းတွင် အမေရိကန်နှင့် အစ္စရေးလုပ် စစ်လက်နက်များကို ဆီးရီးယားအစိုးရတပ်ဖွဲ့များက ရှာဖွေတွေ့ရှိခဲ့ကြောင်း ဆီးရီးယားအစိုးရပိုင် ဆာနာသတင်းဌာနက မေ ၂၃ ရက်တွင် ဖော်ပြသည်။

ယခင်က သူပုန်များ သိမ်းယူထားခဲ့သည့် ကျူနီထရာပြည်နယ်တောင်ပိုင်း ကျေးလက်ဒေသတွင် သိုဝှက်ထားသည့် အဆိုပါလက်နက်များကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ပြီး ယင်းဒေသသည် အစ္စရေးက သိမ်းပိုက်ထားသည့် ဂိုလန်ကုန်းမြင့်ဒေသနှင့် နီးကပ်စွာတည်ရှိနေသည်။

ယင်းစစ်လက်နက်များအပြင် ဂြိုဟ်တုဆက်သွယ်ရေး ကိရိယာများ၊ ဆေးဝါးပစ္စည်းများနှင့် ခိုးယူထားသည့် မော်တော်ယာဉ်များကို ရှာဖွေတွေ့ရှိရကြောင်း သတင်းတွင် ဖော်ပြသည်။

ဆီးရီးယားသူပုန်များသည် လွန်ခဲ့သည့်နှစ်ကတည်းက ကျူနီထရာပြည်နယ်မှ ဆုတ်ခွာသွားပြီး ဆီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်းရှိ သူပုန်များသိမ်းယူထားသည့်ဒေသသို့ သွားရောက်ခဲ့ကြသည်။

ဆီးရီးယားသူပုန်များသည် အမေရိကန်နှင့် အစ္စရေးတို့၏ ထောက်ပံ့မှုများကို လက်ခံရယူနေကြောင်း ဆီးရီးယားအစိုးရက ထပ်ကာတလဲလဲ စွပ်စွဲပြောကြားခဲ့သည်။ **ဆင်ဟွာ**



# ဆူဒန်နိုင်ငံအတွင်း အဓိကရုဏ်းအခြေအနေ ပိုမိုတင်းမာလျက်ရှိ

**ခါတွမ် မေ ၂၃**

ဆူဒန်နိုင်ငံတွင် ကာကွယ်ရေးတပ်ဖွဲ့နှင့် ဆန္ဒထုတ်ဖော်သူများအကြား အဓိကရုဏ်း ဖြစ်ပွားမှုအခြေအနေသည် ပိုမိုတင်းမာလာသည့်အတွက် ကာကွယ်ရေးဌာနချုပ်သို့ ဦးတည်သောလမ်းမများတွင် ပိတ်ဆို့ထားသည့် အတားအဆီးများအား ဖြိုခွင်းဖယ်ရှားရန် စစ်ကောင်စီအကြီးအကဲများက အမိန့်တစ်ရပ် ယနေ့ထုတ်ပြန်ခဲ့ကြောင်း အေအက်ဖ်ပီသတင်းတစ်ရပ်အရ သိရသည်။

ဆန္ဒထုတ်ဖော်သူများက နိုင်ငံတော်၏အခွင့်အာဏာကို အရပ်သားအဖွဲ့အစည်းထံ ချက်ချင်းလွှဲအပ်ပေးရမည်ဟု တောင်းဆိုခဲ့သည့်အတွက် စစ်ကောင်စီအကြီးအကဲများနှင့် ဆန္ဒထုတ်ဖော်သူခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးမှုကို ဆိုင်းငံ့ခဲ့ခြင်းဖြစ်သည်။ ထို့နောက် နှစ်ဖက်အခြေအနေ တင်းမာလာခဲ့သည်။

ဆန္ဒထုတ်ဖော်သူများက သမ္မတဟောင်း အိုမာအယ်လ် ဘာရှားနှင့် စစ်ကောင်စီ အုပ်ချုပ်မှုစနစ်သည် ကွဲပြားခြားနားမှုမရှိဟု ဟစ်ကြွေးကာ ဆန္ဒထုတ်ဖော်လျက်ရှိသည်။ အိမ်နီးချင်း အီဂျစ်နိုင်ငံက ဆူဒန်နိုင်ငံ အရေးနှင့်ပတ်သက်ပြီး ဆွေးနွေးတိုင်ပင်ကြရန် အာဖရိကခေါင်းဆောင်များနှင့် အရေးပေါ် ထိပ်သီးအစည်းအဝေး ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **အေအက်ဖ်ပီ**

# ဖိလစ်ပိုင်မြောက်ပိုင်းတွင် အင်အားပြင်းငလျင်လှုပ် ၁၆ ဦး သေ၊ ၁၄ ဦး ပျောက်ဆုံး

**မနီလာ မေ ၂၃**

ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်းတွင် မေ ၂၂ ရက်က အင်အားပြင်း ငလျင်လှုပ်ခဲ့မှုကြောင့် လူ ၁၆ ဦးထက်မနည်း သေဆုံးပြီး ၁၄ ဦးမှာ ပျောက်ဆုံးနေကြောင်း ဖိလစ်ပိုင်အစိုးရတာဝန်ရှိသူများက ပြောကြားသည်။

ပြင်းအား ၆ ဒသမ ၁ အဆင့်ရှိ မြေငလျင်သည် မေ ၂၂ ရက် ဒေသစံတော်ချိန် ညနေ ၅ နာရီကျော်ခန့်တွင် လူဇုန်ကျွန်း၌ လှုပ်ခတ်ခဲ့ခြင်းဖြစ်သည်။ မြို့တော်မနီလာ၏ မြောက်ဘက်ရှိ ပမ်ပန်ဂါပြည်နယ်တွင် ငလျင်လှုပ်ခတ်မှုကြောင့် လူနေအိမ်များနှင့် ကုန်တိုက်တစ်ခုအပါအဝင် အဆောက်အအုံ ၃၀ ခန့် ပြိုကျပျက်စီးသွားခဲ့သည်။

ယင်းမြေငလျင် လှုပ်ခတ်မှုကြောင့် သေဆုံးသူ ၁၆ ဦးရှိကြောင်းနှင့် လူ ၁၄ ဦး ပျောက်ဆုံးနေကြောင်း ဒေသဆိုင်ရာ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးတာဝန်ရှိသူများက အတည်ပြုပြောကြားခဲ့သည်။ ပျောက်ဆုံးနေသူများမှာ ပြိုကျသွားသည့် ကုန်တိုက်၏ အပြိုအပျက် ပစ္စည်းများအောက်တွင် ပိတ်မိနေဖွယ်ရှိသည်ဟု ထင်ရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ထိခိုက်ဒဏ်ရာရသူ ၈၁ ဦးမှာ ဆေးရုံများတွင် ဆေးဝါးကုသလျက်ရှိသည်။

မေ ၂၃ ရက် မွန်းလွဲပိုင်းတွင် ပြင်းအား ၆ ဒသမ ၄ အဆင့်ရှိသည့် ငလျင်တစ်ခုသည် ဆာမားကျွန်းအလယ်ပိုင်း၌ ထပ်မံလှုပ်ခတ်ခဲ့ပြီး တောင်ကုန်း တောင်တန်းထူထပ်သည့် အဆိုပါဒေသ၌ မြေငလျင်ကြောင့် ပျက်စီးရသည့် ပမာဏကို လတ်တလောတွင် အတည်မပြုနိုင်သေးကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ **အင်န်အိတ်ခ်ျကေ**



## နိုင်ငံတကာအားကစား

### ဘောလုံးလောက သတင်းတိုများ

- **ဘာစီလိုနာအသင်းသည် ချီလီတိုက်စစ်မှူး အလက်ဇစ်ဗီဒယ်အား လက်ရှိစာချုပ်သက်တမ်းအပြင် နောက်ထပ်တစ်နှစ်သက်တမ်းရှိစာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုရန် ကမ်းလှမ်းထားပြီး လက်ရှိစာချုပ်သည်လည်း ၂၀၂၁ ခုနှစ်တွင် ကုန်ဆုံးမည်ဖြစ်ကြောင်း သိရသည်။**
- မန်ယူအသင်းသည် ဘိုင်ယန်မြူးနစ်အသင်းမှ နောက်တန်းကစားသမား နစ်ကလပ်ဆူးလ်အား ပြောင်းရွှေ့ကြေးယူရို သန်း ၆၀(ပေါင် ၅၁ ဒသမ ၉၆)သန်းဖြင့် ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။
- **မန်စီးတီးကွင်းလယ်ကစားသမားဟောင်းတစ်ဦးဖြစ်သည့် ယာယာတိုရေးသည် အမေရိကန်ပြည်ထောင်စုရှိ မေဂျာလိဂ်ကလပ် သို့မဟုတ် အာရှအသင်းတစ်သင်းသို့ ပြောင်းရွှေ့ကစားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။**
- ပီအက်စ်ဂျီအသင်းမှ အသင်းပြောင်းရွှေ့ကစားရန် သတင်းထွက်နေသည့် တိုက်စစ်မှူးကာဗာနီသည် ၎င်း၏ ပီအက်စ်ဂျီအသင်းအနာဂတ်နှင့် ပတ်သက်၍ တိကျသည့် ဆုံးဖြတ်ချက်မချရသေးကြောင်း ပြောကြားခဲ့သည်။
- **ဘရာဇီးနောက်တန်းကစားသမား မာဆယ်လိုသည် ယခုနွေရာသီအပြောင်းအရွှေ့ကာလအတွင်း စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းမှ ထွက်ခွာရန် ဆန္ဒမရှိသေးကြောင်း ပြောကြားခဲ့သည်။**

### တိုက်စစ်မှူး ကာဗာနီနေရာမှာ အစားထိုးဖို့ အိုင်ကာဒီကို ယူရိုသန်း ၇၀ နဲ့ ခေါ်ယူမယ့် ပီအက်စ်ဂျီ

**နိုင်လင်းကြည် - ရေးသားသည်**



ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းဟာ အင်တာမီလန်တိုက်စစ်မှူး အိုင်ကာဒီကို ခေါ်ယူဖို့ အသင့်ရှိနေတယ်လို့ တရားဝင် သတင်းထုတ်ပြန်ထားပြီး ယူရိုသန်း ၇၀ ပေးပြီးခေါ်ယူ မယ်လို့လည်း သိရပါတယ်။

လက်ရှိမှာ အက်သလက်တီကိုမက်ဒရစ်အသင်းကလည်း အိုင်ကာဒီကို ခေါ်ယူဖို့ စီစဉ်နေတာဖြစ်ပြီး ပီအက်စ်ဂျီအသင်းကတော့ အသင်းရဲ့ အားထားရတဲ့ တိုက်စစ်မှူးကာဗာနီရဲ့ နေရာမှာ အစားထိုးကစားသမားအဖြစ် ခေါ်ယူဖို့ အခုနှစ် နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ အိုင်ကာဒီကို အီတလီမြေကနေ ပြင်သစ်မြေအရောက် ခေါ်ယူဖို့ ပစ်မှတ်ထားနေတာလည်းဖြစ်ပါတယ်။

အင်တာမီလန်အသင်းက အာဂျင်တီးနားတိုက်စစ်မှူး အိုင်ကာဒီရဲ့အပြောင်းအရွှေ့နဲ့ ပတ်သက်ပြီး ယူရိုသန်း ၇၀ အထိ တောင်းဆိုထားသလို ပီအက်စ်ဂျီအသင်းကလည်း အင်တာမီလန်အသင်းက တောင်းဆိုထားတဲ့ပြောင်းရွှေ့ကြေးအတိုင်းပေးမယ်လို့ဆိုပါတယ်။

အသက် ၂၆ နှစ်အရွယ်ရှိ တိုက်စစ်မှူး အိုင်ကာဒီဟာ ဒူးဒဏ်ရာပြဿနာကြောင့် အင်တာမီလန်အသင်းနဲ့ အတူပါဝင်ကစားနိုင်ခြင်းမရှိခဲ့ဘဲ သီတင်းပတ် ခြောက်ပတ်အထိ အနားယူနေခဲ့ရသူလည်း ဖြစ်ပါတယ်။ ဒါပေမယ့် အသင်းရဲ့တိုက်စစ်ပိုင်းမှာ လိုအပ်နေတဲ့ ကစားသမားသစ်တစ်ဦးကို ခေါ်ယူဖို့ ပစ်မှတ်ထားနေတဲ့ ပီအက်စ်ဂျီအသင်းနဲ့ အက်သလက်တီကိုမက်ဒရစ်အသင်းကတော့ တိုက်စစ်မှူး အိုင်ကာဒီကို ခေါ်ယူဖို့ ချိတ်ဆက်မှုတွေပြုလုပ်နေတာလည်း ဖြစ်ပါတယ်။ လက်ရှိမှာတော့ ပီအက်စ်ဂျီအသင်းက အိုင်ကာဒီကို ခေါ်ယူနိုင်ဖို့ ရာခိုင်နှုန်းပိုများနေတာကိုလည်း တွေ့ရပါတယ်။

# ကင်ဂျုံအန်၏ စိတ်ဝင်စားဖွယ်ရာ ရုရှားခရီးစဉ်

**ကျော်ထိုက်စိုး**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် သမ္မတ ဗလာဒီမာပူတင်နှင့် ဆွေးနွေးမှုများပြုလုပ်ရန် မကြာမီရုရှားနိုင်ငံသို့ သွားရောက်မည်ဖြစ်ပြီး အစည်းအဝေးအတွင်း မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားလက်နက်ဖျက်သိမ်းရေးကိစ္စကို အလေးထားဆွေးနွေးမည်ဟု မျှော်မှန်းရကြောင်း မြောက်ကိုရီးယားနိုင်ငံပိုင်မီဒီယာက ရေးသားဖော်ပြသည်။

**ပထမဆုံးအကြိမ်**

၂၀၁၁ ခုနှစ်တွင် ဖခင်ဖြစ်သူကွယ်လွန်ကာ နိုင်ငံ့ခေါင်းဆောင်ဖြစ်လာပြီးနောက်ပိုင်း ကင်ဂျုံအန်၏ ရုရှားနိုင်ငံသို့ သွားရောက်မည့်အစီအစဉ်များကို မြောက်ကိုရီးယားမီဒီယာများက ရေးသားဖော်ပြခဲ့ခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။ သမ္မတ ဗလာဒီမာပူတင်သည် ဗလာဒီဗိုစတော့ခ်မြို့တော်၌ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်နှင့်တွေ့ဆုံမည်ဟု ရုရှားတာဝန်ရှိသူများက ယခုလအစောပိုင်းတွင် ပြောကြားခဲ့သည်။ မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်သည် ရုရှားနိုင်ငံအရှေ့ဖျားရှိ ဆိပ်ကမ်းမြို့တော် ဗလာဒီဗိုစတော့ခ်သို့ ဧပြီ ၂၄ ရက်မှ ၂၆ ရက်ထိ သွားရောက်လည်ပတ်မည်ဟု ၎င်းတို့က ပြောကြားသည်။ ရုရှားသမ္မတ ဗလာဒီမာပူတင်၏ ဖိတ်ကြားချက်အရ ခရီးစဉ်သွားရောက်ရခြင်းဖြစ်ကြောင်း ကိုရီးယားဗဟိုသတင်းဌာန (KCNA)က ရေးသားခဲ့သည်။ သို့သော်လည်း ကင်ဂျုံအန်၏ခရီးစဉ်အသေးစိတ်နှင့် ဆွေးနွေးပွဲကျင်းပမည့်နေရာတို့ကို အဆိုပါသတင်းက မဖော်ပြခဲ့ပေ။

ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်တို့သည် ဧပြီ ၂၅ ရက်တွင် ပထမဆုံးအကြိမ် မျက်နှာချင်းဆိုင်ဆွေးနွေးမှုများ ပြုလုပ်မည်ဖြစ်ပြီး နောက်ဆက်တွဲ အစည်းအဝေးတစ်ရပ်ကျင်းပမည်ဟု ရုရှားတာဝန်ရှိသူများ၏ ပြောကြားချက်အရ သိရသည်။ ခေါင်းဆောင်နှစ်ဦးသည် ရုရှားနှင့် မြောက်ကိုရီးယားကြား ဆက်ဆံရေးအပြင် မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားလက်နက်ဖျက်သိမ်းရေးကိစ္စကိုပါ ဆွေးနွေးမည်ဟု ရုရှားသမ္မတ၏ ပြောရေးဆိုခွင့်



ရှိသူ ဒီမီထရီပတ်ကော့ဗ်က ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ပြောကြားခဲ့သည်။ ထို့အပြင် ဗလာဒီမာပူတင်နှင့် ကင်ဂျုံအန်တို့သည် အမေရိကန်-မြောက်ကိုရီးယား နျူကလီးယား လက်နက်ဖျက်သိမ်းရေး စေ့စပ်ညှိနှိုင်းမှုများ မည်ကဲ့သို့ ရှေ့ဆက်လုပ်ဆောင်မည်နှင့် ကိုရီးယားကျွန်းဆွယ်ငြိမ်းချမ်းရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းတစ်ရပ်ဖော်ဆောင်ရေးနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးကြဖွယ်ရှိကြောင်း ပြည်ပရေးရာ ကျွမ်းကျင်သူများက ပြောကြားသည်။

**စတင်လုပ်ဆောင်ခဲ့ပြီးဖြစ်**

မည်သည့်သဘောတူညီချက်မျှ မရရှိဘဲ ပြီးဆုံးခဲ့သည့် ဖေဖော်ဝါရီလအတွင်း ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့တော်တွင် ကျင်းပခဲ့သော မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်တို့၏ ထိပ်သီးအစည်းအဝေးအပြီးတွင် နှစ်နိုင်ငံအကြား စေ့စပ်ညှိနှိုင်းမှုများ ရပ်ဆိုင်းသွားခဲ့သည်။ ယင်းထိပ်သီးအစည်းအဝေးအတွင်း ကင်ဂျုံအန်နှင့် ဒေါ်နယ်ထရန့်တို့မှာ အမေရိကန်ပြည်ထောင်စု၏ နျူကလီးယားလက်နက်ဖျက်သိမ်းရေး တောင်းဆိုချက်များနှင့် မြောက်ကိုရီးယားနိုင်ငံ၏ အရေးယူမှုများ သက်ညှာရေးတို့ကြား သဘောတူညီမှုရရှိအောင် မပြုလုပ်နိုင်ခဲ့ကြပေ။ မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားနှင့် ဒုံးကျည်ထုတ်လုပ်ရေး ရည်မှန်းချက်များကို ကဖျက်ယဖျက်လုပ်ရန် ရည်ရွယ်သည့် နိုင်ငံတကာ၏ စီးပွားရေးပိတ်ဆို့မှုများက မြောက်ကိုရီးယားနိုင်ငံ၏ စီးပွားရေးကိုထိခိုက်စေခဲ့ကာ ကင်ဂျုံအန်က စီးပွားရေးပိတ်ဆို့မှုများ ရုပ်သိမ်းရန် တောင်းဆိုခဲ့ပြီး မြောက်ကိုရီးယားနိုင်ငံက နျူကလီးယားလက်နက်ဖျက်သိမ်းရေးအတွက် ခိုင်လုံသော ဆောင်ရွက်ချက်များ စတင်လုပ်ဆောင်ခဲ့ပြီးဖြစ်ကြောင်း ပြောကြားခဲ့သည်။

**စိတ်ဆန္ဒပြင်းပြ**

မြောက်ကိုရီးယားနိုင်ငံက ယင်း၏နျူကလီးယားအဆောက်အအုံများ၊ အစီအစဉ်များအားလုံးကို မဖျက်သိမ်းသရွေ့အရေးယူမှုများ ဆက်လက်ထားရှိသင့်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ပြောကြားခဲ့သည်။ ဧပြီ ၁၂ ရက်တွင် ဥပဒေပြုအစည်းအဝေး၌ ပြောကြားသည့်မိန့်ခွန်းအတွင်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က ယခုနှစ်အကုန် နျူကလီးယားဆွေးနွေးမှုများပြုလုပ်ချိန်တွင် ရပ်တည်ချက်ပြောင်းလဲရန် အမေရိကန်ပြည်ထောင်စုသို့ တိုက်တွန်းခဲ့ပြီး အမေရိကန်ပြည်ထောင်စုက ချမှတ်ထားသော ရပ်တည်ချက်ပေါ်မူတည်၍ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် ထပ်မံတွေ့ဆုံရန် သူ့အနေဖြင့် စိတ်ဆန္ဒပြင်းပြကြောင်း ပြောကြားခဲ့သည်။ သမ္မတ ဗလာဒီမာပူတင်နှင့် တွေ့ဆုံချိန်အတွင်း ကင်ဂျုံအန်သည် အရေးယူမှုများ ဖြေလျှော့ရေးအတွက် ဗီတိုအာဏာရ ကုလသမဂ္ဂလုံခြုံရေးကောင်စီအမြဲတမ်းအဖွဲ့ဝင် ငါးနိုင်ငံအနက် တစ်နိုင်ငံဖြစ်သည့် ရုရှားနိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုကို အကူအညီတောင်းခံမည်ဟု မျှော်မှန်းရသည်။

**ချစ်ကြည်ရင်းနှီးမှုရှိသော ဆက်ဆံရေး**

ရုရှားနိုင်ငံက မြောက်ကိုရီးယားနိုင်ငံနှင့် စီးပွားရေးဆက်ဆံမှုတိုးမြှင့်လုပ်ဆောင်လိုသည့် ဆန္ဒရှိမည်ဟု ယုံကြည်ရသည်။ ရုရှားတာဝန်ရှိသူများ ပြောကြားခဲ့သည့်အတိုင်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် ဧပြီ ၂၄ ရက်တွင် ဗလာဒီဗိုစတော့ခ်မြို့တော်သို့ ရောက်ရှိမည်ဆိုပါက ဧပြီ ၂၃ ရက်တွင် ရထားဖြင့် ပြုံယမ်းမြို့တော်မှ ထွက်ခွာရမည်ဖြစ်သည်။ မြောက်ကိုရီးယားနိုင်ငံ မြို့တော်ပြုံယမ်းနှင့်ရုရှားနိုင်ငံအရှေ့ဖျားရှိ ဗလာဒီဗိုစတော့ခ်မြို့တော်ကြား ရထားစီးချိန် နာရီ ၂၀ ကျော်ရှိမည်ဟု ခန့်မှန်းရသည်။ မြောက်ကိုရီးယားခေါင်းဆောင်တစ်ဦးက ရုရှားနိုင်ငံသို့ နောက်ဆုံးအကြိမ်သွားရောက်ခဲ့သည့် ခရီးစဉ်ကို ကွယ်လွန်သူ ကင်ဂျုံအန်၏ဖခင် ကင်ဂျုံအီက ၂၀၁၁ ခုနှစ် ဩဂုတ်လအတွင်း ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ မြောက်ကိုရီးယားနိုင်ငံကို ဆိုဗီယက်ပြည်ထောင်စု၏ ကျောထောက်နောက်ခံပြုမှုဖြင့် ၁၉၄၈ ခုနှစ် စက်တင်ဘာ ၉ ရက်တွင် တည်ထောင်ခဲ့သည်။

ရုရှားနှင့်မြောက်ကိုရီးယားကြား ဆက်ဆံရေးကို အစဉ်အလာအရ ချစ်ကြည်ရင်းနှီးမှုရှိသော ဆက်ဆံရေးအဖြစ် မကြာခဏဆိုသလို ညွှန်းဆိုဖော်ပြခဲ့ကြသည်။

**ကိုးကား-ကျိုဒိုနယူး**

**North Korea says leader Kim Jong Un to "soon visit" Russia**

---

**○ ကျောဖုံးမှ**

ဆွေးနွေးတိုင်ပင်ပြီးမှ နောက်ဆုံးဒီဇိုင်းကို အကောင်အထည်ဖော်ဆောင်ရွက်တာဖြစ်ပါတယ်။ နောက်ဖေးလမ်းကြားရဲ့ဒီဇိုင်းကို ဇီဝမျိုးစုံမျိုးကွဲတွေနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပုံရိပ်လေးတွေပါအောင် လုပ်ထားပါတယ်။ သဘာဝပတ်ဝန်းကျင်ကို မြတ်နိုးတန်ဖိုးထားတတ်လာအောင် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ပါတယ်''ဟု ဒို့အိမ်အဖွဲ့အစည်းမှ လူထုဆက်ဆံရေးနှင့်ဆက်သွယ်ရေးအရာရှိ ကိုကျော်စည်သူက ပြောသည်။

**များစွာအထောက်အကူပြု**

နောက်ဖေးလမ်းကြားတစ်ခုအား သန့်ရှင်းအဆင့်မြှင့်တင်ပြီး၍ အများပြည်သူအတွက် ဖွင့်လှစ်ပေးလိုက်မည်ဆိုပါက ကလေးလူကြီးမရွေး အရွယ်စုံ လွတ်လပ်စွာအသုံးပြုနိုင်ပြီး အများပြည်သူအပန်းဖြေအနားယူစရာ နည်းပါးလှသည့် ရန်ကုန်မြို့လယ်အတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

"ဒီလိုနောက်ဖေးလမ်းကြား ဥယျာဉ်တစ်ခုဖွင့်လှစ်လိုက်ခြင်းအားဖြင့် ကလေးတွေအတွက် ကြည့်မယ်ဆိုရင် မြို့ထဲမှာက ကားတွေဖြတ်သွားဖြတ်လာရှိတဲ့အတွက်ကြောင့် လမ်းပေါ်ထွက်ကစားဖို့ အဆင်မပြေနိုင်တဲ့အပြင် ယာဉ်အန္တရာယ်လည်း စိုးရိမ်ရတယ်။ နောက်ဖေးလမ်းကြားဥယျာဉ်ထဲမှာဆိုရင် ယာဉ်အန္တရာယ်ကင်းရှင်းစွာကစားနိုင်သလို နေပူတဲ့ဒုက္ခကလည်း လွတ်ကင်းနိုင်ပါတယ်။ နောက်ပြီး လူကြီးတွေဆိုရင်လည်း အနားယူစာဖတ်တာမျိုးဖြစ်ဖြစ်၊ တစ်ရေးတစ်မောအိပ်စက်နားနေတာပဲဖြစ်ဖြစ်၊ အချင်းချင်း စကားစမြည်ပြောဆိုတာပဲဖြစ်ဖြစ် အေးအေးလူလူ လုပ်ဆောင်နိုင်ပါတယ်။

အဲဒီလိုမျိုးလမ်းကြားတွေကို သန့်ရှင်းပြီးတော့ နေရာလွတ်တွေရှာဖွေလာနိုင်ခြင်းက အများပြည်သူဆိုင်ရာနေရာတွေ အတော်နည်းနေတဲ့ ရန်ကုန်မြို့လယ်အတွက် အထောက်အပံ့ဖြစ်စေနိုင်ပါတယ်။ မြို့ထဲကလူတွေအတွက်ဆို အပန်းဖြေအနားယူဖို့ရာ မဟာဗန္ဓုလပန်းခြံပဲ အားထားနေကြတာတွေ့ရပါတယ်။ ကျွန်တော်တို့ရဲ့ သုတေသနပြုလုပ်ချက်တွေအရ ရန်ကုန်မြို့ Down Town ဧရိယာအတွင်းမှာရှိတဲ့ နောက်ဖေးလမ်းကြားတွေရဲ့ ဧရိယာအားလုံးပေါင်းလိုက်ရင် မဟာဗန္ဓုလပန်းခြံခုနစ်ခုစာလောက်ရှိနိုင်ပါတယ်။ အဲဒီလိုနေရာတွေကိုသာ အမှန်တကယ် သန့်သန့်ရှင်းရှင်းလုပ်ပြီး ရေရှည်ထိန်းသိမ်းသွားမယ်ဆိုရင် အဖိုးမဖြတ်နိုင်တဲ့အပန်းဖြေနေရာတွေ ရလာမှာဖြစ်ပါတယ်''ဟု ကိုကျော်စည်သူက ဆိုသည်။

**ထိန်းသိမ်းတန်ဖိုးထားလို**

နောက်ဖေးလမ်းကြားဥယျာဉ်များ အသုံးပြုလာခြင်းအားဖြင့် ပြည်သူများ၏ အမြင်များ ပြောင်းလဲသွားနိုင်ကြောင်း၊ နောက်ဖေးလမ်းကြားဟုဆိုလိုက်လျှင် များသောအားဖြင့် အမှိုက်ပစ်ရန်အတွက်သာ ပိုမိုအားသန်ကြကြောင်း၊ ယခုကဲ့သို့ ဥယျာဉ်များဖြစ်လာပြီး အမြဲတမ်းဝင်ထွက်သွားလာအသုံးပြုနေသူများရှိနေသည်ဆိုသည့်အတွေးများ ဝင်လာပါက အမှိုက်ပစ်ရန် ဝန်လေးသွားကြမည်ဖြစ်ကြောင်း၊ နောက်ဖေးလမ်းကြားများက အပန်းဖြေရာနေရာအဖြစ် အသုံးဝင်သည်ဆိုသည်ကို သိရှိသွားကြခြင်းဖြင့် ထိန်းသိမ်းတန်ဖိုးထားလိုစိတ်များ ပိုမိုဖြစ်ထွန်းလာစေနိုင်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ပထမဆုံးနောက်ဖေးလမ်းကြားဥယျာဉ်အား ၂၀၁၇ ခုနှစ် ဇွန်လတွင် စတင်ဖွင့်လှစ်ခဲ့ပြီး ယခုမေလဆန်းတွင် ဖွင့်လှစ်မည့်ဥယျာဉ်မှာ ခုနစ်ခုမြောက်ဖြစ်ကြောင်း၊ ရှစ်ခုမြောက်ဥယျာဉ်ကို မေ ၂၀ ရက်ခန့်တွင် လမ်း(၃၀)နှင့် ဗိုလ်ဆွန်ပက်လမ်း(အထက်ဘလောက်)၌ ဖွင့်လှစ်သွားမည်ဟု မျှော်လင့်ထားကြောင်း ဒို့အိမ်အဖွဲ့အစည်းမှ သိရသည်။

**သတင်း-ကိုထက်**

**ဓာတ်ပုံ-ရာမည**

**မီးမီးနေအိမ်တွင်**

(၁) အိမ်နှင့်ခြံဝင်းအတွင်း အမှိုက်သရိုက်များကို ရှင်းလင်းဖယ်ရှားထားပါ။
(၂) မီးချိတ်၊ မီးကာပ်၊ သဲပုံး၊ ရေပုံး၊ လှေကားများကို စနစ်တကျထားရှိပါ။
(၃) မီးငြိမ်းသတ်ရန် သီးသန့်ရေလှောင်ထားပါ။
(၄) အိမ်တိုင်းတွင် မီးသတ်ဆေးဘူးဆောင်ထားပါ။
(၅) လောင်စာဆီများ မသိုလှောင်ပါနှင့်။
(၆) လောင်စာဆီအနီး မီးခြစ်ခြစ်ခြင်း၊ ဖယောင်းတိုင်ထွန်းခြင်း မပြုပါနှင့်။
(၇) ခြင်ဆေးခွေ၊ အမွှေးတိုင်၊ ဖယောင်းတိုင်များကို အောက်ခံခွက်မပါဘဲ အသုံးမပြုပါနှင့်။
(၈) လူစောင့်မရှိဘဲ ဖယောင်းတိုင်မီး ထွန်းမထားပါနှင့်။
(၉) ဆေးလိပ်တိုများကို မီးငြိမ်းပြီးမှ စွန့်ပစ်ပါ။

**ဓာတ်ဆီပြည့်လျှင်၊ ဓာတ်ဆီဖလှယ်လျှင်**

(၁) စက်နိုးထားစဉ် ဆီမထည့်ရ၊ ဆီထည့်စဉ် လက်ကိုင်ဖုန်း မသုံးရ၊
(၂) ဖယောင်းတိုင်မီးဖြင့်ကြည့်ခြင်း၊ ဆေးလိပ်သောက်ခြင်း မပြုလုပ်ရ၊
(၃) ရာသီဥတုပူပြင်းချိန် ပလပ်စတစ်ပုံး သုံးခြင်း ရှောင်ပါ။
(၄) လောင်စာဆီကို အင်ဂျင်ပန့်ဖြင့် တွန်းပို့ရွှေ့ပြောင်းခြင်းမပြုရ၊
(၅) ပွတ်တိုက်မှု (Friction)မှ သဘာဝတည်ငြိမ်လျှပ်စစ် (Static Electricity) ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်နိုင်သည်။



# မောင်တောမြို့နယ်၌ ARSA အဖွဲ့ မိုင်းထောင်ဖောက်ခွဲပြီး လက်နက်ငယ်များဖြင့် ပစ်ခတ်သည့်နေရာတစ်ဝိုက်မှ လက်လုပ်မိုင်းနှင့် ဆက်စပ်ပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများ သိမ်းဆည်းရမိ

**မောင်တော ဧပြီ ၂၃**

မောင်တောမြို့နယ် တောင်ပြို(ယာ) နယ်မြေရုံးမှ ကြိမ်ချောင်းနယ်မြေရုံးသို့ လုံခြုံရေးလိုက်ပါဆောင်ရွက်သည့် ရဲတပ်ဖွဲ့ပိုင်မော်တော်ယာဉ်တစ်စီးအား ဧပြီ ၂၂ ရက် နံနက်ပိုင်းတွင် ဇီးပင်ချောင်းလမ်းဆုံနှင့် လိပ်ရလမ်းဆုံကြား၌ ARSA အဖွဲ့နှစ်ဖွဲ့က မိုင်းဆွဲတိုက်ခိုက်ခဲ့ပြီး လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် မိမိတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ကြောင်း၊ ဖြစ်စဉ်တွင် ယာဉ်မောင်း ရဲဒုတပ်ကြပ် ရှိုင်းထက်အောင်၏ ယာမျက်လုံး ယမ်းငွေ့ရိုက်သည့်ဒဏ်ရာ(မစိုးရိမ်ရ) ရရှိခဲ့ကြောင်းနှင့် အဆိုပါနေရာအား တပ်မတော်







စစ်ကြောင်းများနှင့် ပူးပေါင်းရှင်းလင်းလျက်ရှိကြောင်း ဧပြီ ၂၂ ရက်တွင် သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ရှင်းလင်းရှာဖွေရာ တိုက်ပွဲဖြစ်ပွားသည့် နေရာ၏ အရှေ့တောင်ဘက် မီတာ ၅၀ ခန့်အကွာရှိ မိုင်းဆွဲသည့် တောင်ကုန်းနေရာမှ ၅ ဒသမ ၅၆ နှင့် ၇ ဒသမ ၆၂ ကျည်ခွံများ၊ လက်လုပ်မိုင်းတစ်လုံးတို့ကို တွေ့ရှိရကြောင်း၊ ထို့ပြင် တစ်ဖက်ပိတ်သံပိုက်အတွင်း ဘောစိနှင့် ယမ်းများ ထည့်သွင်းထားသော ကိုက် ၅၀ ခန့်ရှိ ဝါယာကြိုးတပ်ဆင်ထားသည့် အချင်း သုံးလက်မ၊ အရှည် သုံးပေခန့်ရှိ သံပိုက်လုံးတစ်လုံး၊ ဘက်ထရီအိုးဟောင်း သုံးလုံးတို့ကို လည်းကောင်း၊ တိုက်ပွဲဖြစ်နေရာ၏ အရှေ့မြောက်ဘက် မီတာ ၁၀၀ ခန့်အကွာ တောင်ကုန်းပေါ်၌ ထမင်းထုပ်၊ ရေသန့်ဘူးခွံ၊ အခွေးထည် တစ်ထည်၊ သံတူးရွင်း တစ်ချောင်းနှင့် ကျည်ခွံများအား လည်းကောင်း တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း၊ မိုင်းထောင်ဖောက်ခွဲသူများအား ကြိမ်ချောင်းရဲစခန်း၌ အမှုဖွင့်ထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**သတင်းစဉ်**

# ဖားကန့်၌ နွံကန်ပေါက်ကျမှုကြောင့် လူ ၅၀ ကျော်နှင့် ဘက်ဟိုးယာဉ် ၁၅ စီးကျော် နွံအတွင်း နစ်မြုပ်ပျောက်ဆုံး

**ဖားကန့် ဧပြီ ၂၃**

ကချင်ပြည်နယ် ဖားကန့်မြို့နယ်အတွင်း ယနေ့နံနက် အစောပိုင်းက ကျောက်မျက်တူးဖော်ရေးလုပ်ကွက်အဟောင်း၏ နွံကန်ပေါက်ကျခဲ့၍ ကျောက်စိမ်းတူးဖော်ရေးလုပ်ကွက်တွင် ညပိုင်းအလုပ်ဆင်းသူ ၅၀ ကျော်နှင့် ဘက်ဟိုးယာဉ် ၁၅ စီးကျော် နွံများအတွင်း နစ်မြုပ်ပျောက်ဆုံးနေကြောင်း သိရသည်။

**ကန်ကျိုးပေါက်ကာ နွံများစီးဝင်**

ဖြစ်စဉ်မှာ ယနေ့ နံနက် ၀၀ နာရီ မိနစ် ၂၀ ခန့်က ဖားကန့်မြို့၏ အနောက်ဘက် သုံးမိုင်ခန့်အကွာ မော်ဝမ်းကျေးရွာအုပ်စု မော်ဝမ်းကလေးကျေးရွာအနီးရှိ ကျောက်မျက်တူးဖော်ရေးလုပ်ကွက်များတွင် ဝင်ရောက်လုပ်ကိုင်နေသော ကချင်အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီ (KNDCP) နှင့် မြန်မာသူရကုမ္ပဏီတို့ ပူးပေါင်းတူးဖော်နေသည့် လုပ်ကွက်နှင့် ရွှေနဂါးကိုးကောင်ကုမ္ပဏီ(မော်ဝမ်းကလေးလုပ်ကွက် ၇၉) လုပ်ကွက်များအတွင်းသို့ ၎င်းတို့အထက်ဘက်တွင်ရှိသည့် ယူနတီကုမ္ပဏီ လုပ်ကွက်အဟောင်း၏ အနက်ပေ ၁၀၀ ခန့်၊ အကျယ် ငါးဧကခန့်ရှိ နွံကန်ကျိုးပေါက်ကာ နွံများစီးဝင်ခဲ့သည်။

**ရှာဖွေကယ်ဆယ်ရေးများ ဆက်လက်ဆောင်ရွက်**

အဆိုပါနွံများစီးဝင်ခဲ့မှုကြောင့် ရွှေနဂါးကိုးကောင်ကုမ္ပဏီမှ လုပ်သားဝန်ထမ်း ၂၆ ဦး၊ ဘက်ဟိုးယာဉ် ငါးစီး၊ မြေသယ်ယာဉ် ကိုးစီး၊ မြန်မာသူရကုမ္ပဏီမှ လုပ်သားဝန်ထမ်း ၂၈ ဦး၊ ဘက်ဟိုးယာဉ် ၁၁ စီး၊ မြေသယ်ယာဉ် ၁၀ စီး၊ မိုင်းဖောက်စက် ငါးစီး နွံများ ဖုံးလွှမ်းပျောက်ဆုံးနေကြောင်းနှင့် တာဝန်ရှိသူများက ရှာဖွေကယ်ဆယ်ရေးများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါနေရာသို့ ဖားကန့်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဝင်းအောင်၊ ဖားကန့်မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးဖုန်ဂရိန်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးလျက်ရှိကြောင်း သိရသည်။

"ဖြစ်တာက ည ၁၂ နာရီဝန်းကျင်မှာဖြစ်တာပါ။ ကုမ္ပဏီမှာက အလုပ်ချိန်ကို နေ့ပိုင်းနဲ့ ညပိုင်းခွဲထားတာပါ။ အခုဖြစ်တာက ညပိုင်းသမားတွေ ဖြစ်သွားတာ၊ ဖြစ်ဖြစ်ချင်း ကျွန်တော်တို့သွားကြည့်ပါတယ်။ အော်သံတွေလည်း ဆူညံနေတယ်။ ကယ်တဲ့သူတွေလည်း ကယ်နေကြတယ်။ ညကြီးဆိုတော့ ရေမဆေးသမားတွေမရှိဘူး။ ရေမဆေးသမားတွေ ဝင်ရမယ့်အချိန်လည်းမဟုတ်တော့ ကုမ္ပဏီကလူတွေပဲရှိကြတာပါ။ မနက်လင်းတော့ ရဲတွေ၊ မီးသတ်တပ်ဖွဲ့ဝင်တွေ ကယ်ဆယ်ရေးလုပ်နေတာ တွေ့ရပါတယ်။ ကျွန်တော်



တို့ ကုမ္ပဏီကတော့ ပျောက်ဆုံးသူ ၂၈ ဦးရှိတယ်လို့ စာရင်းထုတ်ပြန်ထားတယ်လို့ သိရပါတယ်"ဟု မြန်မာသူရကျောက်မျက်တူးဖော်ရေးကုမ္ပဏီမှ မြေသယ်ယာဉ်မောင်းနှင်သူ ကိုမင်းသိန်းထွန်းက ပြောသည်။

"ကြိုးစားပြီးတော့ ရှာနေကြပါတယ်။ ကျွန်တော့်အမြင်ကတော့ ရှာဖွေဖို့ တော်တော်ခက်ပါလိမ့်မယ်။ ဒါပေမယ့် လူသားချင်းစာနာထောက်ထားတဲ့အနေနဲ့ အားစိုက်ပြီး ရှာဖွေကြမှာပါ။ ကျွန်တော်တို့ သင်္ဂဟလူမှုကူညီရေးအသင်း(ဆိပ်မူ)ကတော့ ကားခြောက်စီး၊ လူအင်အားခြောက်ဆယ်လောက်နဲ့ ရှာဖွေကယ်ဆယ်ရေးတွေ ဝိုင်းကူလုပ်ပေးနေကြပါတယ်"ဟု သင်္ဂဟလူမှုကူညီရေးအသင်း(ဆိပ်မူ)ဥက္ကဋ္ဌ ဦးခင်မောင်က ပြောသည်။

**ပြိုကျဖို့ရှိတဲ့ နေရာအနီးတစ်ဝိုက်ကို ရှင်းလင်း**

"နွံကန်ပြိုကျရာမှာ အမှန်တကယ်ပျောက်ဆုံးနေတာက ၅၄ ဦးပါ။ မနက်ပိုင်းမှာ သေဆုံးနေတဲ့ ရုပ်အလောင်းနှစ်လောင်းရှာဖွေတွေ့ရှိတယ်။ ညနေပိုင်းမှာ ရုပ်အလောင်းတစ်လောင်း ထပ်ပြီးတွေ့ပြန်ပါတယ်။ ရှာဖွေတွေ့ရှိတာ သုံးလောင်းဆိုတော့ ၅၁ ဦး ပျောက်ဆုံးနေဆဲပါ။ ရှာဖွေကယ်ဆယ်ဖို့အတွက်တော့ ကုမ္ပဏီစက်ယန္တရားတွေနဲ့ ရှာဖွေနေကြပါတယ်။ နွံကန်အတွင်းထဲလည်းဝင်လို့မရဘူး။ အတွင်းထဲမှာ ပေ ၁၀၀ ကျော်လောက် အနက်ရှိမယ်ထင်တယ်။ ဒါကြောင့် ကျင်းနှုတ်ခမ်းဝနဲ့ ပြိုကျသွားတဲ့ ကန်ပတ်လည်က ဆက်ပြီးတော့ ပြိုကျလာဖို့ အလားအလာရှိတဲ့နေရာ အနီးတစ်ဝိုက်ကို ရှင်းလင်းနေပါတယ်"ဟု ဖားကန့်မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးဖုန်ဂရိန်က ပြောသည်။

ဧပြီ ၂၃ ရက် ည ၇ နာရီအထိ နွံကန်ပြိုကျရာတွင် သေဆုံးလျက်ရှာဖွေတွေ့ရှိရသူ မြန်မာသူရကုမ္ပဏီမှ ဝင်းထွန်းဦးနှင့် လှိုင်မိုးမင်း၊ ရွှေနဂါးကိုးကောင်ကုမ္ပဏီမှ ငွန်ဇာကမ်တို့သုံးဦး၏ ရုပ်အလောင်းများကို ရှာဖွေတွေ့ရှိထားပြီး ကျန်ရှိသည့် ၅၁ ဦးအား ဆက်လက်ရှာဖွေလျက်ရှိကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**



# ပဲခွယ်ကုန်းမြို့၌ အဆောက်အအုံဆောက်လုပ်ရန် မြေတူးရာမှ ဗုံးသီးဟောင်း ၉၀ တွေ့ရှိ

**ပဲခွယ်ကုန်း ဧပြီ ၂၃**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပဲခွယ်ကုန်းမြို့၌ အဆောက်အအုံဆောက်လုပ်ရန် မြေကျင်းတူးရာမှ ဗုံးသီးဟောင်းများ တွေ့ရှိခဲ့သည်။

ဖြစ်စဉ်မှာ ဧပြီ ၂၂ ရက် ညနေ ၅ နာရီခန့်က ပဲခူးတိုင်းဒေသကြီး ပဲခွယ်ကုန်းမြို့ ရန်ကုန်-မန္တလေးကားလမ်းဟောင်းအနီး ပြည်တော်သာရပ်ကွက် ခြံအမှတ်(၂၈)၌ အဆောက်အအုံဆောက်လုပ်ရန် မြေတူးရာမှ အလျား ၁၅ လက်မ၊ လုံးပတ် ၁၂ လက်မခန့်ရှိ ဗုံးသီးဟောင်း အလုံး ၉၀ အား တွေ့ရှိကြောင်း သတင်းအရ နယ်မြေရဲစခန်းမှ တာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ပြီး တာဝန်ရှိသူများထံ အပ်နှံထားကြောင်း သိရသည်။

"စတူးပြီး သုံးရက်မြောက်နေ့မှာ တွေ့တာပါ။ ဗုံးသီးတွေက အများကြီးပဲ။ အခုလည်း အလုံး ၉၀ ဆိုပေမယ့် အောက်မှာ အများကြီးတွေ့နေရသေးတယ်။ ထပ်တူးရင် တွေ့ဦးမယ်ထင်တယ်။ လောလောဆယ်တော့ မနေ့ကတွေ့တဲ့ ဗုံးသီးတွေကို နယ်မြေခံတပ်မှ လာယူပါတယ်"ဟု ရပ်ကွက်နေပြည်သူတစ်ဦးက ပြောသည်။ **ဖြိုးကိုလင်း(ညောင်ဝိုင်း)**

# သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာပါက အချိန်မီရှာဖွေကယ်ဆယ်ပေးနိုင်ရန် သရုပ်ပြလေ့ကျင့်မှုများ ဆောင်ရွက်

**မန္တလေး ဧပြီ ၂၃**

မန္တလေးတိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာပါက အချိန်မီ ကူညီရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ပေးနိုင်ရန် အတွက် သရုပ်ပြလေ့ကျင့်မှုလုပ်ငန်းကို ချမ်းမြသာစည်မြို့နယ် လေယာဉ်ကွင်းဟောင်းအတွင်း ဆောင်ရွက်လျက်ရှိကြောင်း တိုင်းဒေသကြီး ဗဟိုမီးသတ်စခန်းမှ ညွှန်ကြားရေးမှူး ဦးသန်းဇော်ဦးက ပြောကြားသည်။

အဆိုပါ သရုပ်ပြလေ့ကျင့်မှုများကို မန္တလေးမြို့ပေါ်တွင် ရှာဖွေကယ်ဆယ်ရေးအတွက် ဖွဲ့စည်းထားသော သန္နေအရန်တပ်ဖွဲ့ ၁၁၆ ဦးဖြင့် ငလျင်ဘေးလုပ်ငန်းများအပြင် အခြား ရေဘေး၊ မီးဘေး၊ လေဘေး စသည့် သဘာဝဘေးများအတွက်ပါ ကူညီကယ်ဆယ်ပေးနိုင်ရေး ကြိုတင်ပြင်ဆင်မှုများအဖြစ် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့များသည် မြန်မာနိုင်ငံတွင် ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့၌သာရှိပြီး သဘာဝဘေးများဖြစ်ပေါ်လာပါက အဆိုပါအဖွဲ့များမှ သွားရောက်ရှာဖွေ ကယ်ဆယ်ဆောင်ရွက်ပေးနေကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**















# ထာဝရငြိမ်းချမ်းရေးစေတီတော်၏ ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ ရတနာစိန်ဖူးတော်နှင့် စကျင်ရုပ်ပွားတော်နှစ်ဆူ သထုံမြို့သို့ ရောက်ရှိအပူဇော်ခံ

**သထုံ မေ ၂၃**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်း ကံ့ကော်ပန်းအဝိုင်းအနီးတွင် တည်ထားကိုးကွယ်လျက်ရှိသော ထာဝရငြိမ်းချမ်းရေးစေတီတော်၌ ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်များ၊ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို ပြည်နယ်နှင့်တိုင်းဒေသကြီးတို့သို့ လှည့်လည်အပူဇော်ခံ



လျက်ရှိရာ မေ ၂၃ ရက် နံနက် ၁၀ နာရီခွဲက မွန်ပြည်နယ် သထုံမြို့သို့ရောက်ရှိပြီး ကြွချီအပူဇော်ခံကာ ရွှေစာရံဘုရားကြီး၌ တစ်ညတာ ကိန်းဝပ်စံပယ်တော်မူခဲ့ကြောင်း သိရသည်။

စကျင်ဗုဒ္ဓရုပ်ပွားတော်များ၊ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော် ဘုံအဆင့်ဆင့်တို့အား ကရင်ပြည်နယ် ဘားအံမြို့မှတစ်ဆင့် သထုံမြို့သို့ပင့်ဆောင်လာရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မာမာခိုင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွဋ်၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဝတ်အသင်းအဖွဲ့များက ဒူးရင်းဆိပ်ကျေးရွာဒုံသမိတံတားထိပ်မှ သထုံမြို့တွင်းသို့ ကြိုဆိုပင့်ဆောင်ကြပြီး ဒေသစာရီကြွချီအပူဇော်ခံရာ လမ်းကြောင်းတစ်လျှောက်တွင် ပြည်သူအများက သောင်းသောင်းဖြဖြ ဖူးမြော်ကြည်ညိုကြကာ စေတီတော်တည်ထားကိုးကွယ်ရေးအတွက် လှူဖွယ်ပစ္စည်းများ လှူဒါန်းကြသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစဉ်ထာဝရ ငြိမ်းချမ်းသာယာဖွံ့ဖြိုးတိုးတက်စေရန် ရည်သန်လျက် ရွှေပါရမီတောရဆရာတော်အရှင်ဆန္ဒာဓိက ဦးဆောင်၍ နိုင်ငံသူ နိုင်ငံသားများ စုပေါင်းအင်အားဖြင့် ထာဝရငြိမ်းချမ်းရေးစေတီတော်မြတ်ကြီးကို တည်ထားကိုးကွယ်လျက်ရှိပြီး စေတီတော်၌ ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်များ၊ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့အား မေ ၂၃ ရက်တွင် သထုံမြို့ရွှေစာရံစေတီတော်မြတ်ကြီး၌ တစ်ညတာအပူဇော်ခံထားရှိကာ သုဝဏ္ဏဘူမိ သာသနာ့ဗိမာန်တော်ကြီး၌ ထာဝရငြိမ်းချမ်းရေးဓမ္မသဘင်ကို ကျင်းပပြီး မေ ၂၄ ရက်တွင် သထုံမြို့မှတစ်ဆင့် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့သို့ ဆက်လက်ကြွချီအပူဇော်ခံထားရှိမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

## တရုတ်နိုင်ငံမှ ရောက်ရှိလာသော မြန်မာလုပ်သား ၂၃ ဦး မုံရွာမြို့သို့ ပြန်လည်ရောက်ရှိ

**မုံရွာ မေ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကနီ၊ ဘုတလင်နှင့် ဒီပဲယင်းမြို့နယ်တို့မှ တရုတ်နိုင်ငံသို့ တရားမဝင် အလုပ်သွားရောက်လုပ်ကိုင်သည့် လုပ်သား ၂၃ ဦးသည် မေ ၂၃ ရက် နံနက်ပိုင်းက မုံရွာမြို့သို့ ပြန်လည်ရောက်ရှိခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် တာဝန်ရှိသူများက တိုင်းဒေသကြီးအားကစားကွင်းအတွင်း တွေ့ဆုံအားပေးစကားပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်သည်။

၎င်းလုပ်သား ၂၃ ဦးအား စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ နေရပ်ပြန်လုပ်သားတစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ တိုင်းဒေသကြီးဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာနမှ လမ်းစရိတ် ငွေကျပ် ၁၅၀၀၀ နှုန်း၊ စားစရိတ် ငွေကျပ်၉၀၀၀ နှုန်းနှင့်ကယ်ဆယ်ရေးပစ္စည်းလေးမျိုးတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့သို့ ပြန်လည်ရောက်ရှိလာသော လုပ်သား ၂၃ဦးတွင် ကနီမြို့နယ်မှ ငါးဦး၊ ဘုတလင်မြို့နယ်မှ ၁၅ ဦးနှင့် ဒီပဲယင်းမြို့နယ်မှ သုံးဦးတို့ပါဝင်ကြောင်းနှင့် ၎င်းလုပ်သားများကို မုံရွာမြို့ရှိ ပြည်သူ့အားကစားကွင်းအတွင်းရှိ အိပ်ဆောင်များတွင် နေရာချထားပေးလျက်ရှိပြီး သက်ဆိုင်ရာမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများထံသို့ လွှဲပြောင်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ဝင်းဦး(ဇေယျာတိုင်း)**

## စိတ်ပိုင်းဆိုင်ရာပြုပြင်ပြောင်းလဲမှုများ မလုပ်နိုင်ပါက ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုများပျက်စီး

**ရေတာရှည် မေ ၂၃**

ရေတာရှည်မြို့နယ် ဝဲဒေါင့်ကျေးရွာ ကျောင်းကုန်းဘုန်းတော်ကြီးကျောင်း၌ မေ ၂၃ ရက် နံနက် ၉ နာရီက ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် ဒေသခံပြည်သူလူထုတွေ့ဆုံပွဲ




ကျင်းပသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက ရုပ်ပိုင်းဆိုင်ရာဖြစ်တဲ့ လမ်း၊ တံတား၊ လျှပ်စစ်မီး၊ အဆောက်အအုံများကို မြန်မြန်ဆန်ဆန် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်၍ရသော်လည်း စိတ်ပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ မလုပ်ဆောင်နိုင်ပါက ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများ အချိန်မရွေး ပျက်စီးသွားနိုင်ကြောင်း၊ ဒါကြောင့် ပထမဦးစွာ ယုံကြည်မှုများ တည်ဆောက်ရာတွင် မတူကွဲပြားမှုများကို နားလည်လက်ခံပြီး အတူပူးပေါင်းဆောင်ရွက်ခြင်းကသာ ယဉ်ကျေးသော၊ စည်းကမ်းရှိသော၊ တည်ငြိမ်အေးချမ်းသော လူ့အခွင့်အရေးကို အခြေခံသည့် ဒီမိုကရက်တစ် လူ့အသိုက်အဝန်းတစ်ခုကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာ တင်တင်ဝင်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မိုးနိုင်တို့က ပြည်သူလူထုနှင့် လာရောက်တွေ့ဆုံရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြသည်။

ထို့နောက် ဒေသခံပြည်သူများက မြေယာကိစ္စများ၊ ပညာရေး၊ ကျန်းမာရေးနှင့် လျှပ်စစ်မီး လိုအပ်ချက်တင်ပြခဲ့ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ဟိန်းထက်(ပဲခူး)**

## အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေး ညောင်လေးပင်မြို့တွင် အသိပေးဟောပြော

**ညောင်လေးပင် မေ ၂၃**

နေ့အပူချိန်များ မြင့်တက်လာနေမှုကြောင့် ညောင်လေးပင်မြို့နယ်အတွင်း ဒေသခံပြည်သူများ အပူဒဏ်ကြောင့်ဖြစ်ပေါ်တတ်သော အနာရောဂါဘေးမှကင်းဝေးပြီး ကာကွယ်တတ်စေရန်အတွက် အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်ရေးအသိပညာပေးခြင်းလုပ်ငန်းများကို မေ ၂၃ ရက်က ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်ပြည်သူ့ဆေးရုံနှင့် ကျေးလက်ကျန်းမာရေးဌာနများ၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အသိပညာပေးလုပ်ငန်းများဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသောင်းဒန်ဦးနှင့် ဝန်ထမ်းများက ညောင်လေးပင်မြို့ စေတနာလူမှုကူညီရေးအသင်း၏ ကူညီမှုဖြင့် မော်တော်ယာဉ်နှင့်အသံချဲ့စက်များအသုံးပြုကာ မြို့တွင်းသို့ အပူဒဏ်ကာကွယ်ရေး နှိုးဆော်ချက်များကို လိုက်လံအသိပေးကြေညာပြီး မြို့နယ်ပြည်သူ့ဆေးရုံတွင် တက်ရောက်နေသော လူနာနှင့် လူနာစောင့်များကိုလည်း အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာဗဟုသုတများ ပညာပေး ရှင်းလင်းဟောပြောခဲ့ကြသည်။

ထို့ပြင်ညောင်လေးပင်မြို့နယ်အတွင်းရှိ ဆေးရုံများနှင့် ကျေးလက်ကျန်းမာရေးဌာနများ၌ အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး ဗီနိုင်းပိုစတာများ ချိတ်ဆွဲနှိုးဆော်ပေးခြင်းနှင့် အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **နေလင်း(ညောင်လေးပင်)**

## မန္တလေးမြို့တွင် တိုင်းဒေသကြီးအဆင့် ကမ္ဘာ့ကျန်းမာရေးနေ့အခမ်းအနား ကျင်းပ

**မန္တလေး မေ ၂၃**

တိုင်းဒေသကြီးအဆင့် ကမ္ဘာ့ကျန်းမာရေးနေ့အထိမ်းအမှတ်အခမ်းအနားကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ မြန်မာနိုင်ငံ ဆရာဝန်များအသင်း အစည်းအဝေးခန်းမ၌ မေ ၂၃ ရက် နံနက် ၈ နာရီကကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အဖွင့်အမှာစကားပြောကြားသည်။

၂၀၁၈ ခုနှစ် ကျန်းမာရေးလုပ်ငန်း စွမ်းဆောင်ရည်ကောင်းမွန်သော မြို့နယ်ဆေးရုံများ၊ တိုက်နယ်ဆေးရုံများနှင့် မြို့နယ်များအား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။




၎င်းနောက် ဗဟိုအဆင့် ကမ္ဘာ့ကျန်းမာရေးနေ့အထိမ်းအမှတ်အခမ်းအနားတွင် ဂုဏ်ပြုဆုရရှိခဲ့သည့် မြို့နယ်နှင့် တိုက်နယ်ဆေးရုံတို့ မှ တာဝန်ရှိသူများက ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများကို ပြောကြားသည်။

ယင်းနောက်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ခင်းကျင်းပြသထားသော ကျန်းမာရေးအသိပညာပေး ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။ **သန်းဇော်မင်း(ပြန်/ဆက်)**

# သောက်သုံးရေ ခက်ခဲလျက်ရှိသော ရပ်ကွက်၊ ကျေးရွာများသို့ သောက်သုံးရေများလှူဒါန်း




**မြိတ်**

ယခုနှစ်နွေရာသီတွင် မြိတ်မြို့၌ သာမန်ထက်အပူချိန်ပိုမိုလွန်ကဲမှုကြောင့် အချို့ရပ်ကွက်၊ ကျေးရွာများတွင် သောက်သုံးရေပြတ်လပ်မှုများဖြစ်ပေါ်လျက်ရှိရာ ဧပြီ ၂၂ ရက် ညနေ ၃ နာရီခွဲက မြိတ်မြို့ ရှမ်းချောင်းကြီးကျေးရွာတွင် အမှတ်(၇၆) ယာဉ်ထိန်းရဲတပ်ဖွဲ့မှ သောက်သုံး ရေဂါလန် ၁၈၀၀ ခန့် သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

အမှတ်(၇၆) ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုရဲမှူးကိုကိုဦးစီး၍ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ ရဲမေများက မြိတ်တောင်ကျေးရွာအုပ်စု အရန်မီးသတ်တပ်ဖွဲ့ရှိ မီးသတ်ရေသယ်ယာဉ်နှစ်စီးဖြင့် အဆိုပါသောက်သုံးရေပြတ်လပ်နေသည့် ရှမ်းချောင်းကြီးကျေးရွာတွင် ယာယီဆောင်ရွက်ထားသော ရေသိုလှောင်ကန်အတွင်းသို့ ရေများဖြည့်ဆည်းပေးခြင်း၊ ကျေးရွာနေပြည်သူများ၏ နေအိမ်များတွင် ထားရှိအသုံးပြုနေသည့် ရေပီပါများ၊ ငါးဂါလန်ဆံ့ရေပုံးများကို ရေများဖြည့်ဆည်းပေးကာ သောက်သုံးရေဂါလန် ၁၈၀၀ ခန့် လှူဒါန်းခဲ့ကြောင်း သိရသည်။

**မြိတ်ခရိုင် (ပြန်/ဆက်)**

**မြင်းမူ**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် မကျီးစုကျေးရွာအုပ်စု ကြာပင်လှကျေးရွာရှိ ဒေသခံပြည်သူများ သောက်သုံးရေပြတ်လပ်မှုမဖြစ်ပေါ်စေရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနက ဧပြီ ၂၂ ရက်တွင် ရေများသွားရောက်လှူဒါန်းခဲ့သည်။

ယခုသွားရောက်ပေးပို့လှူဒါန်းခဲ့သော မကျီးစုကျေးရွာအုပ်စု ကြာပင်လှကျေးရွာတွင် အိမ်ခြေ ၆၀၊ အိမ်ထောင်စု ၆၈ စု၊ လူဦးရေ ၂၆၅ ဦးရှိကြောင်း၊ နွေရာသီကာလတွင် ရေရရှိရန်ခက်ခဲသော ကျေးရွာတစ်ရွာဖြစ်ကြောင်း သိရသည်။

**အောင်စိုးဖေ(မြင်းမူ)**




**ချောက်**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်အတွင်း ရေရှားပါးပြတ်လပ်မှုကြုံတွေ့နေရသော ထိန်ကန်အုပ်စု ဝရကုန်းကျေးရွာနေပြည်သူများအတွက် သောက်သုံးရေများကို ချောက်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဌေးဝင်း၊ ချောက်မြို့မရဲစခန်းမှူး ဒုတိယရဲမှူးလှနောင်နှင့် တပ်ဖွဲ့ဝင် ၁၀ ဦးတို့က ဧပြီ ၂၃ ရက် နံနက်ပိုင်းက သွားရောက်လှူဒါန်းခဲ့သည်။

ယင်းသို့ သောက်သုံးရေလှူဒါန်းရာတွင် ရေသယ်ယာဉ်နှစ်စီး ရေဂါလန် ၆၈၀၀ နှင့် သောက်ရေသန့်ဘူးကြီး ၁၀၀ ကို ဝရကုန်းကျေးရွာရှိ အိမ်ခြေ ၉၆ အိမ်၊ လူဦးရေ ၄၆၀၊ ဘုန်းတော်ကြီးကျောင်းတို့အား ဖြန့်ဝေလှူဒါန်းပေးခဲ့ခြင်းဖြစ်သည်။

ချောက်မြို့နယ်ရဲတပ်ဖွဲ့အနေဖြင့် အခြားရေလိုအပ်လျက်ရှိသော ကျေးရွာများသို့လည်း သောက်သုံးရေများ သွားရောက် လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

**ကျော်မိုး(ပြန်/ဆက်)**

**ညောင်ဦး**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ သောက်သုံးရေရှားပါးမှုအခက်အခဲများ ကြုံတွေ့နေရကြောင်းသိရသဖြင့် ပရဟိတရေလှူအသင်းအဖွဲ့များက ဧပြီ ၂၃ ရက် နံနက် ၈ နာရီခွဲက ညောင်ဦးမြို့နယ် ကြို့ပင်သာကျေးရွာ၊ တောရွာကျေးရွာနှင့် ငါ့မင်းမေးကျေးရွာတို့မှ ကျေးလက်နေပြည်သူများထံ သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းပေးခဲ့သည်။

သုမင်္ဂလာပရဟိတရေလှူအသင်းနှင့် မြင်းကပါကျေးရွာ ဖြူစင်မေတ္တာပရဟိတရေလှူအသင်းတို့မှ ဆရာတော် ဦးသုမင်္ဂလ၊ ဆရာတော် အရှင်သာဂရတို့က ဦးဆောင်၍ ပရဟိတရေလှူအသင်းသားအဖွဲ့များက ညောင်ဦးမြို့နယ် တောရွာကျေးရွာ ဒေသခံပြည်သူများအတွက် ရေဂါလန် ၁၃၀၀၊ ငါ့မင်းမေးကျေးရွာ ဒေသခံပြည်သူများအတွက် ရေဂါလန် ၁၃၀၀၊ ကြို့ပင်သာကျေးရွာဒေသခံပြည်သူများအတွက် ရေဂါလန် ၁၃၀၀ စုစုပေါင်းရေဂါလန် ၃၉၀၀ ကို အိမ်ထောင်စုအလိုက် သောက်သုံးရေဖူလုံစွာသုံးစွဲနိုင်ရေးအတွက် ရေသယ်ယာဉ်များဖြင့် စနစ်တကျ ခွဲဝေလှူဒါန်းခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**




**ဖာပွန်**

ကရင်ပြည်နယ် ဖာပွန်မြို့နယ်မီးသတ်ဦးစီးဌာနမှ သောက်သုံးရေခက်ခဲလျက်ရှိသော ရပ်ကွက်၊ ကျေးရွာများသို့ ဧပြီ ၂၂ ရက် နံနက် ၁၁ နာရီက ဖာပွန်မြို့နယ် မဲသလွတ်ကျေးရွာဘုန်းတော်ကြီးကျောင်း၌ သွားရောက်လှူဒါန်းခဲ့သည်။

သောက်သုံးရေများ သွားရောက်လှူဒါန်းရာတွင် ဧပြီ ၁၇ ရက်မှစ၍ ဖာပွန်မြို့နယ်ရှိ တံခွန်တိုင်ကျေးရွာအုပ်စု ဝေ့မှုန်ကျေးရွာနှင့် ဘုန်းတော်ကြီးကျောင်းသို့လည်းကောင်း၊ မဲသလွတ်ကျေးရွာအုပ်စု မဲသလွတ်ကျေးရွာ ဘုန်းတော်ကြီးကျောင်းနှင့် ရဲဘော်ဟောင်းအပိုင်းသို့လည်းကောင်း၊ အမှတ်(၂)ရပ်ကွက် စာသင်ကျောင်းသို့လည်းကောင်း သောက်သုံးရေဂါလန် စုစုပေါင်း ၁၃၆၀၀ ကျော်ကို မြို့နယ်မီးသတ်ဦးစီးမှူးနှင့် ဝန်ထမ်းများက သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ရေပြတ်လပ်နေသော ကျေးရွာနေပြည်သူများမှာ ယခုလိုနွေရာသီတွင် ရပ်ကွက်၊ ကျေးရွာများရှိ စက်ရေတွင်းကိုသာ သောက်သုံးရေအတွက် အဓိကမှီခိုအားထားနေရသည်ဖြစ်ရာ ယခုရေတွင်းပျက်ချိန်နှင့် ရေများခန်းခြောက်ချိန်၌ သောက်သုံးရေအခက်အခဲကြုံရခြင်းဖြစ်ကြောင်း ဒေသခံပြည်သူတစ်ဦးထံမှ သိရသည်။

**ကျော်ဝဏ္ဏ(ပြန်/ဆက်)**

**ပလောက်**

တနင်္သာရီတိုင်းဒေသကြီး ပလောက်မြို့အမှတ်(၃) ရပ်ကွက်၌ သောက်သုံးရေပြတ်လပ်မှု မရှိစေရေးအတွက် ရပ်ကွက်နေပြည်သူများထံ လှူဒါန်းခြင်းကို ဧပြီ ၂၃ ရက် နံနက် ၈ နာရီက သောက်သုံးရေ သွားရောက်လှူဒါန်းခဲ့သည်။

အဆိုပါလှူဒါန်းရာတွင် ပလောက်မြို့မီးသတ်ဦးစီးဌာနမှ မီးသတ်ရေသယ်ယာဉ်ဖြင့် ရေဂါလန် ၁၂၀၀ ကို သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ပလောက် (ပြန်/ဆက်)**

## ဟသ်ာတတွင် စက်ရေတွင်းတူးဖော်

**ဟသ်ာတ ဧပြီ ၂၃**

ဟသ်ာတမြို့နယ်၌ နွေရာသီရေပြတ်လပ်မှုမရှိစေရေးနှင့် သန့်ရှင်းသောသောက်သုံးရေများ ဖူလုံစွာရရှိရေးအတွက် ကျေးရွာသုံးရွာတွင် စက်ရေတွင်း၊ ရေလှောင်ကန်နှင့် အမြင့်တင်ရေစက်ရုံတို့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တူးဖော်ပေးနေကြောင်း သိရသည်။

ရေရရှိရေးဆောင်ရွက်နေသည့် စမ်းအိုင်၊ ဘိန်းစားကုန်း၊ ချင်းကွင်းကျေးရွာတို့တွင် တွင်းအကျယ် လေးလက်မ၊ အနက်ပေ ၄၀၀ တွင်းနက်အမျိုးအစားတူးဖော်နေပြီး ရေစက်ရုံနှင့် ရေလှောင်ကန်တို့ကို တင်ဒါရကုမ္ပဏီများက တူးဖော်ဆောက်လုပ်နေခြင်းဖြစ်ကြောင်း၊ ဧပြီ ၂၃ ရက်က ဟသ်ာတခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်သက်ရှည်က ကွင်းဆင်းစစ်ဆေးပြီး လုပ်ငန်းများ အရည်အသွေး၊ စံချိန်စံညွှန်းပြည့်မီရေးနှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးအတွက် ကြပ်မတ်ဆောင်ရွက်သွားရန် မှာကြားခဲ့သည်။

**ကျော်ကျော်(ပြန်/ဆက်)**

## မကျီးပင်တဲကျေးရွာတွင် စက်ရေတွင်းတူးဖော်

**မိတ္ထီလာ ဧပြီ ၂၃**

မိတ္ထီလာမြို့နယ် မကျီးပင်တဲကျေးရွာတွင် သောက်သုံးရေစက်ရေတွင်း အကျယ်လေးလက်မ၊ အနက် ပေ ၂၀၀ တူးဖော်မှုကို ဧပြီ ၂၃ ရက် နံနက် ၉ နာရီက တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။

“မကျီးပင်တဲကျေးရွာမှာ သောက်သုံးရေအတွက် အခက်အခဲရှိနေတာကြောင့် အခုလို သောက်သုံးရေစက်ရေတွင်းတူးဖော်ပေးတာ ဖြစ်ပါတယ်။ ရေအရည်အသွေး၊ သောက်သုံးရန်ကောင်းမွန်ခြင်းရှိ-မရှိကိုလည်း တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဓာတ်ခွဲခန်းကို ပို့ဆောင်စမ်းသပ်ပေးမှာဖြစ်ပါတယ်။ လေးလက်မ စက်ရေတွင်း ပေ ၂၀၀ နဲ့အတူ လိုအပ်တဲ့ ရေစုပ်စက်အင်ဂျင်၊ အုတ်ရေကန်များလည်း ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်” ဟု ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသင်းမင်းလတ်က ပြောသည်။

ယခုနှစ်တွင် မိတ္ထီလာမြို့နယ်အတွင်း ကျေးရွာရှစ်ရွာ၌ သောက်သုံးရေစက်ရေတွင်း တွင်းတိမ်နှစ်တွင်း၊ တွင်းနက်ခြောက်တွင်း တူးဖော်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဟောပြော

**ပိုင်ကျုံ ဧပြီ ၂၃**

ကရင်ပြည်နယ် ဘားအံခရိုင် ပိုင်ကျုံမြို့ ရေပူကြီးကျေးရွာတွင် ဧပြီ ၂၃ ရက် နံနက်ပိုင်းက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပကြောင်း သိရသည်။

ပိုင်ကျုံမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်နော်ခူးခူးက ကျေးရွာပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ပြီး အရိပ်အာဝါသရရန် သစ်ပင်များရှိရမည်ဖြစ်ကြောင်း၊ ယနေ့ မိမိတို့ဒေသတစ်ခွင်သည် အရင်ကနှင့်မတူဘဲ ပိုပြီး အပူချိန်များလာသည်ကိုတွေ့ရကြောင်း၊ သစ်ပင်များ ခုတ်ထွင်ပြီး တောမီးများလောင်ကျွမ်းခြင်းကြောင့် ရာသီဥတုဖောက်ပြန်ခြင်းဖြစ်ကြောင်းနှင့် သစ်ပင်များ ပြန်လည်အစားထိုးစိုက်ပျိုးရန် တိုက်တွန်းစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ရေပူကြီးကျေးရွာပြည်သူများသည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြသထားသော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်များကို ကြည့်ရှုလေ့လာခဲ့ကြသည်။

**စောစဖိုး(ပြန်/ဆက်)**



သယ်ံနီးကျွန်းမြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးကောင်းနိုင်၊ သယ်ံနီးကျွန်းမြို့မရဲစခန်းမှူး ဒုရဲမှူးတင်ဦးတို့ ဧပြီ ၁၈ ရက် ည ၇ နာရီက သယ်ံနီးကျွန်းမြို့နယ် ဦးစံဖေရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ရပ်ကွက်နေပြည်သူများအား မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောခဲ့စဉ်။

**ဆောင်ဆန်း**

# အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ၂၀၁၉ ခုနှစ် မတ်လအတွင်း အလုပ်သမားရေးရာဆိုင်ရာ ဆောင်ရွက်ချက်များ

**နေပြည်တော် မေ ၂၃**

စက်ရုံ၊ အလုပ်ရုံများ၏ ကုန်ထုတ်စွမ်းအားတိုးတက်ရေးအတွက် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းခွင်အေးချမ်းသာယာရေး၊ စက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားများအား လူမှုဖူလုံရေးအကျိုးခံစားခွင့်များရရှိရေးနှင့် ဆေးဝါးကုသပေးခြင်း၊ ဥပဒေပါ ရပိုင်ခွင့်များကို ပြည့်ပြည့်ဝဝ မှန်မှန်ကန်ကန်ရရှိစေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသည်။

အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေဖြင့် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ပုံစံဖြင့် ကျား ၅၇၅၂ ဦး၊ မ ၆၈၄၀ တို့အတွက် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် စုစုပေါင်း ၁၂၅၉၂ ခု ချုပ်ဆိုခဲ့သည်။ အလုပ်ရှင်၊ အလုပ်သမား အငြင်းပွားမှုများကို ညှိနှိုင်းဖျန်ဖြေပေးရန်အတွက် မြို့နယ်များတွင် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များကို ဖွဲ့စည်းထားရှိဆောင်ရွက်ခဲ့ရာ မတ်လအတွင်း လက်ခံရရှိမှု ၇၀ တွင် ကျေအေးမှု ၁၀ မှု၊ ပိတ်သိမ်းမှု ၁၇ မှုနှင့် ငွေကြေးအကျိုးခံစားခွင့် ၄၃ မှု တို့ဖြစ်ပြီး ငွေကြေးအကျိုးခံစားခွင့်ရှိသူ ၄၇၉ ဦးအား ငွေကျပ် ၅၄၉၃၃၉၂၂၆ ကျပ်ကို ခံစားခွင့်ရရှိစေခဲ့သည်။

အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနအနေဖြင့် အများပြည်သူ အလုပ်ပိတ်ရက် အလုပ်လုပ်ခြင်း၊ လုပ်သက်ခွင့်ကို ငွေကြေးဖြင့် ခံစားခွင့်ပေးခြင်း၊ လုပ်အားခကျန်ငွေ မရရှိမှုများ၊ ရှောင်တခင်ခွင့်၊ ဆေးခွင့်နှင့် မီးဖွားခွင့်များယူရာတွင် ငွေကြေးခံစားခွင့်များ ရရှိအောင် ဆောင်ရွက်ပေးခဲ့ရာ ငွေကြေးခံစားခွင့် ငွေကျပ်သိန်းပေါင်း ၁၉၀၀၀ ကျော် ခံစားခွင့်ပေးနိုင်ခဲ့ပြီး စက်ရုံ၊ အလုပ်ရုံများတွင် အလုပ်သမားများ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအသိပညာရရှိစေရန်အတွက် မြို့နယ်အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန စစ်ဆေးရေးအရာရှိများက စက်ရုံ၊ အလုပ်ရုံ ၄၈၆ ရုံမှ အလုပ်ရှင်၊ အလုပ်သမားများအား လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးဆိုင်ရာနှင့် ဥပဒေရေးရာသိမှတ်ဖွယ်ရာများကို ပညာပေးဟောပြောပို့ချမှု ၂၀၅ ကြိမ် ဆောင်ရွက်ခဲ့သည်။

အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ခုံသမာဓိအဖွဲ့တွင် ပြီးစီးမှု နှစ်မှုနှင့် ခုံသမာဓိကောင်စီတွင် သုံးမှုကို ဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။ ၂၀၁၉ ခုနှစ် မတ်လအတွင်း တရားစွဲဆို ဆောင်ရွက်ပြီးစီးမှု တစ်မှုမှ အလုပ်ရှင်အား ငွေဒဏ် ငါးသိန်း ချမှတ်ခဲ့သည်။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် လူမှုဖူလုံရေးဥပဒေတွင် အကျုံးဝင်သော စက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားများအား လူမှုဖူလုံရေးအကျိုးခံစားခွင့်များရရှိရေးနှင့် ဆေးဝါးကုသပေးခြင်းများ ဆောင်ရွက်ရာတွင် ငွေကြေးအကျိုးခံစားခွင့်များ ထုတ်ပေးမှုအနေဖြင့် အာမခံအလုပ်သမားများအား ငွေကြေးအကျိုးခံစားခွင့်များအလိုက် ငွေကျပ်သိန်းပေါင်း ၁၃၀၀၀ ခန့် အကျိုးခံစားခွင့်ပေးခဲ့ပြီး အာမခံအလုပ်သမား ၁၁၄၇ ဦးအတွက် ဆေးဖိုး ကုန်ကျငွေကျပ်သိန်း ၁၃၆၀ ကျော် ပြန်လည်ထုတ်ပေးခဲ့သည်။

အာမခံအလုပ်သမားများအား ၂၀၁၉ ခုနှစ် မတ်လအတွင်း အလုပ်သမားဆေးရုံကြီးများ၊ လူမှုဖူလုံရေးဆေးခန်းများနှင့် ဌာနကြီးဆေးခန်းများတွင် ဆေးကုသပေးမှုအနေဖြင့် အလုပ်သမားဆေးရုံကြီး သုံးရုံ (ပြင်ပလူနာ ၈၃၃၅ ဦး၊ အတွင်းလူနာ ၅၇၃ ဦး)ပေါင်း ၈၉၀၈ ဦး၊ လူမှုဖူလုံရေးဆေးခန်း ၉၆ ခန်း၊ ဌာနကြီးဆေးခန်း ၅၆ ခန်းနှင့် လူမှုဖူလုံရေး-ကဲဝဲလ် ဆေးခန်း လေးခန်းနှင့် PPS စနစ်ဖြင့် စာချုပ်ချုပ်ဆိုထားသည့် ဆေးခန်း ငါးခန်းတို့မှ ဆေးကုသပေးမှု ၇၂၉၈၄ ဦး၊ အလုပ်သမားဆေးရုံကြီးသုံးရုံမှ ဆရာဝန်များ ကွင်းဆင်းဆေးကုသပေးမှု လေးကြိမ်မှ ၁၉၂၆ ဦး၊ လူမှုဖူလုံရေးဆေးခန်းများမှ ဆရာဝန်များ ကွင်းဆင်းဆေးကုသမှု ၇၉ ကြိမ်မှ ၁၈၄၇ ဦးတို့အား ဆေးကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အနုပညာ

# ယခုသီတင်းပတ်အတွင်း စစ်မှုထမ်းဆောင်မှု ပြီးဆုံးတော့မယ့် လီမင်ဟို



တောင်ကိုရီးယားရဲ့ကျော်ကြားတဲ့ မင်းသားတစ်ဦးဖြစ်တဲ့ လီမင်ဟိုရဲ့ပရိသတ်တွေအတွက်တော့ ဝမ်းသာစရာသတင်းတစ်ခု ပေါ်ထွက်လာခဲ့ပါတယ်။ အဲဒါကတော့ လက်ရှိမှာ စစ်မှုထမ်းဆောင်နေတဲ့ လီမင်ဟိုဟာ ယခုသီတင်းပတ်အတွင်းမှာ စစ်မှုထမ်းဆောင်မှုပြီးဆုံးတော့မှာဖြစ်တယ်လို့ စွန်ပီဒေ့ါကွန်းက ရေးသားဖော်ပြလာတာ ဖြစ်ပါတယ်။ ဒါကြောင့် မကြာမီမှာတော့ မင်းသားရဲ့ အနုပညာလှုပ်ရှားမှုတွေကို ပြန်လည်တွေ့မြင်ရတော့မှာဖြစ်ပါတယ်။

လီမင်ဟိုဟာ ယခုသီတင်းပတ်အကုန်မှာ စစ်မှုထမ်းရက်တွေ ပြီးဆုံးတော့မှာဖြစ်ပါတယ်။ လီမင်ဟိုဟာ ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ် မေလအတွင်း စစ်မှုစတင်ထမ်းဆောင်ခဲ့တာဖြစ်ပြီး ဂန်းနမ်းခရိုင်မှာ လူမှုဝန်ဆောင်မှုလုပ်ငန်းတွေကိုလုပ်ဆောင်ရင်း စစ်မှုထမ်းဆောင်နေတာလည်းဖြစ်ပါတယ်။ ဒါကြောင့် မင်းသားဟာ လာမယ့် မေ ၂၅ ရက်မှာ သူ့ရဲ့စစ်မှုထမ်းဆောင်မှုရက် ကုန်ဆုံးမှာဖြစ်တယ်လို့လည်း သိရပါတယ်။

လီမင်ဟိုရဲ့ဖျော်ဖြေရေးအေဂျင်စီကလည်း စစ်မှုထမ်းဆောင်မှု ပြီးဆုံးတော့မှာ မှန်ကန်ကြောင်း အတည်ပြုပြောကြားခဲ့ပါတယ်။ အေဂျင်စီရဲ့ ပြောကြားချက်အရ လီမင်ဟိုရဲ့ စစ်မှုထမ်းဆောင်မှုကို တိတ်တဆိတ်ပဲ ပြီးဆုံးသွားစေမှာဖြစ်ပြီး အထိမ်းအမှတ်ပွဲတွေ ပြုလုပ်ဖို့ရာ စီစဉ်ထားခြင်းမရှိဘူးလို့လည်း သိရပါတယ်။

လီမင်ဟိုဟာ ၂၀၀၆ ခုနှစ်တွင်း ဖြစ်ပွားခဲ့တဲ့ ယာဉ်တိုက်မှုမှာ ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့တာဖြစ်ပါတယ်။ သူ့ရဲ့ခြေထောက် ခွဲစိတ်ကုသမှု ခံယူခဲ့ရတာဖြစ်ပြီး ဒီဒဏ်ရာကြောင့် လီမင်ဟိုဟာ အချိန်ပြည့် စစ်သားတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်နိုင်ခြင်းမရှိဘဲ လူမှုရေးလုပ်ငန်းတွေလုပ်ဆောင်ရင်း စစ်မှုထမ်းကာလကို ဖြတ်သန်းခဲ့ရတာ ဖြစ်ပါတယ်။

အောင်မြင်တဲ့ ရုပ်သံဇာတ်လမ်းတွဲပေါင်းများစွာနဲ့ ပရိသတ်အခိုင်အမာရရှိထားတဲ့ လီမင်ဟို မကြာမီ ပရိသတ်ရှေ့ ပြန်ရောက်လာနိုင်တော့မှာဖြစ်ပါတယ်။ သူ့ရဲ့အနုပညာဖန်တီးမှုသစ်တွေကိုတော့ ပရိသတ်တွေက စောင့်မျှော်နေကြတာ ဖြစ်ပါတယ်။

# ၂၄ နှစ်ပြည့်ခဲ့ပြီဖြစ်တဲ့ ဂျီဂျီဟာဒစ်

ဗစ်တိုးရီးယား စီးကရက်ထ်မော်ဒယ်လ်တစ်ဦးဖြစ်သူ ဂျီဂျီဟာဒစ်ဟာ လတ်တလောမှာတော့ အသက် ၂၄ နှစ်ပြည့်ခဲ့ပြီဖြစ်ပါတယ်။ သူ့ရဲ့ မွေးနေ့ပါတီမှာတော့ သူငယ်ချင်းတွေအပြင် ကြယ်ပွင့်တွေများစွာ တက်ရောက်ခဲ့ကြပြီး အဲဒီအထဲမှ အခင်ဆုံးသော သူငယ်ချင်းတစ်ဦးဖြစ်တဲ့ တေလာဆွစ်လည်းပါဝင်နေကြောင်း မေးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ တနင်္လာနေ့ညပိုင်းမှာ နယူးယော့ခ်ကစားသောက်ဆိုင်တစ်ဆိုင်မှာ ဂျီဂျီဟာဒစ်ရဲ့ မွေးနေ့ပွဲပြုလုပ်ခဲ့တာဖြစ်ပါတယ်။ မိသားစုဝင်တွေလည်း တက်ရောက်ခဲ့ကြတာကို တွေ့ရပါတယ်။ ဂျီဂျီရဲ့မိသားစုဝင်တွေဟာလည်း အနုပညာအသိုင်းအဝိုင်းဖြစ်တာကြောင့် မွေးနေ့ပါတီမှာ



ဂျီဂျီဟာဒစ်ရဲ့ မွေးနေ့ပွဲကို တက်ရောက်လာတဲ့ တေလာဆွစ်။



ကြယ်ပွင့်တွေများစွာ တက်ရောက်ခဲ့ကြတာကိုလည်း တွေ့ရပါတယ်။

ဂျီဂျီရဲ့အခင်ဆုံးသော သူငယ်ချင်းတစ်ဦးလည်းဖြစ်တဲ့ တေလာဆွစ်ဟာ ထိပ်တန်းမော်ဒယ်လ်ရဲ့ မွေးနေ့ပွဲကို ဆင်နွှဲဖို့ရာ ဆောလျှင်စွာရောက်ရှိလာတာကို တွေ့ရပါတယ်။ တေလာဆွစ်ဟာ မွေးနေ့ပွဲတက်ရောက်ရာမှာတော့ ပန်းပွင့်တွေပါဝင်တဲ့ စကတ်တိုကို ကုတ်အင်္ကျီနဲ့ တွဲဖက်ကာ ဖက်ရှင်ကျကျ ပြင်ဆင်လာခဲ့တာကိုလည်း တွေ့ရပါတယ်။

မိဘတွေက ဂျီဂျီရဲ့မွေးနေ့အတွက် “24”လို့ ရေးသားထားတဲ့စာလုံးပုံစံ ကိတ်မုန့်ကို ဖန်တီးသယ်ဆောင်လာကာ ပါတီပွဲဆင်နွှဲခဲ့ကြတယ်လို့လည်း သိရပါတယ်။ အခြားသော နာမည်ကျော်တွေဖြစ်ကြတဲ့ အိုလီဗာကာပို၊ အက်ရှ်လေဂါဟမ်၊ ဟေးလီစတိန်းဖီးစတဲ့ အနုပညာရှင်တွေလည်း တက်ရောက်ခဲ့ကြတယ်လို့ သိရပါတယ်။

**အေးပြည့် - ရေးသားသည်**

## တေးအယ်လ်ဘမ်သစ်အတွက် ပြင်ဆင်နေကြောင်း နာရှာပြောကြား

တစ်ချိန်က တောင်ကိုရီးယားရဲ့အလွှန်ကိုကျော်ကြားခဲ့တဲ့ အမျိုးသမီး တေးဂီတအဖွဲ့ “Brown Eyed Girls” ဟာ ပရိသတ်ရှေ့အရောက်ပြန်လာဖို့ရာ စီစဉ်ထားကြောင်း ယခင်က သီတင်းတွေ ပေါ်ထွက်ခဲ့ပါတယ်။ လတ်တလောမှာတော့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ နာရှာက “Brown Eyed Girls” ရဲ့ တေးအယ်လ်ဘမ်သစ်ကို ပြင်ဆင်နေကြောင်း ရုပ်သံအင်တာဗျူးတစ်ခုမှာ ထုတ်ဖော်ပြောကြားလာတာဖြစ်တယ်လို့ အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

“Brown Eyed Girls”ဟာ လတ်တလောမှာ ရုပ်သံအင်တာဗျူးကို လက်ခံဖြေကြားခဲ့တာဖြစ်ပါတယ်။ အဆိုပါအင်တာဗျူးမှာ နာရှာက တေးအယ်လ်ဘမ်သစ်ကို ပြင်ဆင်နေကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ နာရှာက တေးအယ်လ်ဘမ်သစ်မှာ အဖွဲ့ဝင်အားလုံး ပါဝင်ထားကြောင်းနဲ့ မကြာမီ ထုတ်လွှင့်ပေးသွားမှာဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။

ပြီးခဲ့တဲ့ ဇန်နဝါရီလအတွင်းမှာ အဖွဲ့ရဲ့ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ မစ်စတစ်အန်တာတိန်းမန့်က “Brown Eyed Girls” ဟာ ပရိသတ်ရှေ့ ပြန်လည်ပေါ်ထွက်လာမှာဖြစ်ကြောင်း တရားဝင်အသိပေးခဲ့ပြီးဖြစ်ပါတယ်။ လတ်တလောမှာတော့ တေးအယ်လ်ဘမ်သစ် ထုတ်လွှင့်သွားမှာဖြစ်ကြောင်း နာရှာက အသိပေးလာတာပါ။ ဒီတေးအယ်လ်ဘမ်သစ်ဟာ ၂၀၁၅ ခုနှစ်ကနေ စတင်ပြီး လက်ရှိအချိန်အထိ ပထမဆုံးအကြိမ် ထုတ်လွှင့်သွားမယ့် အဖွဲ့ရဲ့တေးအယ်လ်ဘမ်လည်း ဖြစ်ပါတယ်။

# တစ်ပတ်အတွင်း အားကစားသတင်းများ

## ဆုဖလား ၄၂ လုံးရယူပေးနိုင်ခဲ့တာကြောင့် အောင်မြင်မှုအရှိဆုံးဖြစ်လာတဲ့ ဒန်နီအဲလ်ဗက်

နိုင်လင်းကြည်

ပီအက်စ်ဂျီအသင်းဟာ ပြင်သစ်ပထမတန်းကလပ်ပြိုင်ပွဲရဲ့ပွဲစဉ် ၃၃ မှာ မိုနာကိုအသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် ကစားဖို့ ငါးပွဲအလိုမှာပဲ ပြင်သစ်ပထမတန်း ချန်ပီယံဖြစ်လာခဲ့ပြီဖြစ်ပါတယ်။

ပီအက်စ်ဂျီအသင်းက မိုနာကိုအသင်းကို အနိုင်ရရှိခဲ့တဲ့ပွဲစဉ်မှာ ပီအက်စ်ဂျီအသင်း အတွက် သွင်းဂိုးသုံးဂိုးစလုံးကို တိုက်စစ်မှူး အမ်ဘတ်ပီက သွင်းယူပေးခဲ့တာဖြစ်ပြီး အမှတ်ပေးဇယားဒုတိယနေရာက လိုင်လီအသင်းဟာ တူးလော့အသင်းနဲ့ ဂိုးမရှိသရေရလဒ် ထွက်ပေါ်ခဲ့လို့သာ ပီအက်စ်ဂျီအသင်းက စောစီးစွာချန်ပီယံဖြစ်ခဲ့တာပဲဖြစ်ပါတယ်။

ပီအက်စ်ဂျီအသင်း ပြင်သစ်ပထမတန်းဖလားရရှိခဲ့တာဟာ ရှစ်ကြိမ်မြောက်ဖြစ်ပြီး ပီအက်စ်ဂျီနောက်တန်း ကစားသမား ဒန်နီအဲလ်ဗက်အတွက်တော့ သူ့ရဲ့ကစားသမား ဘဝတစ်လျှောက်မှာ ၄၂ လုံးမြောက်ဆုဖလားလည်းဖြစ်လာခဲ့ပါတယ်။ ဒန်နီအဲလ်ဗက်ဟာ သူ့ရဲ့ကစားသမားဘဝမှာ ၄၂ လုံးမြောက်ဆုဖလားကို ရယူပေးနိုင်ခဲ့တာကြောင့် ဘောလုံးသမိုင်းမှာ အောင်မြင်မှုအရှိဆုံးကစားသမားအဖြစ်လည်း သတ်မှတ်ခံခဲ့ရတာဖြစ်ပါတယ်။

ဒန်နီအဲလ်ဗက်ဟာ ဘာဟီယာအသင်းနဲ့အတူ ဖလားသုံးလုံး၊ ဆီဗီလာအသင်းနဲ့အတူ ဖလားငါးလုံး၊ ဘာစီလိုနာအသင်းနဲ့အတူ ဖလား ၂၃ လုံး၊ ဂျူဗင်တပ်အသင်းနဲ့အတူ ဖလားနှစ်လုံး၊ ပီအက်စ်ဂျီအသင်းနဲ့အတူ ဖလားငါးလုံး၊ ဘရာဇီးနိုင်ငံလက်ရွေးစင်အသင်းနဲ့ အတူ ဖလားလေးလုံး စုစုပေါင်း ဆုဖလား ၄၂ လုံးအထိ ရယူနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။ နောက်တန်းကစားသမားဒန်နီအဲလ်ဗက် အနေနဲ့ ဥရောပထိပ်တန်းကလပ်အသင်းတွေဖြစ်တဲ့ ဘာစီလိုနာ၊ ဂျူဗင်တပ်နဲ့ ပီအက်စ်ဂျီ အသင်းတို့မှာ ပါဝင်ကစားခွင့်ရရှိခဲ့သလို လက်ရှိ အသက် ၃၆ နှစ်အရွယ်ရှိ ဆုဖလား ၄၂ လုံးအထိ စံချိန်တင်ရယူပေးနိုင်ခဲ့တဲ့ ကစားသမားတစ်ဦးလည်း ဖြစ်ပါတယ်။

အခုလို ဆုဖလား ၄၂ လုံးအထိရယူပေးနိုင်ခဲ့တာကြောင့် စုစုပေါင်းဆုဖလား ၄၁ လုံးရယူပေးနိုင်ခဲ့တဲ့ အီဂျစ်ကစားသမား ဟော့ဆမ်ဟက်ဆန်ကို ကျော်ဖြတ်နိုင်ခဲ့ပြီလည်းဖြစ်ပါတယ်။ ဘာစီလိုနာကွင်းလယ် ကစားသမားတစ်ဦးဖြစ်ခဲ့တဲ့ အင်နီယေစတာကတော့ သူ့ရဲဘဝတစ်လျှောက်မှာ ဆုဖလား ၃၇ လုံးရယူပေးနိုင်ခဲ့ပါတယ်။

ဒန်နီအဲလ်ဗက်ဟာ ၂၀၀၂ ခုနှစ်စပိန်လာလီဂါကလပ် ဆီဗီလာအသင်းကို မပြောင်းရွှေ့မီ ဘရာဇီးကလပ် ဘာဟီယာ အသင်းနဲ့ ကစားသမားဘဝစတင်ခဲ့တာဖြစ်ပါတယ်။ ဆီဗီလာအသင်းမှာ ခြောက်နှစ်ကြာကစားခဲ့ပြီး ဘာစီလိုနာအသင်းကို ပြောင်းရွှေ့လာခဲ့ချိန်မှာတော့ ၂၀၀၉၊ ၂၀၁၁ နဲ့ ၂၀၁၅ တို့မှာ ချန်ပီယံလိဂ်ဖလား သုံးကြိမ်ရယူပေးနိုင်ခဲ့တာဖြစ်ပါတယ်။ ကလပ်အသင်းတွေနဲ့အတူ အောင်မြင်မှုရရှိခဲ့သလို ဘရာဇီးလက်ရွေးစင်အသင်းနဲ့အတူ လည်း ၂၀၀၇ ခုနှစ်မှာ ကိုပါအမေရိက ဖလား၊ ၂၀၀၉ နဲ့ ၂၀၁၃ တို့မှာ ကွန်ဖက်ဒရေးရှင်း ဖလားတို့ကို ရယူပေးနိုင်ခဲ့တာဖြစ်ပါတယ်။





## ဂျပန်လိဂ်ကိုသာ ပြောင်းရွှေ့မယ်ဆိုတဲ့ ရော်ဘင်

ဘိုင်ယန်မြူးနစ်တိုက်စစ်မှူး အာဂျန်ရော်ဘင်ဟာ အခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ ဂျာမန်ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းနဲ့ စာချုပ်သက်တမ်းကုန်ဆုံးတော့မှာဖြစ်ပြီး သူ့ရဲ့ကစားသမားဘဝကို ဥရောပရဲ့ထိပ်တန်းကစားသမားအများစုအခြေချရာ မေဂျာလိဂ်ကို ပြောင်းရွှေ့မှာမဟုတ်ဘဲ ဂျပန်လိဂ်ကိုသာ ပြောင်းရွှေ့မယ်လို့ ဆိုလာပါတယ်။ အင်နီယေစတာ၊ ဒေးဗစ်ဗီလာ စတဲ့ နာမည်ကြီးကစားသမားတွေလည်း ဂျပန်လိဂ်ကို ပြောင်းရွှေ့ကစားခဲ့ကြပြီး ရော်ဘင်အနေနဲ့လည်း နယ်သာလန်ကစားသမားအများစု ပြောင်းရွှေ့ကစားလေ့ရှိတဲ့ မေဂျာလိဂ်ကို မရွေးချယ်ဘဲ ဂျပန်လိဂ်ကိုသာ ပြောင်းရွှေ့ကစားဖို့ ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်။ လက်ရှိတွင် အသက် ၃၅ နှစ်အရွယ်ရှိနေပြီဖြစ်တဲ့ ဘိုင်ယန်မြူးနစ်တိုက်စစ်မှူး အာဂျန်ရော်ဘင်ကို အင်တာမီလန်အသင်း၊ တိုရွန်တိုအသင်းနဲ့ ပီအက်စ်ဗွီအသင်းတို့က ခေါ်ယူဖို့ စိတ်ဝင်စားနေသော်လည်း ဂျပန်မီဒီယာတွေနဲ့ ကစားသမားကိုယ်တိုင်ရဲ့ ပြောကြားချက်မှာတော့ ဂျပန်လိဂ်ကိုသာ ပြောင်းရွှေ့ကစားမယ်ဆိုတဲ့ သတင်းတွေ ထွက်ပေါ်နေတာဖြစ်ပါတယ်။




## ထရစ်ပီယာကို မန်ယူနဲ့ နာပိုလီက ခေါ်ယူဖို့ စိတ်ဝင်စားနေ

စပါးအသင်းဟာ အင်္ဂလန်ကြယ်ပွင့်ကစားသမား ထရစ်ပီယာကို အခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ ရောင်းချဖို့ စီစဉ်နေတာဖြစ်ပြီး နောက်တန်းကစားသမား ထရစ်ပီယာကို ခေါ်ယူဖို့လည်း မန်ယူအသင်းနဲ့ နာပိုလီအသင်းတို့က ပစ်မှတ်ထားနေတာဖြစ်ပါတယ်။ လက်ရှိမှာ ထရစ်ပီယာကို စပိန်လာလီဂါကလပ် အက်သလက်တီကိုမက်ဒရစ်အသင်းက ခေါ်ယူဖို့ စီစဉ်နေတာဖြစ်ပြီး ပြောင်းရွှေ့ကြေးပေါင် ၁၅ သန်းပေးမယ်လို့ဆိုပါတယ်။ ဒါပေမယ့် စပါးအသင်းကတော့ နောက်တန်းကစားသမား ထရစ်ပီယာကို ပြောင်းရွှေ့ကြေး ပေါင်သန်း ၄၀ အထိ ပေးဖို့တောင်းဆိုထားတာဖြစ်ပါတယ်။ ထရစ်ပီယာဟာ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့တာကြောင့် အဲဗာတန်အသင်းကလည်း စိတ်ဝင်စားနေတာဖြစ်ပြီး မန်စီးတီးအသင်းကလည်း ထရစ်ပီယာကို ခေါ်ယူဖို့ ကာလရှည်မျှော်လင့်နေခဲ့တယ်လို့ သိရပါတယ်။ စပါးအသင်းနည်းပြ ပိုချက်တီနိုကတော့ ထရစ်ပီယာကို ဘယ်အသင်းကပဲခေါ်ယူသည်ဖြစ်စေ ပြောင်းရွှေ့ကြေးပေါင်သန်း ၄၀ လို့ သတ်မှတ်ထားတာလည်းဖြစ်ပါတယ်။

## ပရီမီယာလိဂ်အဆင့် ၄ မဝင်ရင် ထိပ်တန်းကစားသမားသုံးဦး ဆုံးရှုံးမယ့်မန်ယူအသင်း

မန်ယူအသင်းဟာ ချန်ပီယံလိဂ်ပြိုင်ပွဲကွာတားဖိုင်နယ်အဆင့်မှာ ဘာစီလိုနာကို နှစ်ကျော့ပေါင်းရလဒ် လေးဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့တာကြောင့် ချန်ပီယံလိဂ်ပြိုင်ပွဲကနေ ထွက်ခဲ့ရတဲ့အသင်းဖြစ်ပြီး လာမယ့်ဘောလုံးရာသီမှာ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိခဲ့ရင်တော့ ထိပ်တန်းကစားသမားသုံးဦးအထိ အသင်းကနေ ထွက်ခွာဖို့ရှိနေပါတယ်။

ချန်ပီယံလိဂ်ပြိုင်ပွဲကနေ ထွက်ခဲ့ရတဲ့အပြင် ပရီမီယာလိဂ်ပြိုင်ပွဲမှာလည်း အမှတ်ပေးဇယားရဲ့အဆင့် ၆ နေရာမှာ မန်ယူအသင်း ရပ်တည်နေတာဖြစ်ပါတယ်။ အဲဒါကြောင့် မန်ယူအသင်းရဲ့ထိပ်တန်းအဆင့်ရှိကစားသမားတွေဖြစ်တဲ့ ဂိုးသမား ဒီဂီယာ၊ ကွင်းလယ်ကစားသမား ပေါ့ဘာနဲ့ တိုက်စစ်မှူး လူကာကူတို့က အသင်းပြောင်းရွှေ့ဖို့ အရိပ်အမြွက်ပြောကြားလာခဲ့တာလည်းဖြစ်ပါတယ်။

မန်ယူအသင်းဟာ ဆိုးရှားရဲ့လက်ထက်မှာ ဆိုးရွားတဲ့ရလဒ်နဲ့ အဲဗာတန်အသင်းကို လေးဂိုးပြတ်ရှုံးနိမ့်ခဲ့ရတာကြောင့် အဆင့် ၅ နေရာက အာဆင်နယ်အသင်းနဲ့ နှစ်မှတ်အကွာ၊ အဆင့် ၃ နေရာက စပါးအသင်း၊ အဆင့် ၄ နေရာက ချယ်လ်ဆီးအသင်းတို့နဲ့ သုံးမှတ်ကွာ၊ အဆင့် ၂ နေရာက မန်စီးတီးအသင်းနဲ့ ၂၂ မှတ်ကွာအနေအထားကို ရောက်ရှိနေခဲ့တာလည်းဖြစ်ပါတယ်။




## ပရီမီယာလိဂ်ကလပ်အသင်းတွေနဲ့အပြိုင် ဆက်ဆက်နွှန်ကို ခေါ်ယူဖို့ ဂျူဗင်တပ်ပြင်ဆင်

ဂျူဗင်တပ်အသင်းဟာ ဖူလ်ဟမ်ဘယ်နောက်ခံကစားသမား ဆက်ဆက်နွှန်ကို ခေါ်ယူဖို့ ပရီမီယာလိဂ်ကလပ်အသင်းတွေနဲ့အပြိုင် ကြိုးပမ်းနေပါတယ်။ ဆက်ဆက်နွှန်ဟာ ဖူလ်ဟမ်အသင်းနဲ့ လက်ရှိစာချုပ်သက်တမ်း ၂၀၂၀ မှာ ကုန်ဆုံးမှာဖြစ်ပေမယ့် ဖူလ်ဟမ်အသင်းကတော့ ပြောင်းရွှေ့ကြေးပေါင်သန်း ၄၀ တောင်းဆိုထားပါတယ်။ ဂျူဗင်တပ်အသင်းကတော့ ဖူလ်ဟမ်အသင်းက တောင်းဆိုထားတဲ့ ပြောင်းရွှေ့ကြေးအတိုင်းပေးမယ်လို့ ဆိုပါတယ်။ ကစားသမားကိုယ်တိုင်ကတော့ လန်ဒန်မြောက်ပိုင်းမှာ အခြေချဖို့စီစဉ်ထားတာကြောင့် စပါးအသင်းကို ပြောင်းရွှေ့ကစားဖို့ဆန္ဒရှိနေတယ်လို့ သိရပါတယ်။ လက်ရှိမှာ ဂျူဗင်တပ်အသင်းက ခေါ်ယူဖို့ စိတ်ဝင်စားနေတဲ့ ဆက်ဆက်နွှန်ဟာ ပရီမီယာလိဂ်ကလပ်အသင်းတွေဖြစ်တဲ့ စပါး၊ မန်ယူ၊ လီဗာပူးအသင်းတို့အပြင် ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းတို့ရဲ့ စိတ်ဝင်စားမှုကိုလည်း ခံထားရတယ်လို့ သိရပါတယ်။ နောက်တန်းကစားသမား ဆက်ဆက်နွှန်ဟာ အခုနှစ်ဘောလုံးရာသီမှာ ပြိုင်ပွဲအရပ်ရပ် ၃၅ ပွဲပါဝင်ကစားထားသူလည်းဖြစ်ပါတယ်။




## မုန်းချောင်းတံတား(ပွင့်ဖြူ) တည်ဆောက်မှု ၉၅ ရာခိုင်နှုန်းခန့်ပြီးစီး

**စလင်း ဧပြီ ၂၃**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်းရှိ မင်းဘူး-ပွင့်ဖြူ-စလင်း-တညောင် လမ်းမပေါ်ရှိ မုန်းချောင်းတံတား စီမံကိန်းလုပ်ငန်းကို တည်ဆောက်လျက်ရှိရာ တံတားတစ်စင်းလုံး တည်ဆောက်ပြီးစီးမှုမှာ ၉၅ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်သည်။

ယင်းတံတားမှာ အောက်ခံအုတ်မြစ် 1.2 mø Bored Pile၊ သံကူကွန်ကရစ် ကမ်းကပ်ခုံနှင့် ရေလယ်တိုင်ကိုယ်ထည်၊ 100' PC Girder သံကူကွန်ကရစ်ကြမ်းခင်းနှင့်လက်ရန်း တံတားအပေါ်ထည်တို့ဖြင့် တည်ဆောက်ထားခြင်းဖြစ်ပြီး တံတားအရှည်ပေ ၁၃၀၀၊ အကျယ် ပေ ၃၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေနှင့် လူသွားလမ်းသုံးပေ နှစ်ဖက်စီတို့ပါရှိပြီး ခွင့်ပြုတန်ချိန်မှာ တန် ၆၀ ဖြစ်သည်။

မုန်းချောင်းတံတား (ပွင့်ဖြူ)ကို ၂၀၁၉ ခုနှစ် မေလဆန်းပိုင်းတွင် အပြီးသတ်အသုံးပြုသွားလာနိုင်ရန်တည်ဆောက်လျက်ရှိကြောင်း စီမံကိန်းတာဝန်ခံ ဦးစီးအရာရှိ (မြို့ပြ) ဦးညွန့်လွင်က ပြောသည်။

မုန်းချောင်းတံတား(ပွင့်ဖြူ)မှာ ယခင်က သံပေါင်ဘေလီ တစ်လမ်းသွားတံတားဖြစ်ပြီး ယခုတည်ဆောက်ပြီးစီးတော့မည့်တံတားမှာ နှစ်လမ်းသွားဖြစ်သည့်အတွက် ခရီးသွားပြည်သူများနှင့် ကုန်စည်စီးဆင်းမှု ပိုမိုလွယ်ကူစွာဖြတ်သန်းသွားလာနိုင်မည်ဖြစ်သည်။

၎င်းတံတားသည် မင်းဘူး-ပွင့်ဖြူ-စလင်း-တညောင် လမ်းတစ်လျှောက်ရှိ မြို့နယ်၊ ကျေးရွာများအတွက် မြန်မာနိုင်ငံအလယ်ပိုင်းမှ မြန်မာပြည်အရပ်ရပ်သို့ သွားလာနိုင်စေရန် ဆက်သွယ်ပေးထားသည့် တံတားတစ်စင်းဖြစ်သည်။

**သန်းမြင့်(ပြန်/ဆက်)**

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အရှိန်အဟုန်မြှင့်ဆောင်ရွက်

**ဖျာပုံ ဧပြီ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့၌ ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်များ လျှော့ချနိုင်ရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးရေး အစီအစဉ်များကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၃ ရက် နံနက် ၈ နာရီက ဖျာပုံမြို့ ဗိုလ်ချုပ်ကြေးရုပ်အနီး ချောင်းတွင်းလမ်းမကြီး၌ ပညာပေးဆိုင်းဘုတ်စိုက်ထူခဲ့ကြောင်း သိရသည်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးအစီအစဉ်တွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဘိုဘိုမင်းဇော်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးခင်ဇော်မြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းစိုး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဦး၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲအုပ်ဇာနည်ထွန်းနှင့် ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းပါဝင်ခဲ့ကြသည်။

ဖျာပုံမြို့၌ပြုလုပ်သည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးရာတွင် 'အန္တရာယ်ကင်းစေဖို့ ဆိုင်ကယ်ဦးထုပ်ဆောင်းကြစို့၊ မူးလျှင်မမောင်းနှင့်၊ မောင်းလျှင်မမူးနှင့်၊ လူ့အသက်တွေကယ်ကြဖို့ အရှိန်လျှော့ပြီး မောင်းကြစို့၊ နောက်ယာဉ်ကျော်တက်စေလိုက လက်ယာမီးဖြင့်အချက်ပြ၊ အန္တရာယ်ကင်းစေဖို့ ယာဉ်မောင်းနေစဉ်ဖုန်းသုံးစွဲမှုရှောင်ရှားစို့၊ အသက်အန္တရာယ်ကင်းစေဖို့ ထိုင်ခုံခါးပတ်များ ပတ်ကြစို့၊ စည်းကမ်းလိုက်နာဘေးကင်းစွာ လိုင်စင်ရှိမှယာဉ်မောင်းကြ' စသည့် ပညာပေးဆောင်ပုဒ်များပါ သတိပေးဆိုင်းဘုတ်စိုက်ထူခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများဖြင့် အသိပညာပေးခဲ့ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**




# နိုင်ငံတကာစာအုပ်၊ စာစောင်များနေ့ အထိမ်းအမှတ်ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပ

**မူဆယ်**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ နိုင်ငံတကာစာအုပ်၊ စာစောင်များနေ့အထိမ်းအမှတ်အဖြစ် စာဖတ်ဝိုင်း၊ စာအုပ်၊ စာစောင်ပြပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် စာကြည့်တိုက်ဆိုင်ရာလှုပ်ရှားမှုများကို ဧပြီ ၂၃ ရက် နံနက် ၁၀ နာရီက ဆောင်ရွက်ခဲ့သည်။

"စာအုပ်စာစောင်ဆိုတာ ကမ္ဘာတစ်ဝန်းလုံးက အလေးထားတယ်၊ ကမ္ဘာကအလေးထားသလိုကိုယ့်နိုင်ငံက ကလေးတွေကလည်း စာအုပ်၊ စာစောင်ကို အလေးထားစေချင်တယ်၊ အခုလို နိုင်ငံတကာ စာအုပ်၊ စာစောင်များနေ့ အထိမ်းအမှတ်ပြုလုပ်တာကို ကျွန်တော့်အနေနဲ့ အင်မတန်မှ နှစ်သက်တယ်၊ သဘောကျတယ်"ဟု နိုင်ငံတကာစာအုပ်၊ စာစောင်များနေ့အထိမ်းအမှတ် စာကြည့်တိုက်ဆိုင်ရာလှုပ်ရှားမှုကို တက်ရောက်လာသည့် စာရေးဆရာထက်ဦးလူ(မူဆယ်)က ပြောသည်။

"ခုလိုပြုလုပ်ပေးတာ နိုင်ငံအတွက်ကောင်းတယ်လို့မြင်ပါတယ်၊ အခု ကျွန်တော်တို့နိုင်ငံတိုးတက်ဖို့ဆိုတာ လူငယ်တွေအပေါ် အများကြီးမူတည်ပါတယ်၊ ဒါကြောင့် ကျွန်တော်တို့လူငယ်တွေ စာများများဖတ်ဖို့လိုပါတယ်၊ လူငယ်တွေကို စာလည်းဖတ်စေချင်တယ်၊ ကျွန်တော် စာဖတ်တာ အလွန်ဝါသနာပါတယ်၊ ပျင်းနေရင်လည်း စာဖတ်တယ်"ဟု နိုင်ငံတကာ စာအုပ်၊ စာစောင်များနေ့ အထိမ်းအမှတ် စာကြည့်တိုက်ဆိုင်ရာလှုပ်ရှားမှုကို တက်ရောက်လာသည့် ဆယ်တန်းကျောင်းသား မောင်ကမ်းခမ်းတွေ့မ်က ပြောသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန်းစန်းကြူက နိုင်ငံတကာစာအုပ်၊ စာစောင်များနေ့အထိမ်းအမှတ်၊ စာကြည့်တိုက်ဆိုင်ရာလှုပ်ရှားမှုများ ကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့ပြီး စာရေးဆရာထက်ဦးလူ(မူဆယ်)၊ ဦးသန်းမြိုင်(မောင်ယဉ်မွန်)နှင့် ဦးအောင်လှိုင်ဝင်း (မြင့်မြတ်ပါရမီပရဟိတအသင်း)တို့က စာဖတ်ရခြင်းအကျိုးကျေးဇူးကို အသီးသီးပြောကြားပြီး (Book Club) အဖွဲ့ဝင်လူငယ်တစ်ဦးက ပြန်လည်ဆွေးနွေးခဲ့သည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များနှင့် နံရံကပ်စာစောင်များကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**ဇန်ရိုးထန်(ပြန်/ဆက်)**



မူဆယ်

**ဗန်းမော်**

ကချင်ပြည်နယ် ဗန်းမော်မြို့၌ နိုင်ငံတကာစာအုပ်၊ စာစောင်များနေ့အထိမ်းအမှတ်အဖြစ် ပြပွဲ၊ ပြိုင်ပွဲများကို ဧပြီ ၂၃ ရက် နံနက် ၉ နာရီမှ မွန်းလွဲ ၁ နာရီထိ ဗန်းမော်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပသည်။

စာအုပ်၊ စာစောင်ပြပွဲ၊ မြန်မာစာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ဆေးရောင်ခြယ်၊ စကားပုံဆက်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲနှင့် ကလေးစာဖတ်ဝိုင်းများကို ဗန်းမော်မြို့ တံခွန်ပညာရေးစင်တာ၊ ပညာကျော်ကိုယ်ပိုင်အထက်တန်းကျောင်း၊ မြန်မာ့ရှေ့ဆောင် နွေရာသီယဉ်ကျေးလိမ္မာ ကလေးများအဖွဲ့(ရှမ်းမိသားစု ဘော်ဒါဆောင်) နှင့် မိဘမဲ့ကျောင်းမှ ကျောင်းသား ကျောင်းသူများက ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြည်သူ့စာကြည့်တိုက်တွင် ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကို ဖတ်ရှုလေ့လာကြသည်။

မြန်မာစာဖတ်စွမ်းရည် ရေးဖြေပြိုင်ပွဲတွင် တံခွန်ပညာရေးစင်တာမှ အထက်တန်းအဆင့် ကျောင်းသားကျောင်းသူ ၄၀ တို့က ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဆုရရှိသူများအား ဗန်းမော်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကျော်ထွန်းက ဆုများအသီးသီးချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

**ကျောက်မဲ**

ကျောက်မဲခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာ e-Community Centre ခန်းမ၌ ဧပြီ၂၃ ရက် မွန်းလွဲ ၁ နာရီက နိုင်ငံတကာ စာအုပ်၊ စာစောင်များနေ့အထိမ်းအမှတ်အဖြစ် စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် မြန်မာစာ စာလုံးပေါင်းသတ်ပုံအမှန်ရွေးချယ်ပြိုင်ပွဲကို ပြုလုပ်ခဲ့သည်။

ကလေးများ စာဖတ်သည့်အလေ့အကျင့်ကောင်းများရရှိစေရန်နှင့် မြန်မာစာ စာလုံးပေါင်းသတ်ပုံအမှန်များကို သိရှိစေရန်ရည်ရွယ်၍ ယခုကဲ့သို့ ပြိုင်ပွဲများပြုလုပ်ပေးရခြင်းဖြစ်ကြောင်း ကျောက်မဲခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိက ပြောသည်။

အဆိုပါပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၇၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**ကျောက်မဲခရိုင် (ပြန်/ဆက်)**

**ဝိုင်းမော်**

လူတိုင်းစာဖတ်နိုင်ရန်နှင့် လူငယ်လူရွယ်များ စာအုပ်စာပေများကို ပိုမိုစိတ်ပါဝင်စားလာနိုင်စေရန် ရည်ရွယ်၍ မြစ်ကြီးနားခရိုင် ဝိုင်းမော်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်လူထုအခြေပြုဗဟိုဌာန၌ ဧပြီ ၂၃ ရက် နံနက် ၁၀ နာရီ က နိုင်ငံတကာစာအုပ်၊ စာစောင်များနေ့ စာအုပ်၊ စာစောင်ပြပွဲနှင့် ဟောပြောပွဲကျင်းပသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်သက်မွန်က နိုင်ငံတကာစာအုပ်၊ စာစောင်များနေ့အကြောင်း ဟောပြောခဲ့သည်။

ထို့နောက် တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူ ၄၂ ဦးတို့က ခင်းကျင်းပြသထားသည့် စာအုပ်၊ စာစောင်များကို ဖတ်ရှုလေ့လာကြကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**




## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ စမ်းချောင်းလမ်း၊ အမှတ် ၁၀၄ တွင် ဆောက်လုပ်ထားသော Sanchaung Garden Residence အခန်းအမှတ် M 122 မှ အခန်းအမှတ် M 422 သို့ ပြောင်းလဲဝယ်ယူထားသော ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၈၉ လမ်း၊ အမှတ်၃၉(၃ လွှာ)နေ ဦးကျော်ဝင်းစိုး (S/OKA-032928)ထံမှ အဆိုပါ အခန်း M 422 အား ဝယ်ယူရန် ကျွန်ုပ်၏ မိတ်ဆွေမှ စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါအခန်း M 422 ဝယ်ယူခြင်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍ မည်သူမျှ ကန့်ကွက်ခြင်းမရှိပါက အခန်းအရောင်းအဝယ်ကို အပြီးသတ်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မိုးမိုးခိုင်၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၄၈၂၆/၈၉)**
**အမှတ်-၁၇၁၊ ပုသိမ်မြေ ၉လမ်း၊ ပုသိမ်မြေရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၀၆၅၀၀၉၊ ၀၉-၉၆၇၇၉၉၆၇၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့ သာကေတမြို့နယ်၊ ၄/တောင်ရပ်ကွက်၊ မြို့မလမ်း၊ အမှတ်(၃၇၇/ခ) ဟုခေါ်တွင်သည့် (အလျားပေ ၂၀× အနံပေ ၆၀)အကျယ်အဝန်းရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၆)ထပ်တိုက်အဆောက်အအုံ၏ ပဉ္စမထပ် (၆-လွှာ)တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ကာ လက်ဝယ်ထားရှိသော တိုက်ခန်းဖြစ်ကြောင်း ပြောဆိုသူများဖြစ်သော ဦးရဲနီညွန့် [၁၂/ဗဟန(နိုင်)၀၀၀၁၉၅]၊ ဦးကျော်ထွေးညွန့်[၅/ကလတ(နိုင်)၀၆၄၈၄၄]တို့ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ငြိမ်းငြိမ်းအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၁၁)**
**အမှတ်(၁၅)၊ ရတနာလမ်း၊ ဗျိုင်းရေအိုးစင်ရွာမရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၀၄၂၂၉၆**

## အများသိစေရန် ကြော်ငြာချက်

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ငမိုးရိပ်(၁၀)လမ်း၊ တိုက်အမှတ်(၇)၊ အခန်း (မှန်ခန်း-B)ဟုခေါ် တွင်သော အကျယ်အဝန်း (၁၂½× ၅၅)ပေ အကျယ်ရှိ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်မာရမ်ခေါ်နီဆန်း [၁၂/ဥကတ(နိုင်)၀၄၆၇၄၆]က တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို (စရန်ငွေ) အဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ရေးရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူများမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်လှလှထွေး(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၉၅၇)**
**အမှတ် (၁၀၆)၊ ပထမထပ်၊ ၃၇-လမ်း၊ ကျောက်တံတားမြို့နယ်။**
**ဖုန်း ၀၉-၂၅၄၄၁၀၀၉၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်၊ (၈)ရပ်ကွက်၊ ဘိုကလေးဈေးလမ်း၊ အမှတ်(၁၃၉)၏ အကျယ်အဝန်း(အလျား ၂၅ပေ×အနံ ပေ၆၀)ရှိ မြေညီထပ်တိုက်ခန်းနှင့် ရေ၊ မီး၊ မီတာအပါအဝင် နေထိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်လှစိန်[၆/ကသန(နိုင်)၀၁၅၆၅၇]မှ တရားဝင်ပိုင်ဆိုင်သည်ဟု အဆိုပြုလျက် ရောင်းချရန် ကမ်းလှမ်းရာ အဆိုပါတိုက်ခန်းအား ကျွန်ုပ်၏မိတ်ဆွေမှ အပိုင် ဝယ်ယူရန်အတွက် ဒေါ်လှစိန်၏ကိုယ်စား သမီးဖြစ်သူ ဒေါ်နီလာ[၁၂/ကတတ(နိုင်) ၀၃၁၄၁၄]ကို ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို စရန်အဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း)အပြည့်အစုံနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်စိုးထွန်း(ထီးချိုင့်)**
**LL.B(Q),D.B.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၂၂၅/၂၀၁၂)**
**အမှတ်(၂၂၉)၊ ပထပ်(ယာ)၊ ၃၈လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**Ph-09-250000587,09-799606825**

## ပျောက်ဆုံးကြောင်း

ဦးမြခိုင်[၁၄/ပသန(နိုင်)၁၆၅၆၈၃] ဒုတိယတန်းစက်ခန်းအုပ်လက်မှတ် ဆဒ-၆၉/၂၀၀၇ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၉၅၅၄၆၃၀၀**

## ပျောက်ဆုံးကြောင်း

ဦးကျော်စွာမင်း [၁၀/မလမ(နိုင်) ၁၅၅၀၅၉] ပိုင် OB-556 ရေယာဉ်၏ လုပ်ငန်းလိုင်စင်စာအုပ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း ၀၉-၉၆၄၄၆၅၅၀၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့ ရတနာသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်- ၄/ဥတ္တရသီရိအနောက်ရပ်၊ မြေဧရိယာ (၀.၂၂၉) ဧက၊ မြေကွက်အမှတ် (ဉ-၃၂၀၉)၊ ဦးဖေသန်းဦး အမည်ပေါက် နှစ်(၃၀)မြေငှားဂရန် စာချုပ်မြေကွက်ကို ဒုဗိုလ်မှူးကြီးမျိုးညွန့်(ငြိမ်း)[၃/လဘန(နိုင်)၀၃၀၅၀၅]၊ အဖအမည် ဦးချစ်ညွန့်မှ ရန်ကုန်မြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၇၂၁၃/၂၀၁၇(၁-၈-၂၀၁၉) တင်ပြ၍ ဦးရဲဝင်းဦး [၁၂/ဥကမ(နိုင်)၁၅၃၂၁၇]၊ အဖအမည် ဦးအေးငြိမ်းအမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု ဌာနသို့ ကြော်ငြာစာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၀/ပေါင်းလောင်း-၁၊ ဦးအေးသန်းအမည်ပေါက် ဦးပိုင်အမှတ်(၄၃၃)၊ မြေကွက်အမှတ်(၉၆၈)၊ ပေ(၄၀×၆၀)၊ ဧရိယာ(၀.၀၅၅)ဧကရှိ မြေကွက်အား ဦးရဲဝင့်အောင်(ခ)ရဲဝင့်ဇော်(ဘ)ဦးမြင့်ဇော်[၉/ပမန(နိုင်)၁၉၄၀၄၅]မှ ပျဉ်းမနားမြို့မြေ တိုးချဲ့နေရာချထားရေးကော်မတီမှ လူနေထိုင်ရန်ချထားပေးသော မြေကွက်ဖြစ်ကြောင်း ထောက်ခံချက်၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်ယူကျမ်းကျိန်လွှာ၊ လျှောက်ထားသူ၏ ကိုယ်တိုင်ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်(မူရင်း)များတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ခိုင်လုံသော အထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများ ခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ (၁၅)ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ဗိုလ်တထောင်မြို့နယ်တရားမရုံး၌
## ၂၀၁၈ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၆

| | | |
|---|---|---|
| သမဝါယမဘဏ်လီမိတက် | | ၁။ ဦးမြင့်သန်းဦး |
| (၎င်းကိုယ်စား-ဒေါ်ထူးထူးရင် | နှင့် | ၂။ ဒေါ်ခင်စန္ဒာဝင်း |
| ဥပဒေကျွမ်းကျင်-၁) | | |
| **(တရားလို)** | | **(တရားပြိုင်များ)** |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၃၀)ရပ်ကွက်၊ ဗိုလ်ဆွန်ပတ်လမ်း၊ အမှတ်-၁၁၈နေ (၁)တရားပြိုင် ဦးမြင့်သန်းဦး(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုကငွေကျပ်(၅၁၇၄၈၄၃ကျပ် ၃၈ပြား) (ကျပ်ငါးဆယ့်တစ်သိန်းခုနစ်သောင်းလေးထောင်ရှစ်ရာလေးဆယ့်သုံးနှင့်ပြားသုံးဆယ့်ရှစ်တိတိ) ရလိုမှုဖြင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍၊ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၉ခုနှစ်၊ မေလ(၈)ရက် (၁၃၈၁ခုနှစ်၊ ကဆုန်လဆန်း၅ရက်)နေ့ မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန်၊ ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ၊ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ခုနှစ်၊ ဧပြီလ ၈ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မေထူးအောင်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ဗိုလ်တထောင်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာချက်

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်၊ ပန်းလှိုင်အိမ်ရာ၊ တိုက်အမှတ်(၂)၊ အခန်းအမှတ်(၂၀)၊ ထီးတန်းလမ်းမလမ်း တိုက်ခန်းအမည်ပေါက်ပိုင်ဆိုင်သူ ဦးမြင့်ဆွေ[၁၂/စခန(နိုင်)၀၆၆၄၄၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးအေးမာ [၁၂/ကမရ(နိုင်)၀၅၉၀၄၄]သည် အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ရာ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍(၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား မူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကြည်ဝင်း(H.G.P,LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၅၂၂၆)**
**အမှတ်(၁၁၉)၊ ဟံသာဝတီ(၂၂)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၈၈၁၁၅၁၃၄၊ ၀၉-၃၁၃၄၃၄၃၀**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ ဘရဏီလမ်း၊ အမှတ်(၁၉၉)မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၆)ထပ်အဆောက်အအုံ၏ (၂)ထပ်၊ ပထမလွှာ၊ ခေါင်းရင်းဘက်ခြမ်း(ကန်ထရိုက်ပိုင်)၊ အကျယ်အဝန်း ဧရိယာ ပေ(၁၉×၅၄)ရှိ တိုက်ခန်းတစ်ခန်းအား စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူထားသူ (ရောင်းချပိုင်ခွင့်ရှိသူ) ဒေါ်ချမ်းငြိမ်းသူ[၁၀/ကထန(နိုင်)၁၂၇၀၆၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စုစုနန္ဒာဆွေ[၉/မရမ(နိုင်)၀၉၂၅၈၃]က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူ မည်သူမဆို ယနေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးတင်ဝင်း**
**B.A(Law)LLB,D.B.L,D.M.L**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၂၁၂၇)**
**အမှတ်(၆၂၃)၊ ဝရုဏာ(၆)လမ်း၊ (၁၃)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၆၂၆၃၀၁၁၉**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ဗိုလ်တထောင်မြို့နယ်တရားမရုံး၌
## ၂၀၁၉ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂

| | | |
|---|---|---|
| သမဝါယမဘဏ်လီမိတက် | နှင့် | ၁။ ဒေါ်ခင်စန္ဒာဝင်း |
| (၎င်းကိုယ်စား-ဒေါ်ထူးထူးရင် | | ၂။ ဦးမြင့်သန်းဦး |
| ဥပဒေကျွမ်းကျင်-၁) | | |
| **(တရားလို)** | | **(တရားပြိုင်များ)** |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၃၀)ရပ်ကွက်၊ ဗိုလ်ဆွန်ပတ်လမ်း၊ အမှတ်-၁၁၈နေ (၂) တရားပြိုင် ဦးမြင့်သန်းဦး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ငွေကျပ် (၃၈၅၉၈၂၀ကျပ် ၂၃ ပြား) (ကျပ်သုံးဆယ့်ရှစ်သိန်းငါးသောင်းကိုးထောင်ရှစ်ရာ့နှစ်ဆယ်နှင့် ပြားနှစ်ဆယ့်သုံးတိတိ) ရလိုမှုဖြင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၉ ခုနှစ်၊ မေလ (၈)ရက်၊ (၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၅ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ ခုနှစ်၊ ဧပြီလ ၈ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မေထူးအောင်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ဗိုလ်တထောင်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့်-၅၊ နည်းဥပဒေ ၂၀)
## ဗိုလ်တထောင်မြို့နယ်တရားမရုံး၌
## ၂၀၁၉ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁

| | | |
|---|---|---|
| သမဝါယမဘဏ်လီမိတက် | | ၁။ ဦးသဲမောင်ဦး |
| (၎င်းကိုယ်စား-ဒေါ်ထူးထူးရင် | နှင့် | ၂။ ဦးမြင့်သန်းဦး |
| (ဥပဒေကျွမ်းကျင်-၁) | | |
| **(တရားလို)** | | **(တရားပြိုင်များ)** |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၃၀) ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ ဆောင်းဟေမာန်အိမ်ရာ၊ တိုက်-၈၊ အခန်းအမှတ်-၉ နေ (၁)တရားပြိုင် ဦးသဲမောင်ဦးနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၃၀) ရပ်ကွက်၊ ဗိုလ်ဆွန်ပတ်လမ်း၊ အမှတ်-၁၁၈ နေ (၂) တရားပြိုင် ဦးမြင့်သန်းဦး (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ငွေကျပ် (၁၈၅၂၃၉၀ ကျပ် ၅၉ ပြား) (ကျပ်သုံးဆယ့်ရှစ်သိန်း ငါးသောင်းနှစ်ထောင်သုံးရာ့ကိုးဆယ်နှင့် ပြားငါးဆယ့်ကိုးတိတိ)ရလိုမှုဖြင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်တို့ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၉ ခုနှစ်၊ မေလ(၈) ရက်၊ (၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူများ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ ခုနှစ်၊ ဧပြီလ ၈ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မေထူးအောင်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ဗိုလ်တထောင်မြို့နယ်တရားရုံး**

**နိုင်ငံသာယာဝပြောဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

C B BANK

လေးစားအပ်ပါသော CB Bank ၏ မိတ်ဟောင်း၊ မိတ်သစ် Customer များအား CB Bank ရွှေတောင်ဘဏ်ခွဲ အသစ်ကိုဖွင့်လှစ်၍ဘဏ်လုပ်ငန်းဝန်ဆောင်မှုများအား ဆောင်ရွက်ပေးနေပြီဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။




## ရွှေတောင်ဘဏ်ခွဲ

အမှတ်(၁)၊ ကြာနီကန်လမ်း၊ ကြာနီကန်ရပ်ကွက်၊ ရွှေတောင်မြို့နယ်၊
ပဲခူးတိုင်းဒေသကြီး။

Tel : (95) **053 55391**
Fax : (95) **053 55392/ 55393/ 55394**
Email : **contact@cbbank.com.mm** /Contact Center : **(01) 2317770**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးထိန်လင်း
**ညွှန်ကြားရေးမှူး၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန**
**အသက် (၅၆) နှစ်**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးထိန်လင်းသည် ၂၃-၄-၂၀၁၉ (အင်္ဂါနေ့) နံနက် ၄း၅၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး**
**ဝန်ထမ်းမိသားစုများ**
**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးထိန်လင်း
**ညွှန်ကြားရေးမှူး**
**သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန**
**အသက်(၅၆)နှစ်**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးထိန်လင်း သည် ၂၃-၄-၂၀၁၉ (အင်္ဂါနေ့) နံနက် ၄း၅၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဝန်ကြီးနှင့်ဇနီး**
**ဝန်ထမ်းမိသားစုများ**
**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးထိန်လင်း
**ညွှန်ကြားရေးမှူး**
**သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန**
**အသက်(၅၆)နှစ်**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးထိန်လင်း သည် ၂၃-၄-၂၀၁၉ (အင်္ဂါနေ့) နံနက် ၄း၅၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အမြဲတမ်းအတွင်းဝန်၊ ဒုတိယအမြဲတမ်းအတွင်းဝန်**
**ဝန်ထမ်းမိသားစုများ**
**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန(သာသနာရေး)**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်လှမြင့်
**အသက်(၇၅)နှစ်**

သူငယ်ချင်း ကျော်ဇံ (ဒုတိယရဲမှူးကြီး)၏မိခင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ **သူငယ်ချင်းများ**

**RASU-1984-GEOLOGY**

## ဦးထိန်လင်း
**ညွှန်ကြားရေးမှူး၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန**
**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**
**အသက် (၅၆) နှစ်**

နေပြည်တော်ကောင်စီနယ်မြေ၊ ဇမ္ဗူသီရိမြို့နယ်၊ တိုက်(၁၁၁၂)၊ အခန်း(၁၁)နေ (ဦးဟန်-ဒေါ်အေးသန်း)တို့၏သား၊ ဒေါ်ရီရီချို၏ချစ်လှစွာသော ခင်ပွန်း၊ မနေခြည်ချိုလင်း(ဒု-ဦးစီးမှူး၊ ငါးလုပ်ငန်းဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)၊ မောင်အောင်ဇမ္ဗူလင်း-မစန္ဒီကျော်ဇောလင်းတို့၏ ချစ်လှ စွာသော ဖခင်သည် ၂၃-၄-၂၀၁၉ (အင်္ဂါနေ့) နံနက် ၄း၅၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၄-၂၀၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ တာဝရေတံခါးကျေးရွာ၊ တာဝရေတံခါးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဦးထိန်လင်း ညွှန်ကြားရေးမှူး
**အသက်(၅၆)နှစ်**
**သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန**

ဒေါ်ရီရီချို ၏ ခင်ပွန်း၊ ဒေါ်နေခြည်ချိုလင်း (ဒု-ဦးစီးမှူး၊ ငါးလုပ်ငန်းဦးစီးဌာန)၏ ဖခင် ဦးထိန်လင်း သည် ၂၃-၄-၂၀၁၉ ရက် နံနက် ၄း၅၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုများ**
**ငါးလုပ်ငန်းဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးထိန်လင်း
**ညွှန်ကြားရေးမှူး**
**သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန**
**အသက်(၅၆)နှစ်**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးထိန်လင်းသည် ၂၃-၄-၂၀၁၉ (အင်္ဂါနေ့) နံနက် ၄း၅၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဝန်ထမ်းမိသားစုများ**
**အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်**

**ရဟန်း၊ သိမ်ဒါယကာကြီး**
## ဦးဘလယ် (မုံရွာ)
**အသက် (၁၀၀)**

မုံရွာမြို့ အေးသာယာရပ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ်(၂၄၇)၊ (က/ခ) နေ (ဦးဘဏ်-ဒေါ်ချစ်ယု)တို့၏သား၊ (ဒေါ်တင်အေး)၏ခင်ပွန်း၊ (ဦးညွှန့်ဆွေ)-ဒေါ်ခင်အေးမြင့်၊ ဒေါ်ခင်မျိုးရီ(အထက်တန်းရှေ့နေ)၊ ဒေါ်ခင်မြရီ(ဒု/အင်ဂျင်နီယာချုပ်၊ ရေ/သန့်-ငြိမ်း)၊ (ဦးအောင်မြင့်ဝင်း)၊ ဦးထွန်းမြင့်ဝင်း(ထွန်းထွန်း-ချင်းတွင်း)-ဒေါ်နှင်းဆီ၊ ဒေါ်ခင်လှရီ(လှလေးစတိုး)၊ ဦးကျော်ကျော်(တရားလွှတ်တော်ရှေ့နေ)-ဒေါ်ပြုံးပြုံးမြင့်(တရားလွှတ်တော်ရှေ့နေ)၊ ဦးမော်မော်-ဒေါ်ရီရီချို(ကုန်သည်)တို့ ၏ ကျေးဇူးရှင်မွေးသဖခင်ကြီး၊ မြေး ရှစ်ယောက်၊ မြစ်သုံးယောက်တို့၏ဘိုးဘိုးကြီးသည် ၂၃-၄-၂၀၁၉ ရက် နံနက် ၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၄-၂၀၁၉ ရက် ညနေ ၄း၃၀ နာရီတွင် မုံရွာမြို့ ဆားကျင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်သန်းရှိန် (စာရေးဆရာမခင်သန့်စင်) (ရေးမြို့)
**အသက် (၉၃) နှစ်**

ရေးမြို့နေ (ဦးဖိုးစံ-ဒေါ်စိန်ဟန်)တို့၏သမီး၊ (ဦးထွန်းရှိန်-ဒေါ်တင်တင်)၊ (ဦးလှထွန်း)-ဒေါ်ခင်သိန်း၊ (ဦးခင်မောင်စိုး)-ဒေါ်နုနုကြည်၊ ဗိုလ်မှူးအေးသွယ်-ဒေါ်တင်တင်အေး၊ ဦးဝင်းမြင့်-ဒေါ်ခင်ထားအိ၊ ဦးကိုဆန်း-ဒေါ်တင်တင်ထွေး၊ (ဗိုလ်ကြီးတင်ထွန်းအောင်)တို့၏အစ်မကြီး၊ ကိုသန်းကို-မဝါဝါအောင်တို့၏အဒေါ်သည် ၂၂-၄-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၁း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၄-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၄-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ သစ္စာလမ်း၊ အမှတ်(၁၂၂၉) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်မြမြဝင်း (ပဲခူး)
**အသက်(၈၄)နှစ်**

ပဲခူးမြို့နေ ဦးအောင်မြင့်-ဒေါ်အေးကြည်တို့၏ သမီး၊ ဦးစိုးမြင့်(ခ) ဦးမင်းခန့် (အင်ယာမှူး-ငြိမ်း၊ ဆလရ)-ဒေါ်တင်တင်အေး(စာရင်းကိုင် ဆလရ) တို့၏ အစ်မ၊ ရန်ကုန်မြို့ မြောက်ဒဂုံမြို့နယ်၊ (၂၉)ရပ်ကွက်၊ အောင်သစ္စာလမ်း၊ အမှတ် (၉၃၈)နေ [ဦးလင်းကြည် (လက်ထောက်အင်ဂျင်နီယာ-ငြိမ်း၊ ဆလရ)]၏ ဇနီး၊ ဗိုလ်ကြီးသန့်လွင်(ငြိမ်း)-ဒေါ်ဝတ်ရည်လင်းတို့၏ မိခင်၊ မသွန်းလင်းသန့်၏ အဘွားသည် ၂၂-၄-၂၀၁၉ (တနင်္လာနေ့) ညနေ ၅း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၄-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၄-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးအေးကို (ညောင်ဦး)
**အသက်(၈၁)နှစ်**
**(MPPE)(ငြိမ်း)**

ညောင်ဦးမြို့ ဈေးတန်းရပ်နေ (ဦးအောင်ညွှန့်-ဒေါ်မမကြီး)၊ (ဦးသာတင့်-ဒေါ်သန်းတင်)တို့၏ သား၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ မြန်မာဂုဏ်ရောင်လမ်း၊ အမှတ်(၅၄)၊ ပထပ်(A)နေ (ဒေါ်မြင့်မြင့်ရီ)၏ ခင်ပွန်း၊ ဦးစောမြင့်(Venus Marine Co., Ltd.)-ဒေါ်စန်းစန်းရီ (ငါးလုပ်ငန်း ဦးစီး-ငြိမ်း)၊ ဦးသန်းစိန်-ဒေါ်နီလာဆွေ၊ ဦးကိုကိုစိုး (ပြည်တွင်းရေကြောင်း)-ဒေါ်စန်းစန်းမြင့်၊ ဦးဘုန်းမြင့်အောင် (Venus Marine)တို့၏ ဖခင်၊ မြေးကိုးယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးသည် ၂၂-၄-၂၀၁၉ (တနင်္လာနေ့) ညနေ ၅း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၄-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၁၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးအေးကို (မုံရွာ) (၅၈)နှစ်
**Ocean Tankers (Pte).,Ltd. (Singapore)**

မုံရွာမြို့ ချမ်းမြသာစည်ရပ်နေ (ဦးဆီပေါ-ဒေါ်ရွှေကြည်)တို့၏ သား၊ (ဦးဘမြင့်-ဒေါ်ခင်နွဲ့)တို့၏ သားသမက်၊ ဦးမြင့်လေး-ဒေါ်ခင်နု၊ ဦးမြင့်သိန်း (M.O.G.E-ငြိမ်း)-ဒေါ်သန်းသန်းမြင့်၊ ဦးတင်မောင်-ဒေါ်ဆွေဆွေတင် တို့၏ ညီ/မောင်၊ ဒေါ်သန်းသန်းအေး၊ ဦးစိုးမြင့်-ဒေါ်တင်အေးချိုတို့၏ အစ်ကို၊ ရန်ကုန်မြို့ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ မြန္မာလမ်း၊ တိုက်(၂၅)၊ အခန်း(၂၀၃)၊ မြကန်သာအိမ်ရာနေ ဒေါ်စန်းစန်းနု၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ထက်အောင် B.E (Marine Electrical Systems and Electronics), MMU (KTM Shipping Co., Ltd.)၊ မထက်စုစုနိုင် (Final Part-II ၊ဆေးတက္ကသိုလ် -၂၊ ရန်ကုန်)တို့၏ ချစ်လှစွာသောဖခင် ဦးအေးကိုသည် ၂၃-၄-၂၀၁၉ ရက် နံနက် ၉း၀၅ နာရီတွင် ရန်ကုန်မြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၄-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးအေးကို (မုံရွာ)
**အသက် (၅၈) နှစ်**
**Ocean Tankers (Pte).,Ltd (Singapore)**

မုံရွာမြို့ ချမ်းမြသာစည်ရပ်နေ (ဦးဆီပေါ-ဒေါ်ရွှေကြည်)တို့၏သား၊ (ဦးဘမြင့်-ဒေါ်ခင်နွဲ့)တို့၏သားသမက်၊ ဦးစစ်နိုင်(Chief Engineer, Norstar Ship-Management)-ဒေါ်ခိုင်ဝါဝါကို၊ Dr.ကျော်ငြိမ်းအေး(ဌေး့ပါမောက္ခ၊ ရန်ကုန်နည်းပညာတက္ကသိုလ်)-ဒေါ်အေးမြမြတို့၏အစ်ကို၊ ရန်ကုန်မြို့ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ မြန္မာလမ်း၊ တိုက်(၂၅)၊ အခန်း(၂၀၃)၊ မြကန်သာအိမ်ရာနေ ဒေါ်စန်းစန်းနု၏ချစ်လှစွာသော ခင်ပွန်း၊ မောင်ထက်အောင် B.E(Marine Electrical Systems and Electronics), MMU (KTM Shipping Co.,Ltd)၊ မထက်စုစုနိုင် (Final Part II ဆေးတက္ကသိုလ်-၂၊ ရန်ကုန်)တို့၏ချစ် လှစွာသောဖခင် ဦးအေးကိုသည် ၂၃-၄-၂၀၁၉ ရက် နံနက် ၉း၀၅ နာရီတွင် ရန်ကုန်မြို့နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၅-၄-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
**ရွှေဟင်္သာတောရ တိုက်ပိုင်ဆရာတော်**
## ဘဒ္ဒန္တ ဣန္ဒဝံသာဘိဝံသ
**(အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု၊**
**နိုင်ငံတော် ဩဝါဒါစရိယ၊ ရွှေဟင်္သာဝံသ သံဃမဟာနာယက ဓိပတိ)**
**သိက္ခာတော်(၈၀)၊ သက်တော်(၁၀၀)**

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့ ရွှေဟင်္သာတောရကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက သတ္တမစံကျောင်းတော် ဆရာတော်ကြီး ဘဒ္ဒန္တ ဣန္ဒဝံသာဘိဝံသ မဟာထေရ်မြတ်သည် (၁၃၈၀ခုနှစ်၊ ဦးတန်ခူးလဆန်း ၁၅ ရက်)၊ ၁၉-၄-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၁၂း၁၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၈၁ ခုနှစ် ဦးတန်ခူးလပြည့်ကျော် ၆ ရက်)၊ ၂၅-၄-၂၀၁၉ (ကြာသပတေးနေ့)တွင် ရွှေဟင်္သာတောရကျောင်းတိုက်၌ အန္တိမအဂ္ဂိစျာပနသဘင်ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း တပည့်သံဃာ၊ ဒါယကာ/ဒါယိကာမ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ရွှေဟင်္သာဝံသ သံဃာတော်များကြွတော်မူပါဘုရား (သီးခြားပင့်စာမပို့ပါ)။

စျာပနကျင်းပရေးကော်မတီ
ရွှေဟင်္သာတောရကျောင်းတိုက်
ညောင်တုန်းမြို့

## အနိစ္စ

**လပွတ္တာမြို့နယ်အသင်း(ရန်ကုန်)**
## ဒေါ်ခင်လှိုင် (လပွတ္တာမြို့)
**သက်ကြီးကန်တော့ခံအဘွား**
**အသက် (၈၈) နှစ်**

ရန်ကုန်မြို့ ကမာရွတ်မြို့နယ်၊ (၆) ရပ်ကွက်၊ Hi-Way Complex အိမ်ရာဝင်း၊ ယုဇနလမ်း၊ တိုက် (B)၊ အခန်း(၁၀၆) နေ (ဦးထွန်းကြည်)၏ဇနီး၊ ဒေါက်တာချိုထွန်း-ဒေါ်စန်းစန်းညွှန့်၊ (ဦးကျော်တင့်)-ဒေါ်စန်းစန်းကြည်၊ ဦးစိုးကြည်-ဒေါ်ခင်ဝင်းသန့်၊ ဒေါ်မိမိခိုင်၊ ဒေါ်ယဉ်ယဉ်လှ၊ ဒေါ်ဝင်းဝင်းမာ၊ ဦးမျိုးကြည်-ဒေါ်မေသက်လွင်တို့၏ မိခင်သည် ၂၂-၄-၂၀၁၉ (တနင်္လာနေ့) ညနေ ၅း၂၅ နာရီ တွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၄-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသူ/အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန် အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

## ဦးမြင့်ကြိုင်(ခ)ဦးလှမြင့်
**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ (၁၈-E)ရပ်ကွက်၊ သုခရတနာလမ်း၊ အမှတ်(၂၁)နေ (ဦးလှရင်-ဒေါ်သိန်းနွယ်)တို့၏ သား၊ (ဦးကျင်ပိုင်-ဒေါ်ကျင်မြ)တို့၏ သားသမက်၊ ဒေါ်တင်ရီ ၏ ခင်ပွန်း၊ ကိုအောင်ဇင်ဦး-မနွယ်နီဝင်း၊ ကိုသက်ဇင်ထွဋ်တို့၏ မွေးသဖခင်သည် ၂၃-၄-၂၀၁၉ (အင်္ဂါနေ့) နံနက် ၆း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၄-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဆရာမဒေါ်ဌေးဌေး
**အထက်တန်းပြ၊ ထ-ဌ၊ စမ်းချောင်း**
**အသက် (၆၉) နှစ်**

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းတောင်/အနောက်ရပ်ကွက်၊ ဦးကွယ်ဟိုးလမ်း၊ အမှတ်(၉)နေ (သမာဓိမြို့ဝန် ဦးတင်ဦး-ဒေါ်သန်းမြင့်)တို့၏ သမီး၊ (ဒေါ်တင်မိုးဇ-စာရေး ဆရာမ မိုးငြိမ်းဇ)၊ ဦးအောင်သိမ်း(စာရေး ဆရာ ကောင်းသာ)- ဒေါ်တင်တင်စောတို့၏ညီမ၊ (ဒေါ်ခင်အေးဆွေ)၊ (ဒေါ်မြင့်မြင့်ဦး)၊ ဦးသန်းအောင်-ဒေါ်သီတာမြင့်၊ ဦးဝင်းနိုင်ဦး(E.E Ocean Tanker)-ဒေါ်သီတာသွင် (သစ်လုပ်ငန်း-ငြိမ်း)တို့၏အစ်မ၊ ကိုအောင်သူရ (Video Editor-my ME)၊ ကိုလင်းသူအောင် (3.E Norstar)-မပွင့်ဖြူခိုင်၊ မရည်မွန်ဦး(Mechatronics Engineer S'pore)တို့၏ အဒေါ်၊ မသုနဒီအောင် (NELC)၏အဘွားသည် ၂၃-၄-၂၀၁၉ (အင်္ဂါနေ့) နံနက် ၁း၁၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၄-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးကိုလေး (မင်းရပ်/မိတ္ထီလာ)
**အသက် (၉၀)**

ရန်ကုန်မြို့ ရန်ကင်းမြို့နယ်၊ မိုးကောင်းလမ်း၊ ကျိုက္ကဆံရဲအရာရှိကြီးရိပ်သာ၊ တိုက်(B)၊ အခန်း(၂၄)နေ [ဒေါ်ငြိမ်း(မိတ္ထီလာ၊ မင်းရပ်)]၏ခင်ပွန်း၊ ရန်ကုန်မြို့နေ ဦးမောင်မောင်မြင့်(ညွှန်ကြားရေးမှူး-ငြိမ်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန)-ဒေါ်ခင်ယုဆွေ၊ ရဲမှူးကြီးထွန်းနေဝင်း-ဒေါ်ခင်ယုဝေ(တွဲဖက်ပါမောက္ခ-ငြိမ်း)၊ ဦးတင်အောင်ကျော်(ရွှေကျင်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)-ဒေါ်စောယုမေတို့၏ဖခင်၊ မြေးခြောက်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုး ဦးကိုလေးသည် ၂၂-၄-၂၀၁၉ (တနင်္လာနေ့) ညနေ ၄ နာရီတွင် အောင်ရတနာဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၄-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၈-၄-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်မြင့်ကြူး
**အသက်(၈၈)နှစ်**

ရန်ကုန်မြို့ အမှတ်(၄)၊ ပဒေသာလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်နေ (ဦးသိန်းအောင်)-ဒေါ်ခင်ညွှန့်တို့၏ ညီမ၊ ဦးသန်းအောင်-(ဒေါ်ချစ်ချစ်ဆွေ)တို့၏ အစ်မ၊ ဒေါ်ခင်ခင်ဆွေ၊ ဦးတင့်ကို-ဒေါ်သီတာအောင် (ကြူကြူးစတိုး)၊ ဦးအောင်စိုးကျော် (ကျော်ကြားဂတ်စကတ်)၊ ဦးယဉ်မင်းအောင်-ဒေါ်ခင်မိုးနွယ်၊ ဦးဇော်သူရ-ဒေါ်သင်းသင်းအေး၊ ဦးသန်းထွန်း-ဒေါ်မီးမီး၊ ဦးမျိုးညွှန့်-ဒေါ်ထိုက်ထိုက်စိုးတို့၏ အဒေါ်၊ မြေးကိုးယောက်တို့၏ အဘွားသည် ၂၃-၄-၂၀၁၉ (အင်္ဂါနေ့) နံနက် ၁း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၄-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်လှိုင် (လပွတ္တာမြို့)
**အသက်(၈၈)နှစ်**

လပွတ္တာမြို့နေ (ဦးဘိုးဟန်-ဒေါ်သိန်းတင်)တို့၏ သမီး၊ (ဦးမောင်အေး-ဒေါ်ပု)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့ ကမာရွတ်မြို့နယ်၊ (၆)ရပ်ကွက်၊ Hi-Way Complex အိမ်ရာဝင်း၊ ယုဇနလမ်း၊ တိုက်(B)၊ အခန်း(၁၀၆)နေ (ဦးထွန်းကြည်)၏ ဇနီး၊ ဒေါက်တာချိုထွန်း-ဒေါ်စန်းစန်းညွှန့်၊ (ဦးကျော်တင့်)-ဒေါ်စန်းစန်းကြည်၊ ဦးစိုးကြည်-ဒေါ်ခင်ဝင်းသန့်၊ ဒေါ်မိမိခိုင်၊ ဒေါ်ယဉ်ယဉ်လှ၊ ဒေါ်ဝင်းဝင်းမာ၊ ဦးမျိုးကြည်-ဒေါ်မေသက်လွင်တို့၏ မိခင်၊ မြေးရှစ်ယောက်၊ မြစ်နှစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၂၂-၄-၂၀၁၉ (တနင်္လာနေ့) ညနေ ၅း၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၄-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၄-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**
## ဦးဦးစောသာ (အလုပ်ရုံမှူး၊ RTC-ငြိမ်း)
**အသက် (၇၆) နှစ်**

ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့ ဒုက္ခချောင်းကျေးရွာနေ (ဦးသာလှ-ဒေါ်သို့) တို့၏သား၊ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့ နေပူခံကျေးရွာနေ (ဦးတုတ်-ဒေါ်စိန်ဖြူ) တို့၏သားသမက်၊ စစ်တွေမြို့နေ ဦးကျော်သာ (ခ) ဦးမောင်ဖြူ-ဒေါ်သိန်းကြိုင်၊ ရွှေပေါက်ကံမြို့နယ်နေ ဦးဖြူသာဦး-ဒေါ်နှင်းအေးစိန်တို့၏အစ်ကို၊ ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်၊ (ခ)ရပ်ကွက်၊ မြရတနာ(၃)လမ်း၊ အမှတ်(၃၆၇)နေ ဒေါ်ခိုင်လှစိန်၏ခင်ပွန်း၊ မသီတာစန်း၊ ဒေါက်တာကျော် မြင့်(မော်လမြိုင်ဆေးရုံအုပ်ကြီး)-ဒေါက်တာသီတာဝင်း(တွဲဖက်ပါမောက္ခ၊ ဌာနမှူး၊ တောင်ငူနည်းပညာတက္ကသိုလ်)၊ မလှိုင်လှိုင်မြင့်၊ မောင်ထွန်းလင်းအောင် (Golden Eagle Int Co.,Ltd)တို့၏ မွေးသဖခင်၊ မြေး သုံးယောက်တို့၏ အဘိုးရှင်သည် ၂၂-၄-၂၀၁၉ (တနင်္လာနေ့) ည ၇း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၄-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၄-၂၀၁၉ (တနင်္ဂနွေနေ့) နံနက်တွင် မြောက်ဥက္ကလာပမြို့နယ်၊ (ခ)ရပ်ကွက်၊ မြရတနာ(၃)လမ်း၊ အမှတ်(၃၆၇)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ပြည်သူများအပန်းဖြေအနားယူနိုင်ရန် နောက်ဖေးလမ်းကြားဥယျာဉ်သစ်တစ်ခုကို မေလဆန်းတွင် ဖွင့်လှစ်မည်

**ရန်ကုန် ဧပြီ ၂၃**

အများပြည်သူ အပန်းဖြေအနားယူနိုင်ရန်အတွက် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ဖော်ကျူးပြသသည့် နောက်ဖေးလမ်းကြားဥယျာဉ်သစ်တစ်ခုကို လာမည့်မေလဆန်းတွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ နောက်ဖေးလမ်းကြားဥယျာဉ်သစ်အား (၂၇)လမ်းနှင့် (၂၈)လမ်းကြား အလယ်ဘလောက် (မဟာဗန္ဓုလလမ်းနှင့် အနော်ရထာလမ်းကြား)တွင် မေ ၄ ရက်၌ ဖွင့်လှစ်သွားမည်ဖြစ်ပြီး ဒို့အိမ်အဖွဲ့အစည်းက ဖန်တီးပြုပြင်ထားခြင်းဖြစ်ကြောင်း သိရသည်။

**ခုနစ်ခုမြောက်ဥယျာဉ်**

"ဒီခုနစ်ခုမြောက်ဥယျာဉ်ကို ဆွစ်ဇာလန်သံရုံးရဲ့ထောက်ပံ့ကူညီမှုနဲ့ ဆောင်ရွက်တာဖြစ်ပါတယ်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက နောက်ဖေးလမ်းကြားသန့်ရှင်းတာနဲ့ ကွန်ကရစ်ခင်းတာတွေကို ပြုလုပ်ပေးတာဖြစ်ပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေ ပါဝင်ဆောင်ရွက်ပေးတာဖြစ်ပါတယ်။ ဒီလုပ်ငန်းကိုစလုပ်တဲ့အခါမှာ ဒီဇိုင်းပိုင်းကို ကျွန်တော်တို့က ကိုယ်တိုင်လုပ်ဆောင်ပေးတာမျိုးမဟုတ်ဘဲ စီမံကိန်းအနီးအနားတစ်ဝိုက်မှာ နေထိုင်ကြတဲ့သူတွေနဲ့ ဆွေးနွေးပွဲတွေပြုလုပ်ပြီး အနာဂတ်မှာ ဒီနေရာကို ဘယ်လိုပုံစံမျိုးဖြစ်စေချင်လဲ၊ ဘယ်လိုလုပ်ဆောင်သင့်တယ်ဆိုတာကို တစ်ဆင့်ချင်း

**စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ❍**



ဖန်တီးပြုပြင်ထားသော (၂၇)လမ်းနှင့် (၂၈)လမ်းကြား အလယ်ဘလောက်ရှိ နောက်ဖေးလမ်းကြားဥယျာဉ်သစ်ကို တွေ့ရစဉ်။

# မြန်မာနှင့် စင်ကာပူ ဇွန် ၁၁ ရက်တွင် စင်ကာပူ၌ ခြေစမ်းမည်



**ရန်ကုန် ဧပြီ ၂၃**

မြန်မာ့လက်ရွေးစင်အသင်းနှင့် စင်ကာပူလက်ရွေးစင်အသင်းသည် ဖီဖာမှ သတ်မှတ်ထားသည့် နိုင်ငံတကာရက်သတ္တပတ်ဖြစ်သည့် ဇွန် ၁၁ ရက်တွင် စင်ကာပူနိုင်ငံ၌ ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ဇွန်လ၏ နိုင်ငံတကာရက်သတ္တပတ်တွင် ခြေစမ်းပွဲနှစ်ပွဲကစားရန် စီစဉ်ထားပြီး ဇွန် ၁၁ ရက်တွင် စင်ကာပူအသင်းနှင့် ကစားမည်ဖြစ်ရာ ဇွန်ပထမပတ်တွင် နောက်ထပ်ခြေစမ်းပွဲတစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ယင်းခြေစမ်းပွဲများမှာ မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ်သစ်ရာဒူလိုဗစ်၏ ပွဲဦးထွက်ပွဲ ဖြစ်လာမည်ဖြစ်ပြီး ကမ္ဘာ့ဖလားနှင့် အာရှဖလားခြေစစ်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ယှဉ်ပြိုင်ကစားခြင်းဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် နောက်ထပ် ခြေစမ်းပွဲအတွက်

**စာမျက်နှာ ၁၀ ကော်လံ ၅ သို့ ❖**

မြန်မာနှင့် အင်ဒိုနီးရှားအသင်း မတ်လက ခြေစမ်းပွဲကစားနေစဉ်။

# ဖားကန့်၌ နွံကန်ပေါက်ကျမှုကြောင့် လူ ၅၀ ကျော်နှင့် ဘက်ဟိုးယာဉ် ၁၅ စီးကျော် နွံအတွင်း နစ်မြုပ်ပျောက်ဆုံး

စာမျက်နှာ - ၁၄



GRAND HANTHA INTERNATIONAL HOSPITAL

GREEN, GRAND, CARE FOR THE PEOPLE

စင်္ကာပူနိုင်ငံမှ
ထိခိုက်ဒဏ်ရာနှင့် အရိုးအကြော အဆစ်
ကျောရိုး ခွဲစိတ်အထူးကုဆရာဝန်ကြီး
Dr. Mohd Mashfiqul Arafin Siddiqui (Dr. Mash)
MBBS (Singapore), MRCS (Edinburgh), MMED (Ortho), FRCS (Edinburgh), FAMS (Orthopaedic Surgery), Spine Specialist
(၂၆.၄.၂၀၁၉)နှင့် (၂၇.၄.၂၀၁၉) နေ့များတွင် နံနက် (၉း၃၀)နာရီမှစ၍

ဗီယက်နမ်နိုင်ငံမှ
မွေးရာပါ နှလုံးရောဂါ အထူးကုဆရာဝန်ကြီး
Dr. Do Nguyen Tin
(၄.၅.၂၀၁၉) ရက်နေ့ တွင်
ကလေးနှင့်လူကြီးမွေးရာပါ နှလုံးရောဂါများကို ခွဲစိတ်ရန်မလိုဘဲ ကုသရန်အတွက် တိုင်ပင်ဆွေးနွေးနိုင်မည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ဂရန်း(ဒ်)ဟံသာအင်တာနေရှင်နယ်ဆေးရုံကြီးတွင် ပြင်ပလူနာများကို တိုင်ပင်ဆွေးနွေး ကုသပေးမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

အမှတ် (၃)၊ နာနတ်တောလမ်းနှင့် ကြည့်မြင်တိုင်ကမ်းနားလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ✆ 01 231 7617, 01 523 000, 01 523 111

ကြေးမုံ
အထူးကဏ္ဍ
မေ ၂၄၊ ၂၀၁၉ (ဗုဒ္ဓဟူးနေ့)
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် တတိယ (၁) နှစ်တာ

# မူဝါဒရှစ်ချက်၊ ရည်မှန်းချက် ၁၃ ချက်၊ လုပ်ငန်းစဉ် ၃၂ ချက်တို့ကို ချမှတ်ဆောင်ရွက်နေသည့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

တွေ့ဆုံမေးမြန်း-နိုင်လင်းကြည်၊ ဓာတ်ပုံ-မောင်မောင်

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသည် မူဝါဒရှစ်ချက်၊ ရည်မှန်းချက် ၁၃ ချက်၊ လုပ်ငန်းစဉ် ၃၂ ချက်တို့ကို ချမှတ်ဆောင်ရွက်လျက်ရှိရာ ယင်းဆောင်ရွက်ချက်များအနက်မှ နိုင်ငံတော်အစိုးရ၏ တတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုအား တွေ့ဆုံမေးမြန်းထားသည်များကို ပြန်လည်ဖော်ပြလိုက်ပါသည်။**



ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို

**မေး။ ။ သာသနာရေးနဲ့ ယဉ်ကျေးမှုဝန်ကြီးဌာနအောက်မှာရှိတဲ့ တက္ကသိုလ်များနဲ့ ဦးစီးဌာနအသီးသီးရဲ့ တတိယ (၁)နှစ်တာကာလအတွင်း လုပ်ငန်းဆောင်ရွက်ချက်တွေကို သိပါရစေခင်ဗျာ။**

ဖြေ။ ။ သာသနာရေးနဲ့ ယဉ်ကျေးမှုဝန်ကြီးဌာနကို ဦးစီးဌာနငါးခု၊ တက္ကသိုလ်တစ်ခုနဲ့ ဖွဲ့စည်းထားပါတယ်။ တက္ကသိုလ်တစ်ခုကတော့ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဖြစ်ပါတယ်။ မြတ်ဗုဒ္ဓရဲ့ ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ်၊ ဓမ္မခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ကို ကမ္ဘာသူ ကမ္ဘာသားတွေ လေ့လာစံစားနိုင်အောင် ဖွင့်လှစ်ထားတဲ့ တက္ကသိုလ်ဖြစ်ပါတယ်။

ဝန်ကြီးဌာနမှာ လုပ်ငန်းတာဝန်ရှစ်ရပ် ချမှတ်ပေးထားပါတယ်။ လုပ်ငန်းတာဝန်တွေထဲက အဓိကအချက်ကတော့ ၂၀၁၈ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တွေနဲ့အညီ ပြည်ထောင်စုအတွင်းမှာ နေထိုင်ကြတဲ့ တိုင်းရင်းသားအားလုံးဟာ မိမိယုံကြည်ရာ၊ နှစ်သက်ရာဘာသာကို လွတ်လပ်စွာကိုးကွယ်ပိုင်ခွင့်ရှိဖို့နဲ့ ပြည်ထောင်စုဝန်ကြီးဌာနအနေနဲ့လည်း လိုအပ်တာတွေပံ့ပိုးကူညီဆောင်ရွက်ပေးဖို့က တစ်ချက်ဖြစ်ပါတယ်။

နောက်အရေးကြီးတာကတော့ မြတ်ဗုဒ္ဓရဲ့ အမွေအနှစ်တွေကို ထာဝရတည်တံ့ခိုင်မြဲအောင်ထိန်းသိမ်းပြီး ယဉ်ကျေးမှုအမွေအနှစ်တွေ တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းဆောင်ရွက်နိုင်ဖို့က နံပါတ်နှစ်အရေးကြီးတဲ့အချက်ဖြစ်ပါတယ်။

တတိယအရေးကြီးတဲ့ အချက်ကတော့ မြန်မာသမိုင်းမှာ ခေတ်အလိုက် စဉ်ဆက်မပြတ်ရေးသားထားတဲ့ သမိုင်းစာအုပ်ရယ်လို့ မရှိသေးပါဘူး။ သမိုင်းကို အရှိကို အရှိတိုင်း၊ အဖြစ်ကို အဖြစ်တိုင်း၊ အမှန်ကိုအမှန်တိုင်း တစ်ဆက်တစ်စပ်တည်းဖြစ်ဖို့အတွက် မြန်မာသမိုင်းအဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များခွဲထားပေးပါတယ်။ ကျန်တဲ့လုပ်ငန်းတာဝန်ငါးချက်ကတော့ ဌာနရဲ့လုပ်ရိုးလုပ်စဉ်ဖြစ်ပါတယ်။

သာသနာရေးဆိုင်ရာ ဆောင်ရွက်ချက်တွေအနေနဲ့ကြည့်ရင် ဝါဆိုသင်္ကန်းကပ်လှူတဲ့ အခမ်းအနား၊ ကထိန်သင်္ကန်းကပ်လှူတဲ့ အခမ်းအနား၊ နှစ်စဉ်တပေါင်းလမှာပြုလုပ်တဲ့ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်ဆက်ကပ်ချီးမြှင့်တဲ့အခမ်းအနားတွေကို ကျင်းပပါတယ်။ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်ချီးမြှင့်တဲ့ အခမ်းအနားကတော့ ဘာသာရေးအခမ်းအနားတွေထဲမှာ အကြီးကျယ်ဆုံးနဲ့ အကြီးမြတ်ဆုံးအခမ်းအနားဖြစ်ပါတယ်။ မြန်မာနိုင်ငံတော်အစိုးရကနေပြီး ဆက်ကပ်ချီးမြှင့်တဲ့

အထူးကဏ္ဍ [ ခ ] သို့ »»



မြင်စိုင်းမြို့ဟောင်းအနီး စိတ္တဂုတ္တလိုဏ်ဂူအတွင်းရှိ နံရံဆေးရေးပန်းချီများ ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်နေစဉ်။

**သာသနာရေးနဲ့ ယဉ်ကျေးမှု ဝန်ကြီးဌာနကို ဦးစီးဌာနငါးခု၊ တက္ကသိုလ် တစ်ခုနဲ့ ဖွဲ့စည်း ထားပါတယ်။ တက္ကသိုလ် တစ်ခုကတော့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်ဖြစ်ပါတယ်။ မြတ်ဗုဒ္ဓရဲ့ ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ်၊ ဓမ္မခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ကို ကမ္ဘာသူ ကမ္ဘာသားတွေ လေ့လာစံစားနိုင်အောင် ဖွင့်လှစ်ထားတဲ့ တက္ကသိုလ်ဖြစ်**



၂၃-၁၁-၂၀၁၈ ရက်က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ နိုင်ငံတော်သမ္မတဦးဝင်းမြင့်၏ဇနီး ဒေါ်ချိုချို၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ၏ဇနီး ဒေါ်ခင်သက်ဌေးနှင့် ဧည့်ပရိသတ်များက စေတီတော်အထွတ်တွင် စိုက်ထူပူဇော်မည့် ပန်းလည်တိုင် မူလအဆင့်၊ အလယ်အဆင့်နှင့် အထက်အဆင့်တို့ကို မင်္ဂလာရထားပျံဖြင့် ပင့်ဆောင်ပူဇော်ပေးကြစဉ်။

»» အထူးကဏ္ဍ [ က ] မှ

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တွေကို ရဟန်းသံဃာတွေ၊ သီလရှင်ဆရာကြီးတွေထံ ဆက်ကပ်ရုံမဟုတ်ဘဲ လူပုဂ္ဂိုလ်တွေကိုလည်း သာသနာ့နုဂ္ဂဟဘွဲ့တွေ ချီးမြှင့်ပါတယ်။ အဲဒါကို မြန်မာနိုင်ငံပြည်တွင်းသာမက အာရှတိုက်နဲ့ နိုင်ငံတကာကပါ စိတ်ဝင်စားကြပါတယ်။ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တွေကို ထေရဝါဒ ငါးနိုင်ငံအပြင် တရုတ်၊ ဂျပန်၊ ကိုရီးယား၊ ဗီယက်နမ်၊ စင်ကာပူနဲ့ ဥရောပနိုင်ငံတွေမှာ သီတင်းသုံးနေကြတဲ့ ထေရဝါဒရော မဟာယာနကပါ တန်ဖိုးထားကြပါတယ်။ အမေရိကန်၊ ကနေဒါလည်း ဒီလိုပါပဲ နှစ်စဉ်ဘွဲ့ကို အလှူခံရပါတယ်။ ဒီနှစ်လည်း ပြည်ပကရဟန်းတော် သုံးပါး၊ လူပုဂ္ဂိုလ်နှစ်ဦးတို့ကို ဘွဲ့တံဆိပ်ဆက်ကပ် ချီးမြှင့်ခဲ့ပါတယ်။

နိုင်ငံတော်ကဆက်ကပ်တဲ့ ဘွဲ့တံဆိပ်တွေကို နိုင်ငံတကာက တန်ဖိုးထားကြပါတယ်။ အထူးသဖြင့် တရုတ်နိုင်ငံက ပိုပြီးတန်ဖိုးထားပါတယ်။ မြတ်ဗုဒ္ဓရဲ့ သာသနာတော် နှစ်ပေါင်း ၅၀၀၀ မက ကြာအောင် တည်တံ့ခိုင်မြဲဖို့ရန် အပိုင်း နှစ်ပိုင်းရှိပါတယ်။ ပထမက အစိုးရရဲ့ ချီးမြှင့်ထောက်ပံ့မှုလိုပါတယ်။ ဒုတိယက သံဃအဖွဲ့အစည်းတွေနဲ့ ဒါယကာ ဒါယိကာမနဲ့ ပြည်သူတွေဘက်က ထောက်ပံ့မှုဖြစ်ပါတယ်။ ပြည်သူပြည်သားတွေဘက်က ထောက်ပံ့တာကိုတော့ ပစ္စယာနုဂ္ဂဟလို့ခေါ်တဲ့ ပစ္စည်းလေးပါး ထောက်ပံ့တာဖြစ်ပါတယ်။

ရဟန်းသံဃာ အဖွဲ့အစည်းတွေက ကာကွယ်ပြုတာကိုတော့ ဓမ္မာနုဂ္ဂဟလို့ခေါ်ပါတယ်။ အဲဒီအပေါ်မှာ အစိုးရကနေ ကာကွယ်ပေးလို့ ဒီကနေ့ ဗုဒ္ဓသာသနာရဲ့ အရှိန်အဝါဟာ မြန်မာနိုင်ငံမှာ နေရောင်လရောင်ပမာ ထွန်းပြောင်နေပါတယ်။ နိုင်ငံတကာကလည်း အသိအမှတ်ပြုလေးစားကြပါတယ်။ နောက်ပြီး မျိုးဆက်သစ်လူငယ်တွေကြားမှာ ဗုဒ္ဓသာသနာ ဆက်လက်ရှင်သန် ပြန့်ပွားနေဖို့အတွက်ကိုလည်း အချိန်ကာလအလိုက် စာမေးပွဲတွေကို ကျင်းပပါတယ်။ အမြင့်ဆုံးစာမေးပွဲတွေက တိပိဋကဓရ၊ တိပိဋကကောဝိဒ အာဂုံပြန်တဲ့ စာမေးပွဲနဲ့ ရေးဖြေစာမေးပွဲဖြစ်ပါတယ်။ ဆက်စပ်တဲ့ ဓမ္မာစရိယ၊ ပါဠိပထမပြန်၊ နိကာယ်စာမေးပွဲ၊ အဘိဓမ္မာစာမေးပွဲ၊ လူပုဂ္ဂိုလ်အခြေခံကျောင်းသူ ကျောင်းသားလေးတွေ အတွက်ကတော့ နွေရာသီယဉ်ကျေးလိမ္မာသင်တန်းတွေဖွင့်ပေးပြီး မြတ်ဗုဒ္ဓရဲ့ သာသနာတော်နဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေကို လက်ဆင့်ကမ်းပြီး ဝန်ကြီးဌာနကနေ ဆောင်ရွက်ပေးနေတာဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရကလည်း လိုအပ်တာတွေကို ပံ့ပိုးပေးလျက်ရှိပါတယ်။

**မေး။ ။ ရွှေတိဂုံစေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံဖို့နဲ့ ပတ်သက်ပြီးတော့လည်း အသေးစိတ်ရှင်းပြပေးပါဦး။**

ဖြေ။ ။ ရွှေတိဂုံဘုရားနဲ့ ပတ်သက်ပြီး အကြီးမားဆုံး ပြုပြင်ပြောင်းလဲမှုကတော့ ကန်ထရိုက်စနစ်တွေကို ဖျက်သိမ်းလိုက်တာဖြစ်ပါတယ်။ အဲဒီလိုဖျက်သိမ်းလိုက်တဲ့အခါ အရင်က ကန်ထရိုက်စနစ်သုံးခဲ့တဲ့ခေတ်ကထက် အဆ ၁၀၀ ခန့်အထိ အလှူငွေတိုးတက်ရရှိတာကို တွေ့ရပါတယ်။ မော်တော်ယာဉ်ပါကင်လုပ်ငန်း၊ ဖိနပ်အပ်တဲ့လုပ်ငန်း၊ သန့်စင်ခန်းလုပ်ငန်းတို့ဆိုလည်း အခမဲ့လုပ်နေပါတယ်။ ပြည်တွင်း ပြည်ပခရီးသွားတွေ စိတ်ချမ်းသာအောင် လုပ်ပေးနိုင်ခဲ့ပါတယ်။ ရွှေတိဂုံစေတီတော်မြတ်ကြီးမှာ ခင်းထားတဲ့ ကျောက်ပြားတွေက နှစ်ပေါင်း ၅၀ ကြာပါပြီ။ ခင်းထားတဲ့အရောင်ပါတဲ့ ကျောက်ပြားတွေက နေပူတဲ့အခါ လမ်းလျှောက်ဖို့ခက်တဲ့အတွက် ကျောက်ပြားအဟောင်းတွေခွာပြီး နေပူခံစကျင်ကျောက်ကို ခင်းနိုင်ခဲ့ပါတယ်။ အခုဆိုရင် ၉၀ ရာခိုင်နှုန်းခင်းပြီးသွားပါပြီ။

စီးပွားဖွံ့ဖြိုးမှုအားနည်းနေပေမယ့် မြန်မာနိုင်ငံမှာတော့ ဒါယကာ ဒါယိကာမတွေနဲ့ စေတနာရှင်ပြည်သူတွေရဲ့ သဒ္ဓါတရားထက်သန်မှုကြောင့် ရွှေတိဂုံစေတီတော်မြတ်ကြီး အပါအဝင် တစ်နိုင်ငံလုံးမှာရှိတဲ့ စေတီ၊ ပုထိုး၊ သာသနိကအဆောက်အအုံတွေကို မြင့်မား ရွှေစင်အစစ်နဲ့ ကပ်လှူပူဇော်ကြပါတယ်။ ကမ္ဘာပေါ်မှာ မြန်မာနိုင်ငံတစ်ခုပဲရှိပါတယ်။

ထိုင်းနိုင်ငံမှာဆိုရင် စေတီ၊ ပုထိုး၊ သာသနိကအဆောက်အအုံတွေကို ရွှေအစစ်နဲ့ ပြင်ပမှာ ကပ်လှူတာမရှိပါဘူး။ တန်ဆောင်း၊ ဂန္ဓကုဋိတိုက်အတွင်းမှာရှိတဲ့ ဆင်းတုတော်တွေကိုပဲ ရွှေအစစ်နဲ့ ကပ်လှူတာဖြစ်ပြီး နေဒဏ်မိုးဒဏ်နဲ့ ထိတွေ့နေတဲ့အပြင်ဘက်ကို သုတေသနလုပ်ထားတဲ့ ရွှေရောင်ဆေးပြားနဲ့ ကပ်လှူပါတယ်။ အများစုကတော့ ဟာတိုရွှေဆေးနဲ့ ကပ်လှူပါတယ်။

ကျန်တဲ့ လာအို၊ ကမ္ဘောဒီးယားနဲ့ သီရိလင်္ကာနိုင်ငံတွေမှာတော့ ထုံးသင်္ကန်းပဲ ကပ်လှူကြပါတယ်။ ရွှေစင်ရွှေပြားနဲ့ ကပ်လှူတဲ့အခါမှာ ပင်လယ်နဲ့ နီးခြင်း၊ မိုးရေချိန်နည်းခြင်းတို့ရှိတာကြောင့် ငါးနှစ်တစ်ကြိမ် ကပ်လှူတဲ့ ပြင်ပရွှေတွေက ကွာကျတာ၊ အရောင်မည်းသွားတာ၊ လေဒဏ်မိုးဒဏ်နဲ့ လွင့်ပါးဆုံးရှုံးတာတို့ ဖြစ်ပါတယ်။

ငါးနှစ်တစ်ကြိမ်မှာ ဟောင်းနွမ်းသွားတဲ့ ရွှေတွေကို ရွှေမိုက်ပြန်ထုတ်ရပါတယ်။ ပြီးရင် အများပြည်သူလှူဒါန်းမှုနဲ့ အသစ်ကပ်လှူပူဇော်ရပါတယ်။ ရွှေမိုက်ထုတ်တဲ့အခါ ပျမ်းမျှရွှေပိဿာ ၃၀ ကပ်ခဲ့ရင် ၁၀ ပိဿာခန့်လောက် ရွှေမိုက်ထုတ်လို့ရပါတယ်။ ကျန်တဲ့ ပိဿာ ၂၀ က လေဒဏ်မိုးဒဏ်နဲ့ လွင့်ပါးဆုံးရှုံးသွားပါတယ်။ ထိုင်းနိုင်ငံကတော့ အဲဒီလို အဆုံးရှုံးမခံနိုင်လို့ ရွှေတွေကို သုတေသနပြုပြီးတော့ ထုတ်တဲ့နိုင်ငံဖြစ်ပါတယ်။ ဒါကြောင့် ရွှေတိဂုံဘုရားကို ငါးနှစ်တစ်ကြိမ် ရွှေသင်္ကန်းကပ်လှူပူဇော်မယ်ဆိုရင် ဝါးငြမ်းဆင်ရပြီး အချိန် တစ်လလောက်ကြာပါတယ်။ ပြန်လည်သုံးလို့ရတာက ၃၀ ရာခိုင်နှုန်းဆိုတော့ ၇၀ ရာခိုင်နှုန်းသောရွှေတွေက ငါးနှစ်ပြည့်တိုင်း သဘာဝဘေးဒဏ်ကြောင့် ဆုံးရှုံးသွားတယ်ဆိုတဲ့သဘောဖြစ်ပါတယ်။ မြန်မာနိုင်ငံသူနိုင်ငံသားတွေက ကြည်ညိုသဒ္ဓါတရားထက်သန်တဲ့အတွက် ရွှေတိဂုံစေတီတော်ကြီးကို စဉ်ဆက်မပြတ် လှူဒါန်းကြပါတယ်။

ရွှေတိဂုံစေတီတော်မြတ်ကြီး အသစ်ပြန်လည်လှူနိုင်ဖို့အတွက် လုပ်တဲ့အခါမှာ ငှက်ပျောဖူးတော်မှာ လွန်ခဲ့တဲ့နှစ်ပေါင်း ၁၂၀ ခန့်က မင်းတုန်းမင်းကြီးရဲ့သမီးတော် ကပ်လှူပူဇော်ခဲ့တဲ့ ရွှေစင်ပြားတစ်ပြားကို တွေ့ရပါတယ်။ အဲဒီရွှေစင်ပြားက တစ်ပေပတ်လည်ရှိပြီး အလေးချိန် ခြောက်ကျပ်သားခန့် ရှိပါတယ်။ ဒါကို ရောင်တော်ဖွင့်လိုက်တဲ့အခါ ပကတိရွှေစင်အတိုင်း အရောင်ဝင်းလက်နေပါတယ်။ အဲဒါကို နမူနာယူပြီး ငါးနှစ်တစ်ကြိမ် ရွှေမိုက် ပြန်ခွာ၊ အသစ်ပြန်ကပ် လေလွင့်ဆုံးရှုံးမှုများတာကို ကာကွယ်ကုစားနိုင်ဖို့အတွက် စက်မှုဝန်ကြီးဌာနနဲ့ ညှိနှိုင်းအကူအညီတောင်းတဲ့ အခါမှာ ဂျပန်နိုင်ငံကို စက်မှုဝန်ကြီးဌာနကနေ ကျွမ်းကျင်သူပညာရှင်တချို့ စေလွှတ်လေ့လာစေပြီး အဲဒီကနည်းပညာယူပြီး ရွှေပြားကြိတ်စက်ကို တည်ဆောက်ခဲ့ပါတယ်။

အဲဒီစက်ကနေ တစ်ပေပတ်လည်ရွှေပြားတွေကို စတင်ထုတ်လုပ်နိုင်ပါပြီ။ ကြိတ်စက်လေးလုံးကနေ ထုတ်လုပ်နိုင်မှုက ကျွမ်းကျင်မှုအားနည်းတာနဲ့ စက်ရဲ့လိုအပ်ချက်တွေက လက်တွေ့လုပ်ရင်းနဲ့ ပြုပြင်ရတာဖြစ်လို့ အရေအတွက်များများ တစ်ပြိုင်တည်းမထုတ်နိုင်သေးပါဘူး။ အဲဒီရွှေပြားတွေကို ငှက်ပျောဖူးတော်ကနေ အောက်ပိုင်းကို တဖြည်းဖြည်း ကပ်လှူပူဇော်မှာဖြစ်ပါတယ်။ အဲဒီရွှေပြားတွေက နှစ်ပေါင်း ၁၀၀၊ ၂၀၀ ခံမှာ သေချာပါတယ်။ အပြည့်ကပ်လှူပူဇော်နိုင်ခြင်းမရှိသေးခင်ကာလမှာ အောက်ပိုင်းကို မြင့်မားရွှေကိုပဲ ဆက်လက်ကပ်လှူပူဇော်မှာ ဖြစ်ပါတယ်။ နောက်ပိုင်းကျရင်တော့ ငါးနှစ်တစ်ကြိမ် ရွှေတွေ ဆုံးရှုံးတာကို ကာကွယ်နိုင်မယ့် အခြေအနေ ရောက်လာမှာဖြစ်ပါတယ်။

ရွှေတိဂုံစေတီတော်မြတ်ကြီးနဲ့ ပတ်သက်ပြီး လုပ်ငန်းမူဝါဒ သုံးရပ်ချမှတ်ခဲ့ပါတယ်။ စေတီတော်မြတ်ကြီးက ဘိုးဘွားအစဉ်အဆက် လက်ဆင့်ကမ်းအမွေပေးခဲ့တဲ့ နှစ်ပေါင်း ၂၆၀၀ ကျော်ရှိတဲ့ မြန်မာပြည်သူတွေရဲ့တန်ဖိုးအရှိဆုံးအမွေအနှစ်ဖြစ်လို့ ထာဝရ တည်တံ့ခိုင်မြဲနေဖို့အတွက် အစွမ်းကုန်ထိန်းသိမ်းဖို့၊ စေတီတော်မြတ်ကြီးလုံခြုံမှု အပြည့်အဝရရှိစေဖို့နဲ့ ပြည်တွင်းပြည်ပဘုရားဖူးပြည်သူတွေ

အထူးကဏ္ဍ [ ဂ ] သို့ »»




Universal Periodic Review-UPR အကြံပြုတိုက်တွန်းချက်များမှ ဘာသာပေါင်းစုံ ချစ်ကြည်ရေး၊ လွတ်လပ်စွာထုတ်ဖော်ခွင့်နှင့် စုဝေးခွင့်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး အမျိုးသားအဆင့်ကော်မတီ၏ အကြိုလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

»»» အထူးကဏ္ဍ [ ခ ] မှ

ကိုယ်စိတ်နှစ်ဖြာအေးချမ်းစွာနဲ့ ကြည်ညို လေ့လာ ဘုရားဖူးနိုင်ဖို့အတွက် ဆောင်ရွက်လျက်ရှိပါတယ်။ ရန်ပုံငွေလည်း အလှူ့အပယ် ရှိနေပါတယ်။

**မေး။ ။ ကျိုက်ထီးရိုး စေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မှုနဲ့ ပတ်သက်ပြီးတော့လည်း ပြောပြပေးပါဦး။**

ဖြေ။ ။ အများပြည်သူ စိတ်ဝင်စားတဲ့ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးကိုလည်း ဘက်စုံပြုပြင်မွမ်းမံပေးခဲ့ပါတယ်။ အခုဆို ကန်ထရိုက်စနစ်တွေ ဖျက်သိမ်းပြီး နေ့စဉ် ရဟန်းရှင်လူပြည်သူ ၁၅၀၀ လောက်ကို အခမဲ့တည်းခိုလို့ရအောင်နဲ့ အဆင့်မြင့်တည်းခိုခန်းဖြစ်အောင် စီမံပေးထားနိုင်ခဲ့ပါတယ်။ ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးဟာ ပြီးခဲ့တဲ့နှစ် ဇန်နဝါရီလမှာ ပြည်တွင်းပြည်ပဘုရားဖူး တစ်သိန်းကျော်လောက်လာတာဖြစ်လို့ သန့်ရှင်းမှုကအစ ထိန်းသိမ်းရတာခက်ခဲတဲ့ ကိစ္စဖြစ်ပါတယ်။ အဲဒီအတွက် ပညာရှင်တွေနဲ့ညှိနှိုင်းပြီး အကောင်းဆုံးဖြစ်အောင် စီမံနေပါတယ်။

ရန်ပုံငွေက ၂၀၁၁ ခုနှစ်က ၄ ဘီလီယံလောက်ရှိခဲ့ရာက အခုဆိုရင် ဘီလီယံ ၂၀ ကျော်လောက်ရှိနေပါပြီ။ စေတီတော်မြတ်ကြီးကို ရဟန်းရှင်လူပြည်သူတွေရဲ့ ဆန္ဒနဲ့အညီ လုံးဝပြောင်းလဲသွားအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်လို့လည်းပြောကြားလိုပါတယ်။

နှစ်ပေါင်း ၇၀ ကျော်ကြာမြင့်နေပြီဖြစ်တဲ့ ပြည်တွင်းစစ်ရပ်ဆိုင်းချုပ်ငြိမ်းပြီး ငြိမ်းချမ်းရေးရရှိဖို့အတွက်ကို ထာဝရငြိမ်းချမ်းရေးစေတီ တည်ဖို့ နိုင်ငံတော်သမ္မတကြီးနဲ့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့ရဲ့ လမ်းညွှန်ပေးမှုနဲ့အတူ အများပြည်သူရဲ့အလှူငွေနဲ့ တည်ထားလျက်ရှိပါတယ်။ အခုဆိုရင်စေတီတော်မြတ်ကြီးဟာ ၇၅ ရာခိုင်နှုန်းခန့်ပြီးစီးပြီ ဖြစ်ပါတယ်။ ကဆုန်လပြည့် ဒါမှမဟုတ် အဲဒီလပတ်ဝန်းကျင်မှာ ထီးတော်တင်လှူနိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးရရှိစေဖို့ဆိုတဲ့ ရည်မှန်းချက်နဲ့ တည်ဆောက်နေခြင်းဖြစ်ပါတယ်။

**မေး။ ။ မြန်မာနိုင်ငံမှာ ဘာသာပေါင်းစုံ ချစ်ကြည်ရင်းနှီးစွာနေထိုင်ရေးဟာလည်း အရေးကြီးတဲ့ အချက်တစ်ချက်ဖြစ်ပါတယ်။ ဒါကြောင့် ဘာသာပေါင်းစုံချစ်ကြည်ရေးနဲ့ ပတ်သက်ပြီး ဘယ်လိုဖွဲ့စည်းထားသလဲ၊ ဘယ်လိုလုပ်ငန်းတွေကို ဆောင်ရွက်နေသလဲဆိုတာကို သိပါရစေ။**

ဖြေ။ ။ ဘာသာပေါင်းစုံ ချစ်ကြည်ရေးအဖွဲ့ကို ၂၀၀၈ ခုနှစ်မှာ စတင်ဖွဲ့စည်းခဲ့ပါတယ်။ လုံးဝလွတ်လပ်တဲ့ NGO အဖွဲ့အစည်းဖြစ်ပါတယ်။ အဲဒီအဖွဲ့ကြီးဟာ လွတ်လပ်စွာ စီမံပိုင်ခွင့်၊ လှုပ်ရှားပိုင်ခွင့်ရှိပါတယ်။ အခုအစိုးရတက်လာချိန်မှာ ဘာသာပေါင်းစုံ ချစ်ကြည်ရေးအဖွဲ့ကို အသစ်ပြင်ဆင်ဖွဲ့စည်းခဲ့ပါတယ်။ စတင်ဖွဲ့စည်းချိန်ဖြစ်တဲ့ ၂၀၀၈ ခုနှစ်ကစလို့ ဒီနေ့အထိ အင်ဒိုနီးရှားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ နယူးဇီလန်၊ ဩစတြေးလျ၊ တောင်ကိုရီးယား၊ ဂျပန်၊ အဲဒီနိုင်ငံတွေမှာ ကျင်းပတဲ့ ဘာသာပေါင်းစုံလူငယ်များ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ကွန်ဖရင့်ကို သွားတက်ကြပါတယ်။ အဲဒီကနေလေ့လာပြီး ကိုယ့်နိုင်ငံနဲ့ ကိုက်ညီမယ့်မူဝါဒတွေ ရေးဆွဲအကောင်အထည်ဖော်နေကြပါပြီ။

ချင်းပြည်နယ်နဲ့ ရခိုင်ပြည်နယ်ကလွဲရင် ပြည်နယ်အားလုံးမှာ ဘာသာပေါင်းစုံ ချစ်ကြည်ရေးအဖွဲ့တွေ ဖွဲ့စည်းပြီးဖြစ်ပါတယ်။ မြို့နယ်အဆင့်မှာတော့ ၇၈ ဖွဲ့၊ ခရိုင်အဆင့် ၄၀၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ၁၂ ဖွဲ့ ဖွဲ့စည်းပြီးဖြစ်ပါတယ်။ ဗဟိုတစ်ဖွဲ့ စုစုပေါင်း အဖွဲ့ ၁၃၀ ဖွဲ့စည်းပြီးဖြစ်ပါတယ်။ ပူးပေါင်းဆောင်ရွက်မှုကတော့ ၂၀၁၆ ခုနှစ်မှာ ၃၉ ကြိမ်၊ ၂၀၁၇ ခုနှစ်မှာ ၆၂ ကြိမ်၊ ၂၀၁၈ ခုနှစ်မှာ ၂၉ ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ၂၀၁၇၊ ၂၀၁၈ ခုနှစ်တွေမှာ နယူးယောက်မြို့မှာ အခြေစိုက်တဲ့ ငြိမ်းချမ်းမေတ္တာအဖွဲ့ (Religion For Peace)နဲ့ ဘာသာပေါင်းစုံချစ်ကြည်ရင်းနှီးမှုအဖွဲ့တို့ ချိတ်ဆက်ပြီး မြန်မာနိုင်ငံ ငြိမ်းချမ်းသာယာဖို့ ဘာသာပေါင်းစုံ အတူတကွလက်တွဲပြီး အဲဒီကနေတစ်ဆင့် ဒေသတွင်း ငြိမ်းချမ်းရေး၊ အာရှတိုက်ငြိမ်းချမ်းရေးကို အထောက်အကူပြုဖို့ ရည်မှန်းချက်တွေနဲ့ ကမ်းလှမ်းလာပါတယ်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က လက်ခံတွေ့ဆုံပြီး ဘာသာပေါင်းစုံ ချစ်ကြည်ရေးဆိုင်ရာကိစ္စတွေကို ဆွေးနွေးပါတယ်။ ပြဿနာဖြစ်ပွားခဲ့တဲ့ ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသမှာ ငြိမ်းချမ်းမေတ္တာအဖွဲ့အစည်းနဲ့အတူ နှစ်ရက်ကြာသွားရောက်လေ့လာပြီးမှ လွတ်လပ်စွာ တွေ့ဆုံမေးမြန်းခွင့်ပြုခဲ့ပါတယ်။ အဆိုပါအဖွဲ့အကြီးအကဲ ဘစ်ရှော့ဂန်နာက ကုလသမဂ္ဂကိုပြန်သွားတဲ့အခါမှာ အစီရင်ခံစာတစ်စောင်တင်ခဲ့ပြီး မျှတတဲ့အစီရင်ခံစာလို့ အားလုံးကအသိအမှတ်ပြုကြပါတယ်။

အဲဒီအစီရင်ခံစာကို အကြီးအကဲဖြစ်တဲ့ ပုပ်ရဟန်းမင်းကြီးကဖတ်ပြီး ဆောင်ရွက်ချက်တွေနဲ့ပတ်သက်ပြီး နှစ်သက်အားရလို့ ကျွန်တော့်ထံ အမေရိကန်ဒေါ်လာ တစ်သိန်းထောက်ပံ့ပါတယ်။ ဘာသာပေါင်းစုံက ခေါင်းဆောင်တွေနဲ့အတူ ရခိုင်ပြည်နယ်အစိုးရကို ဆက်လွှဲပြီး ပဋိပက္ခကြုံတွေ့ခဲ့တဲ့ ဘူးသီးတောင်၊ မောင်တောဒေသက ဘာသာပေါင်းစုံ၊ လူမျိုးပေါင်းစုံကို ထာဝရကျန်ရှိနေမယ့် လမ်းဖောက်လုပ်ခြင်း၊ သောက်သုံးရေရရှိရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စတွေကို ထောက်ပံ့ဆောင်ရွက်ပေးခဲ့ပါတယ်။ အဲဒါနဲ့ပတ်သက်ပြီး ပုပ်ရဟန်းမင်းကြီးနဲ့ ငြိမ်းချမ်းမေတ္တာအဖွဲ့ထံ အစီရင်ခံစာတင်ခဲ့တာကြောင့် ကျွန်တော်တို့နိုင်ငံအပေါ်မှာပေးနေတဲ့ ဖိအားတွေ အတိုင်းအတာတစ်ခုအထိ လျော့နည်းစေခဲ့တယ်လို့ သုံးသပ်ကြပါတယ်။

၂၀၁၉ ခုနှစ် ဩဂုတ်လ ဂျာမနီနိုင်ငံမှာ နိုင်ငံပေါင်းစုံက ဘာသာပေါင်းစုလူငယ်တွေ တွေ့ဆုံပြီး ကမ္ဘာ့ညီလာခံကျင်းပဖို့ရှိပါတယ်။ အဲဒီညီလာခံမှာ မြန်မာနိုင်ငံက ဘာသာပေါင်းစုံလူငယ်တွေ တက်ရောက်ဖို့အတွက် ဖိတ်ကြားပါတယ်။ မြန်မာနိုင်ငံ ဘာသာပေါင်းစုံ လူငယ်တွေအနေနဲ့ ဆွေးနွေးမယ့် အဓိကအကြောင်းအရာတွေကို ကြိုတင်ညှိနှိုင်းမယ့် အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကိုလည်း ဖေဖော်ဝါရီလက ရန်ကုန်မြို့မှာ ကျင်းပခဲ့ပါတယ်။

ပြည်တွင်းမှာဖွဲ့စည်းခဲ့တဲ့ ဘာသာပေါင်းစုံ ချစ်ကြည်ရင်းနှီးမှုအဖွဲ့က ငြိမ်းချမ်းမေတ္တာအဖွဲ့နဲ့ အပြည့်အဝချိတ်ဆက်ပြီး အလုပ်ရုံဆွေးနွေးပွဲတွေ၊ ကွန်ဖရင့်တွေ စဉ်ဆက်မပြတ်ကျင်းပသွားဖို့လည်း စီစဉ်ထားပါတယ်။ ဒါကြောင့် ဘာသာပေါင်းစုံဟာ ပကတိအခြေအနေမှာ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ လက်တွဲဆောင်ရွက်နေပါတယ်။ လွတ်လပ်စွာကိုးကွယ်ခွင့်လည်း ရပါတယ်။ ပြည်တွင်းပြည်ပဆန့်ကျင်ဘက် အဖွဲ့အစည်းတချို့က ဘယ်လိုပဲသွေးထိုးပါစေ ဘာသာရေးကို အခြေခံတဲ့လူမျိုးရေး ပဋိပက္ခတွေမဖြစ်အောင် အစွမ်းကုန်ကြိုးစားတားဆီးကာကွယ်နိုင်ခဲ့ပါတယ်လို့ ပြောကြားလိုပါတယ်။

**မေး။ ။ ပုဂံဒေသကို ကမ္ဘာ့ရှေးဟောင်းအမွေအနှစ် ဒေသအဖြစ်တင်သွင်းခြင်းနဲ့ပတ်သက်ပြီးလည်း ရှင်းပြပေးပါဦး။**

ဖြေ။ ။ ပုဂံဒေသကို ယူနက်စကိုဝင်ဖို့အတွက် လေးနှစ်ကျော် ကြိုးပမ်းရပါတယ်။ ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှာ အဆိုပြုလွှာကို တင်သွင်းခဲ့ပါတယ်။ အတွဲငါးတွဲ၊ စာမျက်နှာ ၂၀၀၀ ကျော်ဖြစ်ပါတယ်။ အဲဒါကိုပြုစုဖို့ ပြည်တွင်းက ဗိသုကာပညာရှင်တွေ၊ ရှေးဟောင်းသုတေသနဦးစီးဌာနက ပညာရှင်တွေ၊ ဝန်ထမ်းတွေ၊ ယူနက်စကိုပညာရှင်တွေ လေးနှစ်လောက်အချိန်ယူခဲ့ပြီး တင်သွင်းထားပြီးဖြစ်ပါတယ်။ တင်သွင်းချက်နဲ့ပတ်သက်ပြီးလည်း ယူနက်စကိုက တာဝန်ပေးတဲ့ကျွမ်းကျင်ပညာရှင်တွေ ၁၂ ရက်ကြာ လာရောက်စိစစ်ပြီးဖြစ်ပါတယ်။ တင်သွင်းချက်နဲ့ မြေပြင်အခြေအနေကို တိုက်ဆိုင်စစ်ဆေးတဲ့အခါမှာ ကျေနပ်မှုရတယ်လို့ ပြောသွားပါတယ်။

၂၀၁၈ ခုနှစ် မေလက ဘာရိန်းနိုင်ငံမှာ ကမ္ဘာ့အမွေအနှစ် ကုမ္ပဏီဆိုတာရှိပါတယ်။ အဖွဲ့ဝင်နိုင်ငံ ၂၁ နိုင်ငံရှိပြီး အာဖရိကနိုင်ငံအများစုဖြစ်ပါတယ်။ အဲဒီကုမ္ပဏီရဲ့ အစည်းအဝေးကို နှစ်စဉ်ကျင်းပပါတယ်။ အဲဒီအစည်းအဝေးကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ယူနက်စကိုကိုယ်စားလှယ်၊ ပုဂံချစ်သူများအဖွဲ့၊ နှလုံးသားထဲကပုဂံ အဲဒီအဖွဲ့တွေ တက်ရောက်ပါတယ်။ ပုဂံဒေသနဲ့ပတ်သက်တဲ့ ကနုတ်ပန်းဖလက်တွေ၊ လက်ဆောင်တွေ၊ ခါတ်ပုံမှတ်တမ်းတွေကို တက်ရောက်တဲ့ ၂၁ နိုင်ငံကို ကြိုတင်လက်ဆောင်ပေးပြီး ပုဂံဒေသကို ရင်းနှီးကျွမ်းဝင်စေဖို့အတွက် ဆောင်ရွက်တာတွေရှိပါတယ်။ ၂၀၁၉ ခုနှစ် မေလမှာ အဇာဘိုင်ဂျန်နိုင်ငံ ဘာကူမြို့မှာ ကမ္ဘာ့အမွေအနှစ် ကုမ္ပဏီရဲ့အစည်းအဝေးကို ကျင်းပမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံက အဲဒီအစည်းအဝေးကို သွားတက်မှာဖြစ်ပြီး အဲဒီအစည်းအဝေးကနေ ပုဂံဒေသကို ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်ဖြစ်သင့်တယ်ဆိုတာကို ဆုံးဖြတ်မှာဖြစ်ပါတယ်။ တရုတ်နိုင်ငံကလည်း အဖွဲ့ဝင် ၂၁ နိုင်ငံထဲမှာ ပါဝင်နေတာဖြစ်လို့ လိုအပ်တဲ့ စည်းရုံးပံ့ပိုးမှုတွေရဖို့ ပြင်သစ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးက ညှိနှိုင်းမေတ္တာရပ်ခံထားတာဖြစ်လို့ ပံ့ပိုးပေးမှာဖြစ်ပါတယ်။ ပုဂံဒေသ ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ဖြစ်ဖို့အတွက်ကတော့ အဇာဘိုင်ဂျန်မှာ ကျင်းပမယ့် အစည်းအဝေးကနေ ဆုံးဖြတ်မှာဖြစ်ပြီး ကျွန်တော်တို့ဘက်ကတော့ ၉၀ ရာခိုင်နှုန်းကျော် လက်ခံထားပါတယ်။ အကောင်းဆုံးပြုစုပြီးမှ အဆိုပြုစာတွဲတွေကို တင်သွားခဲ့လို့ ဖြစ်ပါတယ်။

ရခိုင်ပြည်နယ် မြောက်ဦးဒေသကို ယူနက်စကိုရဲ့ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်

အထူးကဏ္ဍ [ ယ ] သို့ »»»



ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို အမျိုးသားစာကြည့်တိုက်(ရန်ကုန်) ပြောင်းရွှေ့ဖွင့်လှစ်မည့် အဆောက်အအုံအား ကြည့်ရှုစစ်ဆေးစဉ်။



ဒြပ်ရှိ၊ ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်များနှင့်ပတ်သက်၍ ရှေးဟောင်းစာပေ၊ ပုရပိုက်များ စုဆောင်းထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်နေကြစဉ်။

»»» အထူးကဏ္ဍ [ ဂ ] မှ

စာရင်းဝင်အဖြစ် တင်သွင်းဖို့ကိစ္စကို ၂၀၁၈ ခုနှစ် နှစ်စပိုင်းလောက်ကနေစပြီး လုပ်ငန်းဆောင်ရွက်နေပါတယ်။ နည်းပညာပိုင်းနဲ့ ငွေကြေးဆိုင်ရာ လိုအပ်ချက်တချို့ကို တရုတ်နိုင်ငံက ပံ့ပိုးမှာဖြစ်ပါတယ်။ အီတလီသံအမတ်ကြီးကလည်း နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးမှုပေးမှာဖြစ်ပါတယ်။ မြောက်ဦးဒေသမှာရှိတဲ့ ရခိုင်တိုင်းရင်းသားတွေကလည်း တက်ကြွစွာဝိုင်းဝန်းကူညီကြတာရှိပါတယ်။ ယူနက်စကိုရဲ့ ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းတဲ့အခါမှာ ပြုစုရတဲ့အဆိုပြုစာတွဲတွေက အင်မတန်များပါတယ်။ လုပ်ငန်းလုပ်ဆောင်တာလည်း ခရီးတစ်ဝက်လောက်အထိ ရောက်ခဲ့ပါပြီ။ ရှေးဟောင်းသုတေသနနှင့် အမျိုးသား ပြတိုက်ဦးစီးဌာနကလည်း အားကြိုးမာန်တက် လုပ်ဆောင်နေပါတယ်။ သို့သော်လည်း လတ်တလောဖြစ်ပေါ်လာတဲ့ မတည်ငြိမ်မှုတွေကြောင့် မြောက်ဦးမှာ ကျင်းပမယ့် အမွေအနှစ်ကုမ္ပဏီနဲ့ပတ်သက်ပြီး တရုတ်သံအမတ်ကြီး၊ အီတလီသံအမတ်ကြီးနဲ့ ပညာရှင်တွေ ပါဝင်တဲ့ နှစ်ကြိမ်မကျင်းပနိုင်ခဲ့ပါဘူး။ ရန်ကုန်မှာပဲ ကျင်းပတာရှိပါတယ်။ မြေပြင်အနေအထားသွားမကြည့်နိုင်သေးပါဘူး။ လုပ်ငန်းတွေက တုံ့ဆိုင်းနေပါတယ်။ လုံခြုံရေးအခြေအနေကြောင့်ဖြစ်ပါတယ်။ မကြာခင်အေးချမ်းသွားမယ်လို့ ရာနှုန်းပြည့် ယုံကြည်မျှော်လင့်ပါတယ်။ ၂၀၂၀ မှာ မြောက်ဦးဒေသကို ယူနက်စကိုတင်ဖို့ကိစ္စကို မလျှော့သေးပါဘူး။ ရန်ကုန်နဲ့ နေပြည်တော်မှာ ဆောင်ရွက်ဆဲဖြစ်ပါတယ်လို့ ပြောကြားလိုပါတယ်။

**မေး။ ။ အခုလောလောဆယ်မှာ အမျိုးသားစာကြည့်တိုက်ပြောင်းရွှေ့ဖွင့်လှစ်ဖို့ ဆောင်ရွက်နေတယ်ဆိုတာ သိရပါတယ်။ အဲဒါနဲ့ပတ်သက်ပြီးလည်း ဖြေကြားပေးစေလိုပါတယ်။**

ဖြေ။ ။ အမျိုးသားစာကြည့်တိုက်(ရန်ကုန်)ကို ကမ္ဘာအေးစေတီလမ်းမှာရှိတဲ့ သီရိမင်္ဂလာလမ်းသွယ်မှာ အခြားဝန်ကြီးဌာနက အဆောက်အအုံကိုငှားပြီး ယာယီဖွင့်လှစ်ထားတဲ့သဘောပါ။ အများပြည်သူသွားရလာရအဆင်ပြေမယ့်နေရာကို နိုင်ငံတော်သမ္မတထံ တင်ပြခဲ့တဲ့အခါ အခုပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းမှာရှိတဲ့ လေးထပ်ရှေးဟောင်းအဆောက်အအုံတစ်ခုကို ခွင့်ပြုပေးပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနကို အကူအညီတောင်းပြီး အဆောက်အဦပိုင်းဆိုင်ရာ ပြုပြင်တည်ဆောက်မှုတွေလုပ်နေတာ ၈၀ ရာခိုင်နှုန်းခန့် ပြီးပါပြီ။ စာကြည့်တိုက်ကို Digital Library ဖြစ်ဖို့အတွက် အဆင့်မြှင့်တည်ဆောက်သွားမှာဖြစ်ပါတယ်။ Digital-Library ဖြစ်မှသာ ပြည်တွင်းတက္ကသိုလ်တွေနဲ့ နိုင်ငံတကာတက္ကသိုလ်တွေမှာရှိတဲ့ စာကြည့်တိုက်တွေနဲ့ ချိတ်ဆက်နိုင်မှာဖြစ်ပါတယ်။

နိုင်ငံတကာစာကြည့်တိုက်တွေနဲ့ ပူးပေါင်းဆောင်ရွက်ပြီး ကိုယ့်မှာမရှိဘဲ ဘာသာရပ်တွေ၊ စာတွဲတွေကို အလွယ်တကူဒေါင်းလုပ်ရယူနိုင်မှာဖြစ်ပါတယ်။ စာကြည့်တိုက်က နိုင်ငံတကာနဲ့ ချိတ်ဆက်နိုင်မှသာလျှင် နိုင်ငံတကာရဲ့တိုးတက်ပြောင်းလဲနေတဲ့ နည်းပညာတွေကို အချိန်နဲ့တစ်ပြေးညီ လေ့လာသင်ယူနိုင်မှာဖြစ်ပါတယ်။ Digital Library တည်ဆောက်နိုင်ဖို့အတွက်ကိုလည်း အစိုးရက ချမှတ်ပေးတဲ့ မူဝါဒနဲ့အညီ ကုမ္ပဏီတွေကို တင်ဒါခေါ်ပြီး စိစစ်ရွေးချယ်လျက်ရှိပါတယ်။ အမျိုးသားစာကြည့်တိုက်ကို ၂၀၂၀ ပြည့်နှစ် ဇွန်လမတိုင်မီ ဖွင့်လှစ်နိုင်ဖို့အတွက် စီမံဆောင်ရွက်လျက်ရှိပါတယ်။ သုတ၊ ရသ အပါ



ကျိုက်ထီးရိုးစေတီတော် ရင်ပြင်အတက်လမ်းအား တာရာဇိုခင်းခြင်း ဆောင်ရွက်နေကြစဉ်။

အဝင် သိန်းချီတဲ့ စာအုပ်စာတမ်းတွေရှိနေပါတယ်။ အမျိုးသားစာကြည့်တိုက်နဲ့ ပတ်သက်ရင် လူငယ်မျိုးဆက်သစ်တွေရဲ့စိတ်ဝင်စားမှုလည်း ပိုမြင့်မားလာနေပါတယ်။ မြန်မာနိုင်ငံမှာ ပညာရေးစနစ်ကို ပြန်ကြည့်ရင် နှစ်ပေါင်းများစွာ ဆရာဗဟိုပြုတဲ့စနစ်ကို သင်ကြားခဲ့ရတာဖြစ်ပြီး အခုဆိုရင် ကျောင်းသား ဗဟိုပြုတဲ့စနစ်ကို ပြောင်းလဲနေပါပြီ။ ကျောင်းသားဗဟိုပြုစနစ်ကတော့ အမျိုးသားစာကြည့်တိုက်တွေ၊ အလုပ်ရုံဆွေးနွေးပွဲတွေကို အားကိုးရမှာဖြစ်လို့ အမျိုးသားစာကြည့်တိုက်ကို အဆင့်မြှင့်တင် တည်ဆောက်လျက်ရှိပါတယ်။

စာကြည့်တိုက်နဲ့ပတ်သက်ရင် အမျိုးသား

**ရန်ကုန်မှာရှိတဲ့ အမျိုးသားပြတိုက်ရော နေပြည်တော်မှာရှိတဲ့ အမျိုးသားပြတိုက်မှာပါ ပြည်တွင်းပြည်ပဧည့်သည်တွေ စိတ်ဝင်စားမှုကလည်း ဒီအစိုးရလက်ထက်မှာ ပိုမိုမြင့်မားလာတာတွေ့ရပါတယ်။ အမျိုးသားပြတိုက်တစ်ခုကို အချိန်တစ်နာရီလောက် လေ့လာလိုက်ခြင်းအားဖြင့် ဒီနိုင်ငံဒီလူမျိုးရဲ့ အမျိုးဂုဏ်အဆင့်အတန်းကို တစ်ခါတည်း အကဲဖြတ်လို့ရ**

အဆင့်စာကြည့်တိုက်တွေကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရဲ့ယဉ်ကျေးမှုဘက်ကနေ ထိန်းသိမ်းတာဝန်ယူ ဆောင်ရွက်လျက်ရှိပြီး ပြည်နယ်၊ တိုင်းဒေသကြီးကနေ ရပ်ကွက်၊ ကျေးရွာအထိ စာကြည့်တိုက်ငယ်တွေရှိပါတယ်။ အဲဒီစာကြည့်တိုက်တွေကို ပြန်ကြားရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်နေပါတယ်။ စာကြည့်တိုက်တွေ ချိတ်ဆက်ဖို့လိုတဲ့အတွက် ဝန်ကြီးဌာနနှစ်ခုပေါင်းပြီး ဆောင်ရွက်နေပါတယ်။ အပြန်အလှန်ကူညီပြီး စာကြည့်တိုက်တွေကို အဆင့်မြှင့်တင်သွားဖို့လည်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယဉ်ကျေးမှုဌာန အမျိုးသားစာကြည့်တိုက်မှာ စာကြည့်တိုက်နဲ့ ပတ်သက်တဲ့ ပညာရှင်တွေရှိနေပါတယ်။

ရန်ကုန်မှာရှိတဲ့ အမျိုးသားပြတိုက်ရော နေပြည်တော်မှာရှိတဲ့ အမျိုးသားပြတိုက်မှာပါ ပြည်တွင်းပြည်ပဧည့်သည်တွေ စိတ်ဝင်စားမှုကလည်း ဒီအစိုးရလက်ထက်မှာ ပိုမိုမြင့်မားလာတာတွေ့ရပါတယ်။ အမျိုးသားပြတိုက်တစ်ခုကို အချိန်တစ်နာရီလောက် လေ့လာလိုက်ခြင်းအားဖြင့် ဒီနိုင်ငံဒီလူမျိုးရဲ့အမျိုးဂုဏ်အဆင့်အတန်းကို တစ်ခါတည်း အကဲဖြတ်လို့ရပါတယ်။

အမျိုးသားပြတိုက်မှာရှိတဲ့ တကောင်း၊ သရေခေတ္တရာ၊ ပျူ၊ ပုဂံ၊ အင်းဝ၊ ပင်းယ၊ ကုန်းဘောင်၊ ရခိုင်နဲ့ ပတ်သက်တဲ့ ဝေသာလီ၊ ဓညဝတီ စတာတွေကိုလည်း တတ်အားသမျှ ပြည့်စုံအောင်စုစည်းပြီးတင်ပြထားပါတယ်။ မြန်မာနိုင်ငံဟာ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်တွေ ပြည့်စုံကြွယ်ဝတဲ့နိုင်ငံဖြစ်ပါတယ်။ ယဉ်ကျေးမှုအမွေအနှစ်တွေက ပြတိုက်ထဲမှာ မဆံ့လောက်အောင်ပဲရှိနေပါတယ်။ တချို့ပစ္စည်းတွေဆိုရင် အလှည့်ကျခင်းကျင်းပြသရတာတွေလည်း ရှိပါတယ်။ ဒါတောင် အိမ်နီးချင်းနိုင်ငံတွေကို ထွက်ခွာသွားတဲ့ အရေအတွက်က အင်မတန်ကြီးမားပါတယ်။ စိုးရိမ်ဖွယ်တွေ ကောင်းပါတယ်။

ပထမအကြိမ် လွှတ်တော်တုန်းက အမျိုးသား ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းတွေကို နိုင်ငံတော်အစိုးရတင်မကဘဲ ပြည်တွင်းနိုင်ငံသားတွေကပါ ထိန်းသိမ်းနိုင်ဖို့အတွက် ပုဂ္ဂလိကအမျိုးသားပြတိုက်ဥပဒေကိုလည်း ပြဋ္ဌာန်းပေးခဲ့ပါတယ်။ နည်းဥပဒေလည်း ထွက်ရှိပါပြီ။ အခုဆိုရင် ပုဂ္ဂလိကအမျိုးသားပြတိုက်တွေ တည်ဆောက်နေပါပြီ။ မကြာခင်မှာ ခံ့ခံ့ညားညားနဲ့ ပေါ်ထွက်လာတော့မှာဖြစ်ပါတယ်။

တစ်နည်းအားဖြင့် အမျိုးသားပြတိုက်မှာ ရှေးဟောင်းယဉ်ကျေးမှုပစ္စည်းတွေ၊ အနုပညာပစ္စည်းတွေ၊ ရွှေ၊ ငွေ၊ ကျောက်မျက်ရတနာပစ္စည်းတွေ ဖော်ထုတ်တွေ့ရှိလို့ လာအပ်တဲ့အခါမှာ အပြင်မှာရောင်းတဲ့ ငွေကြေးထက် ဆုကြေးငွေပိုရပါတယ်။ ရွှေထည်ပစ္စည်းဆိုရင် ပစ္စည်းရဲ့အလေးချိန်အတွက်ကိုလည်း ကာလပေါက်ဈေးနဲ့ ရပါတယ်။ သွင်းလုပ်ထားတဲ့ အနုပညာလက်ရာကြေးလည်း ထပ်ဆောင်းရပါတယ်။ ဘယ်ခေတ်ကလည်း ပျူခေတ်လား၊ သရေခေတ္တရာခေတ်လားဆိုတဲ့ ခေတ်ကာလလိုက်ပြီး ရပါတယ်။

ရှေးဟောင်းအမွေအနှစ် ပစ္စည်းတွေ လာအပ်မယ်ဆိုရင် တန်ဖိုးက နှစ်ဆ သုံးဆလောက်အထိ ပိုရလို့ ပြည်သူတွေလည်း အသိမြင့်ပွင့်လင်းပြီး နေ့စဉ်ရက်ဆက် လာအပ်နေတာလည်းရှိပါတယ်။ ပြတိုက်မှာ အတော်ပြည့်စုံနေတာလည်းရှိပါတယ်။ အမျိုးသားပြတိုက်ဟာ နိုင်ငံရဲ့ဂုဏ်၊ လူမျိုးရဲ့ဂုဏ်ဆောင်ပေးနေတာဖြစ်ပါတယ်။ နေပြည်တော်မှာဆိုရင် ပတ်ဝန်းကျင်က တပ်ကုန်း၊ ရမည်းသင်း၊ လယ်ဝေးအပြင် လက်လှမ်းမီတဲ့ နေရာတွေက အခြေခံပညာကျောင်းတွေမှာ ကျောင်းသားတွေကို အမျိုးသားပြတိုက်ကို လာရောက်လေ့လာဖို့ဖိတ်ခေါ်ပါတယ်။ လိုအပ်ရင် ကားကြိုပေးပါတယ်။ လာရောက်လေ့လာဖို့ ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းတို့ကလည်း ကမ်းလှမ်းနေပါတယ်။ အခုဆိုရင် ကျောင်းပိတ်ရက်တိုင်း မျိုးဆက်သစ်လေ့လာသူများနဲ့ ပြည့်နှက်စည်ကားလျက်ရှိပါတယ်။ အနာဂတ် ပြည်ထောင်စုတာဝန်ကို ထမ်းဆောင်မယ့် မျိုးဆက်သစ်တွေအနေနဲ့ မျိုးချစ်စိတ်ဓာတ်၊ ဇာတိသွေး၊ ဇာတိမာန် ရှင်သန်ထက်မြက်နေဖို့အတွက် ရည်ရွယ်ချက်နဲ့ အခုလိုဖိတ်ခေါ်နေတာဖြစ်ပါတယ်။

သမိုင်းသုတေသနနဲ့ ပတ်သက်ပြီး တင်ပြလိုပါတယ်။ ပရိုင်းမိတ်ကိုလည်း သုတေသနပြုလုပ်ပါတယ်။ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ် စတဲ့ခေတ်ကြီး သုံးခေတ်ကိုလည်း သုတေသနပြုပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံက အခုလိုသုတေသန ပြုလိုက်တဲ့အခါမှာ ကျောက်ခေတ်ယဉ်ကျေးမှုလည်း ထွန်းကားခဲ့တာ အားလုံးအသိပါပဲ။ အထူးသဖြင့် ရေဝတီမြစ်ရိုးတစ်လျှောက်မှာ ကျောက်ခေတ် ယဉ်ကျေးမှုက အတော်လေး ထွန်းကားခဲ့ပါတယ်။ ပုံတောင်ပုံညာဒေသလည်းပါပါတယ်။ ကြေးခေတ်ယဉ်ကျေးမှုလည်း ထွန်းကားခဲ့ပါတယ်။ အခုအထိ ကြေးချက်တဲ့ဖိုတွေလည်း တစ်နံတစ်လျားမှာ ရှိနေပါသေးတယ်။ သံခေတ်ယဉ်ကျေးမှုလည်း ထွန်းကားခဲ့ပါတယ်။ နှစ်ပေါင်းသန်း ၄၀ သက်တမ်းလောက်ရှိတဲ့ ရှေးခေတ်လူသားတွေရဲ့ ကျောက်ဖြစ်ရုပ်ကြွင်းတွေတွေ့တာ ကမ္ဘာပေါ်မှာ မြန်မာနိုင်ငံတစ်နိုင်ငံတည်းလို့တောင် ပြောလို့ရပါတယ်။

ဒီလိုသုတေသနပြုတဲ့အခါမှာ အများဆုံးပူးပေါင်းဆောင်ရွက်တာကတော့ ဂျပန်နိုင်ငံနဲ့ ပြင်သစ်နိုင်ငံဖြစ်ပါတယ်။ အဲဒီနိုင်ငံတွေက သုတေသနအဖွဲ့တွေက နှစ်စဉ်လာရောက်ပြီး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ပရိုင်းမိတ်ပညာရှင်တွေနဲ့ ပူးတွဲပြီး သုတေသနပြုနေတာရှိပါတယ်။ သုတေသနပြုချက်တွေ ကမ္ဘာကိုတင်ပြသလို ကျွန်တော်တို့မှာလည်း သမိုင်းမှတ်တမ်းအဖြစ်ထားရှိကြောင်း ပြောကြားလိုပါတယ်။ ကျွန်တော်တို့ဟာ မနေ့တစ်နေ့ကမှ ပေါ်ထွန်းလာတဲ့ လူမျိုးတစ်ခု၊ နိုင်ငံတစ်ခုမဟုတ်ပါဘူး။ ခေတ်သုံးခေတ်လုံးမြန်မာနိုင်ငံမှာ ထွန်းကားခဲ့ပါတယ်။ ယဉ်ကျေးမှုအမွေအနှစ်တွေ ပြည့်စုံပြီး ဂုဏ်ယူဖွယ်နိုင်ငံလည်းဖြစ်ပါတယ်။ သို့သော် စီးပွားဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေတဲ့အတွက် အဲဒီဂုဏ်ယူဖွယ်ရာ သမိုင်းတန်ဖိုးတွေ၊ ယဉ်ကျေးမှုတန်ဖိုးတွေက အသိအမှတ်ပြုခြင်းမခံခဲ့ရပါဘူး။

အတူတကွယှဉ်တွဲနေထိုင်တဲ့ ညီနောင်တိုင်းရင်းသားတွေ ညီညီညွတ်ညွတ်နဲ့ နိုင်ငံကြီးကို ပြန်လည်တည်ဆောက်လိုက်မယ်ဆိုရင် ဆယ်စုနှစ်တစ်ခုနှစ်ကာလအတွင်းမှာ ဖွံ့ဖြိုးတိုးတက်တဲ့ အရှေ့တောင်အာရှရဲ့ အထင်ကရနိုင်ငံတစ်နိုင်ငံအဖြစ် ပြန်လည်ရောက်ရှိပြီး သမိုင်းကြောင်းအစဉ်အလာ၊ ယဉ်ကျေးမှုအမွေအနှစ်တွေ ပေါကြွယ်ဝမှုနဲ့ပေါင်းစပ်လိုက်ရင် ဂုဏ်ယူဖွယ်ရာ ပြည်ထောင်စုနိုင်ငံကြီး ဖြစ်လာမယ်ဆိုတာ အကြွင်းမဲ့ယုံကြည်ပါတယ်။ အဲဒီလိုဖော်ဆောင်နိုင်ဖို့အတွက်ကိုလည်း သာသနာရေးနဲ့ ယဉ်ကျေးမှုဝန်ကြီးဌာနအနေနဲ့ အစွမ်းကုန်ကြိုးပမ်းလျက်ရှိပါကြောင်း ပြောကြားလိုပါတယ်။

အခုလို ပြည့်ပြည့်စုံစုံဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ။

# ရန်ကုန်မြို့ကို စိမ်းလန်းစိုပြည်သည့် စီးပွားရေးမြို့တော်ကြီးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိ

**တွေ့ဆုံမေးမြန်း - ဝင်းဝင်းမော်၊ ဓာတ်ပုံစုစည်း - အေးသန်း**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့သည် နိုင်ငံ၏ စီးပွားရေးမြို့တော် ရန်ကုန်မြို့ အပါအဝင် တိုင်းဒေသကြီး၏ ဖွံ့ဖြိုးစည်ပင် တိုးတက်ရေးကိစ္စအဝဝကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို တွေ့မြင်ရသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၏ (၃)နှစ်တာ ကာလအတွင်း ကြိုးပမ်းဆောင်ရွက်နေမှုများ ပြည်သူများသိရှိနိုင်ရန် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းအား တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်-

**မေး။ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ အနေနဲ့ တိုင်းဒေသကြီး ဖွံ့ဖြိုးစည်ပင်ဖို့အတွက် ဆောင်ရွက်နေမှုတွေကို ပဏာမရှင်းလင်းပြောကြားပေးစေလိုပါတယ်။**

ဖြေ။ အစိုးရသစ် စတင်တာဝန်ယူတဲ့အချိန်မှာ စိန်ခေါ်မှုတွေ ရှိခဲ့ပါတယ်။ ကျွန်တော်တို့မြို့မှာ ပြည်သူလူထုတွေ ရေကြီးရေလျှံမှုတွေနဲ့ တွေ့ကြုံရတယ်။ ရေကြီးရေလျှံမှုဆိုတာ မြစ်ချောင်းတွေကနေ ရေကြီးရေလျှံမှုတွေဖြစ်တာက တစ်ပိုင်းနဲ့ မြို့တွင်းမြောင်းတွေရဲ့ ရေကြီးရေလျှံမှုတွေ ဖြစ်ပါတယ်။ ဒီအခြေအနေတွေကို ဖြေရှင်းဖို့ စိန်ခေါ်မှုတွေအဖြစ် ကြုံခဲ့ရပါတယ်။ ဒီအခြေအနေတွေထဲက မြစ်ချောင်းတွေရဲ့ ရေကြီးရေလျှံမှု တော်တော်များများကို ဖြေရှင်းဆောင်ရွက်နိုင်ခဲ့ပြီး ဖြစ်ပါတယ်။

တစ်ချိန်က အမြန်လမ်းမကြီးကလာရင် ထောက်ကြံ့လိုနေရာမျိုးမှာ ရေလျှံနေတာတွေ့ရမှာ ဖြစ်ပါတယ်။ ယခုဒီလိုအခြေအနေမျိုး မရှိတော့ပါဘူး။ နောက်တစ်ခုက အမှိုက်ပြဿနာ ဖြစ်ပါတယ်။ နောက်ဖေးလမ်းကြားတွေဆိုရင် အမှိုက်က တောင်လိုပုံနေတဲ့ အခြေအနေကို ယခုရှင်းလင်းနေပါတယ်။ ဒါတွေရှင်းလင်းနေပေမယ့် အလုံးစုံပြီးမြောက်သွားတဲ့အခြေအနေကို မရောက်သေးပါဘူး။ တဖြည်းဖြည်း တစ်မြို့လုံးကို တကယ်ရှင်းလင်းသွားပြီး နောက်ဆုံး အမှိုက်ကင်းစင်နိုင်တဲ့ အခြေအနေတစ်ခုအထိရောက်အောင် ကြိုးပမ်းရမှာ ဖြစ်ပါတယ်။ ဒါတွေကို တစ်နှစ်၊ နှစ်နှစ်နဲ့ ဆောင်ရွက်နိုင်တဲ့အခြေအနေ မဟုတ်ပါဘူး။ နောက်တစ်ချက်က လူတွေရဲ့အတွေးအခေါ် အယူအဆတွေနဲ့ နိုင်ငံကြီးသားစိတ်ကို ပြုပြင်ပြောင်းလဲပြီး အမှိုက်ကို စနစ်တကျ စွန့်ပစ်တတ်တဲ့ အခြေအနေမျိုးတွေအထိ ဖြစ်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

**မေး။ ရန်ကုန်မြို့ဟာ စီးပွားရေးမြို့တော်ဖြစ်တဲ့အပြင် လူနေထူထပ်တဲ့ တိုင်းဒေသကြီး ဖြစ်တဲ့အတွက် အများပြည်သူသယ်ယူပို့ဆောင်ရေးကဏ္ဍက အဓိက ကျပါတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့က အများပြည်သူသယ်ယူ ပို့ဆောင်ရေးကဏ္ဍအတွက် ဆောင်ရွက်နေမှုတွေကို သိပါရစေ။**

ဖြေ။ အရင်က မြို့ပြဖွံ့ဖြိုးတိုးတက်ရေးကို ရန်ကုန်မြို့လယ်ကောင်လောက်ကိုပဲ မြို့ပြစနစ်နဲ့ တည်ဆောက်ခဲ့တာဖြစ်တယ်။ လှည်းတန်းကို ရောက်ပြီဆိုရင် စနစ်တကျ မြို့ပြတည်ဆောက်ထားတာ မဟုတ်တော့ဘူး။ အင်းလျားလမ်းကနေပြီး ဖြတ်လမ်းတွေ မရှိပါဘူး။ ယာဉ်တွေက လမ်းမကြီးတွေထဲမှာပဲ သွားလာရပါတယ်။ တစ်မိုင်လောက်မှ တစ်ဖြတ်လောက်ရှိသလိုမျိုး တွေ့ရမှာ ဖြစ်ပါတယ်။ အင်းလျားကနေဆက်သွားရင် အေဒီမီးပွိုင့်ကိုရောက်မှ ပါရမီလမ်း တစ်ဖြတ်ရောက်မှာဖြစ်ပါတယ်။ ရှေ့ဆက်သွားရင် ခုနစ်မိုင်ကနေ ရှစ်မိုင်ရောက်မှ ရှစ်မိုင်လမ်းဆုံ တစ်ဖြတ်ဖြစ်ပါတယ်။ အဲဒီကနေဆက်သွားရင် ကိုးမိုင်ရောက်မှ တစ်ဖြတ်၊ ဆယ်မိုင်ရောက်မှ တစ်ဖြတ်၊ အဲဒီတစ်ဖြတ်တွေက စနစ်တကျ လမ်းဖြတ်တွေ တည်ဆောက်ထားတာမျိုး မဟုတ်ပါဘူး။ ပါရမီတစ်ခုလောက်သာ ဟိုဘက်၊ ဒီဘက်တိုးလျှိုပေါက် ဖြတ်ထားတဲ့ လမ်းမျိုးတွေ ဖြစ်ပါတယ်။ ဒါကြောင့် မြို့ပြကို စနစ်တကျ ပြန်လည်တည်ဆောက်နိုင်ဖို့အတွက် လိုအပ်ပါတယ်။

ဒီနေရာမှာလည်း ကျွန်တော်တို့ နိုင်ငံမှာ မြို့ပြတွေကို အစိုးရအဆက်ဆက် တည်ဆောက်ခဲ့ပါတယ်။ တည်ဆောက်ခဲ့တဲ့ မြို့သစ်

အထူးကဏ္ဍ [ စ ] သို့ »»»




ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း

**“နောက်ဖေးလမ်းကြားတွေဆိုရင် အမှိုက်က တောင်လိုပုံနေတဲ့ အခြေအနေကို ယခုရှင်းလင်းနေပါတယ်။ ဒါတွေရှင်းလင်းနေပေမယ့် အလုံးစုံပြီးမြောက်သွားတဲ့အခြေအနေကို မရောက်သေးပါဘူး။ တဖြည်းဖြည်း တစ်မြို့လုံးကို တကယ်ရှင်းလင်းသွားပြီး နောက်ဆုံး အမှိုက်ကင်းစင်နိုင်တဲ့ အခြေအနေတစ်ခု အထိရောက်အောင် ကြိုးပမ်းရမှာ ဖြစ်ပါတယ်။ ဒါတွေကို တစ်နှစ်၊ နှစ်နှစ်နဲ့ ဆောင်ရွက်နိုင်တဲ့အခြေအနေ မဟုတ်ပါဘူး။ နောက်တစ်ချက်က လူတွေရဲ့ အတွေးအခေါ် အယူအဆတွေနဲ့ နိုင်ငံကြီးသားစိတ်ကို ပြုပြင်ပြောင်းလဲပြီး အမှိုက်ကို စနစ်တကျ စွန့်ပစ်”**



ရန်ကုန်မြို့ရှိ လူနေအထပ်မြင့်အဆောက်အအုံများကို တွေ့ရစဉ်။



ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးတွင် အရေးပါလျက်ရှိသည့် Yangon Water Bus ကို တွေ့ရစဉ်။

»»» အထူးကဏ္ဍ [ င ] မှ

တွေက တကယ့်ကို Smart City ကြီးတွေ၊ နိုင်ငံတကာမှာ အနာဂတ်ကို မျှော်ကိုးပြီး တည်ဆောက်ထားတဲ့ မြို့ပြစနစ်မျိုးတွေအထိ မဖြစ်ခဲ့ပါဘူး။ အားနည်းချက်တွေရှိခဲ့ပါတယ်။ ဒါတွေကို ပြည်သူတွေက ပြုပြင်ပြီး အစိုးရကနေ လမ်းတွေ၊ တံတားတွေ ထိန်းသိမ်းပေးခြင်းနဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေ ဖြစ်လာခဲ့ပါတယ်။ ဒါကြောင့်မို့ ရန်ကုန်မြို့ကို ရှေ့ဆက်ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် မြို့ပြစနစ်ကို စနစ်တကျ နိုင်ငံတကာ အဆင့်အတန်းမီ မြို့ပြတည်ဆောက်မှု လုပ်ဖို့လိုပါတယ်။ အခြေခံအဆောက်အအုံတွေနဲ့ လမ်းတွေ စနစ်တကျမရှိဘူးဆိုရင် ကျွန်တော်တို့ ဒီအခြေအနေတွေ ကြုံလာမှာ ဖြစ်ပါတယ်။ ယခုယာဉ်ကြောကျပ်တည်းမှုတွေ ကြုံလာတယ်ဆိုတာ မြို့ပြရဲ့အခြေခံအဆောက်အအုံတွေကို စနစ်တကျ မတည်ဆောက်ခဲ့လို့ ဖြစ်ပါတယ်။

အများပြည်သူ သယ်ယူပို့ဆောင်ရေးအတွက် ဘတ်စ်ကားလိုင်းတွေကို ပြုပြင်ပြောင်းလဲခဲ့ပါတယ်။ Water Bus ဆိုရင် ရေကြောင်းကနေ ပို့ဆောင်ပေးနိုင်ဖို့ကို ပြင်ဆင်နေပါတယ်။ ရန်ကုန်မြို့ဟာ ရန်ကုန်မြစ်၊ ငမိုးရိပ်ချောင်းနဲ့ ပဲခူးမြစ် သုံးခုဆုံရာနေရာမှာ တည်ရှိနေတဲ့ မြို့တော်ဖြစ်ပါတယ်။ ဒါကြောင့် ရေကြောင်းရဲ့သယ်ယူပို့ဆောင်ရေးကို ပိုမိုအသုံးပြုနိုင်မယ်ဆိုရင် မြို့ပြရဲ့ ယာဉ်ကြောကျပ်တည်းမှု ပြဿနာလည်း လျော့သွားမယ်။ ကုန်စည်စီးဆင်းမှုကို ရေကြောင်းကနေ လုပ်နိုင်ဖို့အတွက် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒါအတွက် Drive Post တွေ တည်ဆောက်နေပါတယ်။ ပင်လယ်ဝကနေ သင်္ဘောတွေနဲ့ ဆွဲထုတ်လာပြီး ကုန်းတွင်းဆိပ်ကမ်းတွေကို ရောက်မှ ကားနဲ့ သယ်ယူသွားမယ်ဆိုရင် ကုန်စည်စီးဆင်းမှုကို ပိုပြီးမြန်ဆန်စေမယ့်အပြင် စရိတ်လည်း သက်သာလာမှာ ဖြစ်ပါတယ်။

Water Bus ကို ရန်ကုန်မြစ်ဘက်မှာပဲ ဆောင်ရွက်နိုင်ပါတယ်။ ငမိုးရိပ်ချောင်းဘက်ကို ဆောင်ရွက်နိုင်မယ်ဆိုရင် ဒဂုံလေးမြို့နယ်ဖြစ်တဲ့ ဒဂုံတောင်၊ ဒဂုံအရှေ့နဲ့ ဒဂုံမြောက်ဘက်ကပါ ရေကြောင်းကို အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ ဒီအတွက်လည်း ပြင်ဆင်ဆောင်ရွက်မှုတွေ လုပ်နေပါတယ်။ ဒီလို လုပ်တဲ့နေရာမှာ တချို့တံတားဟောင်းတွေကို ရှင်းလင်းနေပါပြီ။ စက်ဆန်းအေဘီစီနားက တံတားဟောင်းတစ်ခုကို ဖျက်ဖို့လုပ်ရာမှာ တံတားဟောင်းရဲ့ တိုင်တွေခံနေတဲ့အတွက် Water Bus ဖြတ်သန်းရာမှာ ရေကြောင်းအန္တရာယ် ဖြစ်နိုင်ပါတယ်။ ဒါတွေကို ရှင်းလင်းနေရတဲ့အတွက် ငမိုးရိပ်ဘက်ကို မပြေးဆွဲနိုင်သေးဘူး ဖြစ်ပါတယ်။ ငမိုးရိပ်ဘက်ကို ပြေးဆွဲနိုင်ရင် ရန်ကုန်မြို့ကို တစ်ပတ်ပတ်နိုင်မှာဖြစ်တဲ့အတွက် ရေကြောင်းသယ်ယူပို့ဆောင်ရေးက အဆင်ပြေလာမှာဖြစ်ပါတယ်။

ပဲခူးမြစ်ကနေ သန်လျင် Star City နဲ့ သီလဝါအထိ ရေကြောင်းကနေ ပို့ဆောင်ပေးနိုင်ဖို့အတွက် ကြိုးစားသွားရမှာ ဖြစ်ပါတယ်။ ဒါက ကျွန်တော်တို့ ပြင်ဆင်ဆောင်ရွက်နေတဲ့ အများပြည်သူ သယ်ယူပို့ဆောင်ရေးကဏ္ဍ နယ်ပယ်ဖြစ်ပါတယ်။ ရထားလမ်းဆိုရင် ရထားဘူတာရုံတွေကို အဆင့်မြှင့်တင်ပါတယ်။ ရထားဘူတာရုံတွေကနေ ကားလမ်းနဲ့ ချိတ်ဆက်နိုင်ဖို့အတွက်ကိုလည်း ပြင်ဆင်ဆောင်ရွက်နေပြီဖြစ်ပါတယ်။ အတိုင်းအတာတစ်ခုအထိ ရောက်ရှိနေပြီဖြစ်ပါတယ်။ မကြာခင် ဒီလုပ်ငန်းတွေ ပြီးစီးသွားရင် ပြည်သူလူထုအတွက် သယ်ယူပို့ဆောင်ရေးကဏ္ဍက ပိုပြီးထိထိရောက်ရောက် ဆောင်ရွက်နိုင်မယ်လို့ ယုံကြည်ပါတယ်။

**မေး။ ရန်ကုန်တိုင်းဒေသကြီး အတွင်း သောက်သုံးရေ ရရှိရေးအတွက် ဆောင်ရွက်မှုတွေကို ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ သောက်သုံးရေကို လုံလုံလောက်လောက် မြို့ပြကို ဖြန့်ချိပေးနိုင်ဖို့အတွက် လိုအပ်ပါတယ်။ ကျွန်တော်တို့မှာ မြစ်ချောင်းတွေရှိပြီး မြစ်ရေကို စနစ်တကျ ထိန်းသိမ်းထားနိုင်ခြင်း မရှိပါဘူး။ ရန်ကုန်မြို့ဟာ ပင်လယ်ဝမှာရှိတဲ့အတွက် ဆားငံရေရှိတာကြောင့် ရေကောင်းရေသန့် မရရှိတဲ့နေရာတွေရှိပါတယ်။ ဒီနေရာတွေကို ရေပိုက်စနစ်နဲ့ သွယ်တန်းပြီး ရေပေးဝေဖို့ မြို့တော်စည်ပင်သာယာဘက်က ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ အစိုးရကနေ စိုက်ထုတ်ပြီး ဆောင်ရွက်ပေးနေတယ်ဆိုတဲ့ အခြေအနေမျိုးနဲ့ ဖြတ်သန်းမယ်ဆိုရင် ရန်ကုန်တစ်မြို့လုံး ရေလုံလောက်စွာရရှိနိုင်ဖို့အတွက် အခက်အခဲရှိနိုင်ပါတယ်။ ဒီကဏ္ဍကို အစိုးရ၊ ပုဂ္ဂလိကနဲ့ ပြည်သူလူထု တစ်ရပ်လုံး ပူးပေါင်းပါဝင်ပြီး ပြုပြင်ပြောင်းလဲဆောင်ရွက်ဖို့ လိုပါတယ်။ ဒီလိုမှ မပြုပြင်၊ မပြောင်းလဲဘူးဆိုရင် ကြုံလာနိုင်တာက မြေအောက်ရေကို ထုတ်ယူသုံးစွဲနေတဲ့ အခက်အခဲကို ရင်ဆိုင်လာနိုင်ရဖွယ် ရှိပါတယ်။ မြေအောက်ရေကို ထုတ်ယူသုံးစွဲတဲ့အတွက် မြေအောက်မှာ လျော့ကျသွားတဲ့ ရေနေရာကို ပင်လယ်ဆားငံရေတွေ ဝင်ရောက်လာတာမျိုးမဖြစ်ဖို့ ထိန်းရမယ့် အခြေအနေတစ်ခုဖြစ်ပါတယ်။

နောက်တစ်ချက်က မြေအောက်ရေကို ထုတ်ယူသုံးစွဲတာကြောင့် မြေတွေနိမ့်ကျမသွားဖို့ ဂရုပြုဖို့လိုပါတယ်။ မြေအောက်ရေသုံးစွဲမှုကို စနစ်တကျထိန်းဖို့ လိုအပ်နေပါပြီ၊ တစ်ဖက်ကနေ ပြည်သူလူထုကို ရေလုံလောက်စွာပေးနိုင်ဖို့အတွက် စနစ်တကျရေကို သန့်စင်ပြီး ပိုက်လိုင်းတွေနဲ့ စနစ်တကျရေပေးဝေဖို့အတွက် ရန်ကုန်မြို့တော်ကြီးကို တည်ဆောက်ဖို့ လိုအပ်ပါတယ်။ ဒါတွေကိုလည်း တဖြည်းဖြည်းနဲ့ ဆောင်ရွက်နေပါ



ရန်ကုန်တိုင်းဒေသကြီး သွားလာရေးတွင် လွယ်ကူအဆင်ပြေလျက်ရှိသည့် YBS ယာဉ်လိုင်းများကို တွေ့ရစဉ်။

အထူးကဏ္ဍ [ ဆ ] သို့ »»»



ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော နှစ်သစ်ကူးတရားအလှူတော် ဓမ္မသဘင်ကို ရန်ကုန်မြို့ပြည်သူ့ရင်ပြင်တွင် ကျင်းပစဉ်။

»»» အထူးကဏ္ဍ [ ၈ ] မှ

တယ်။ တစ်မြို့လုံး ရေလုံလောက်စွာ ပေးဝေနိုင်မယ်ဆိုရင် မြေအောက်ရေသုံးစွဲမှုက ရပ်တန့်သွားမှာ ဖြစ်ပါတယ်။ ဒါတွေကို ကြိုးစားဆောင်ရွက်နေပါတယ်။ သုံးနှစ်တာကာလအတွင်း အပြောင်းအလဲတွေလုပ်နိုင်ဖို့ ကြိုးစားနေပါတယ်။

**မေး။ တရားဥပဒေစိုးမိုးရေးနဲ့ ရပ်ရွာအေးချမ်းသာယာရေးအတွက် ဆောင်ရွက်နေမှုတွေကို သိလိုပါတယ်။**

ဖြေ။ တရားဥပဒေစိုးမိုးရေးနဲ့ ပတ်သက်ရင် မြန်မာနိုင်ငံရဲတပ်ဖွဲ့အင်အားတစ်ခုတည်းနဲ့ ဆောင်ရွက်လို့ မရနိုင်ပါဘူး။ ဘာ့ကြောင့်လဲဆိုရင် လူဦးရေက တိုးပွားလာပါတယ်။ လူဦးရေ ၁၀၀၀ ကို ရဲတစ်ဦးအချိုးနှုန်းလောက်နဲ့ ဆောင်ရွက်မယ်ဆိုရင် လုံခြုံမှုအပိုင်းမှာရော တရားဥပဒေစိုးမိုးရေးအပိုင်းမှာ အခက်အခဲရှိနိုင်ပါတယ်။ ဒါကြောင့် နည်းပညာပိုင်းဆိုင်ရာနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ ကြိုးစားနေပါတယ်။

မီးပွိုင့်တိုင်းမှာ Traffic Control Center ကနေ စောင့်ကြည့်နေနိုင်ဖို့၊ မြို့တွင်းမှာ ဆိုရင် CCTV ၈၁၈ ကင်မရာတွေ တပ်ဆင်ထားပြီး ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးရုံးရဲ့ Common Center ကနေ ထိန်းချုပ်စောင့်ကြည့်သွားဖို့ကို ပြင်ဆင်ဆောင်ရွက်နေတာ ယခုဆိုရင် ထိန်းချုပ်စောင့်ကြည့်မှုတွေကို လုပ်နိုင်နေပြီဖြစ်ပါတယ်။ ဒါပေမယ့် နေရာအားလုံးကို ထိန်းချုပ်မိပြီလို့ မဆိုနိုင်ပါဘူး။ အားလုံး ထိန်းချုပ်မိနိုင်ဖို့အတွက် တစ်နှစ်ချင်း ဘတ်ဂျက်ငွေတွေကို လျာထားပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒါမှသာ တရားဥပဒေစိုးမိုးရေးကို ပိုပြီးဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ မကောင်းမှုပြုသူတွေဟာ ဆိတ်ကွယ်ရာသာမရှိဘူးဆိုရင် မကောင်းမှုကို ထိန်းသွားနိုင်မှာဖြစ်ပါတယ်။ ဒါဆိုရင် တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်နေတဲ့ ရဲတပ်ဖွဲ့နဲ့ အုပ်ချုပ်ရေးဘက်အတွက် များစွာ ထောက်အကူပြုမယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့် နည်းပညာပိုင်းဆိုင်ရာကို ထည့်သွင်းဆောင်ရွက်ဖို့ ကြိုးစားနေခြင်းဖြစ်ပါတယ်။ လုံခြုံရေးနဲ့ မှုခင်းကြိုတင်ကာကွယ်ရေးအတွက် အထောက်အကူပြုနိုင်ဖို့ တိုင်းဒေသကြီးအတွင်းက မြို့နယ်တွေမှာ CCTV Camera ၈၁၈ လုံးကို တပ်ဆင်ပေးခဲ့ပြီး CCTV Control Centre ယာဉ်ကြောထိန်းချုပ်ရေးစခန်း ဆောင်ရွက်နေမှုက ၇၈ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပါတယ်။

**မေး။ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနဲ့ မြို့တော်အင်္ဂါရပ်နဲ့အညီ အဆင့်မြှင့်တင်ထိန်းသိမ်းဆောင်ရွက်နေမှုတွေကို ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ရန်ကုန်မြို့ဟောင်း ဧရိယာတွေကို Smart City ဖြစ်နိုင်ဖို့၊ ရန်ကုန်ရဲ့ မြို့သစ်ဧရိယာတွေကို ဖွံ့ဖြိုးတိုးတက်မှု ပိုမိုဖြစ်လာနိုင်စေဖို့ ကြိုးစားနေပါတယ်။ ဒဂုံလေးမြို့နယ် ဆိုရင် မြို့ပြပုံစံတစ်ခု ဖြစ်လာနိုင်စေဖို့အတွက် ဘတ်ဂျက်ခွဲဝေလျာထားတဲ့နေရာမှာ စနစ်တကျသုံးစွဲပြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေပါတယ်။ ဒဂုံလေးမြို့နယ်ဘက်သွားရင် ကွန်ကရစ်ခင်းထားတဲ့ လမ်းမကြီးတွေ၊ ရပ်ကွက်အတွင်း လမ်းတွေ၊ ဒါတွေ ပြုပြင်ဆောင်ရွက်နေတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။ ချက်ချင်းအပြီးအပြတ် မဆောင်ရွက်နိုင်တာက ဘတ်ဂျက်အကန့်အသတ်ရှိပါတယ်။ စတင်တာဝန်ယူခဲ့ချိန်မှာ ဘတ်ဂျက်ဘီလီယံ ၄၀၀ ကျော်လောက်ရှိပြီး ၂၀၁၈ - ၂၀၁၉ ဖြည့်စွက်ဘဏ္ဍာငွေ အတည်ပြုပြဋ္ဌာန်းနိုင်ဖို့အတွက် ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ဒီနေရာမှာ အခုခန့်မှန်းထားတဲ့ အသုံးစရိတ်အားလုံးက ဘီလီယံ ၆၉၀ ရှိမှာ ဖြစ်ပါတယ်။ ဒါကြောင့် သုံးနှစ်တာကာလအတွင်း ဘီလီယံ ၂၅၀ လောက် တိုးမြှင့်ရှာဖွေပြီး တိုင်းဒေသကြီးအစိုးရအနေနဲ့ ပြည်သူလူထုရဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေ၊ ပြည်သူလူထုအတွက် အကျိုးရှိမယ့် လမ်း၊ တံတားလုပ်ငန်းတွေကို ကြိုးစားဆောင်ရွက်ခဲ့ပါတယ်။

ဒီအခြေအနေတွေကို ဆောင်ရွက်နေခြင်းဟာ ရန်ကုန်မြို့ပြကို မြို့ပြအမွေအနှစ်တွေ ထိန်းသိမ်းမယ်။ စိမ်းလန်းပြီး နေချင်စဖွယ် စီးပွားရေးမြို့တော်ကြီးဖြစ်အောင် ကြိုးစားမယ်ဆိုတဲ့ ရည်မှန်းချက်တွေအတွက် ဆောင်ရွက်နေတာဖြစ်ပါတယ်။ မြို့ပြအမွေအနှစ်အဆောက်အဦတွေကို ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပြီး အတွင်းဝန်များရုံးကို ပြန်လည် ပြုပြင်ထိန်းသိမ်းနေမှုတွေ ဆောင်ရွက်နေတယ်။ ဆူးလေဘုရားဘေးနားမှာရှိတဲ့ တိုးရစ်ဘားမား အဆောက်အဦကို ပြုပြင်ထိန်းသိမ်းနေပြီ ဖြစ်ပါတယ်။ တချို့အဆောက်အဦး ၂၈ ခု လောက်ကို ရန်ကုန်မြို့ပြ အမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ YHT နဲ့ ပူးပေါင်းပြီး အပြာရောင်ကမ္ပည်းပြားတွေ တပ်ဆက်ခဲ့တာ ၂၈ ခုရှိပါပြီ။

ဒါ့ပြင် မြို့ကို စိမ်းလန်းစေဖို့အတွက် ကြိုးပမ်းနေပါတယ်။ ရန်ကုန်မြို့ဟာ ဥယျာဉ်မြို့တစ်မြို့လို ဖြစ်လာနိုင်အောင် ပြုပြင်သွားဖို့လိုပါတယ်။ ဒါကြောင့်မို့ ပန်းခြံတွေကို အများကြီး ပြုပြင်ခဲ့ပါတယ်။ တစ်ချိန်က ပန်းခြံတွေအခြေအနေနဲ့ ယခုအခြေအနေတွေကို ကြည့်မယ်ဆိုရင် ပန်းခြံတွေ တော်တော်များများက စိမ်းလန်းပြီး တိုးတက်လာတာကို တွေ့ရမှာဖြစ်ပါတယ်။ ဝမ်းသာစရာကောင်းတာက ပြည်သူတွေက ဒီပန်းခြံတွေကို အသုံးပြုပြီး အနားယူအပန်းဖြေကြတယ်၊ အားကစားလုပ်ကြတာတွေကို တွေ့မြင်ရတဲ့အတွက် ဝမ်းသာပါတယ်။

ကျွန်တော်တို့ မြို့ကို စိမ်းလန်းတဲ့ မြို့တစ်မြို့အဖြစ် ထိန်းသိမ်းထားနိုင်ဖို့အတွက် ပင်လယ်ကမ်းခြေတစ်လျှောက် ဒီရေတောတွေစိုက်ဖို့အတွက် ကြိုးစားနေပါတယ်။ ဒီရေတောတွေကို ဧက နှစ်သောင်းကျော်လောက် ပျိုးထောင်သွားဖို့ ပြင်ဆင်ထားပါတယ်။ မြို့ပြကို သဘာဝဘေးအန္တရာယ်ကနေ ထိန်းသိမ်းနိုင်ဖို့၊ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်စေနိုင်ဖို့ဆိုရင် ကျွန်တော်တို့ မြို့ဟာ စိမ်းလန်းတဲ့မြို့တစ်မြို့အဖြစ် ကျန်ခဲ့ဖို့လိုပါတယ်။

ဒါကြောင့် ရန်ကုန်မြို့ရဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ရှေ့ဆက်တည်ဆောက်သွားတဲ့ နေရာမှာ စိမ်းလန်းတဲ့ မြို့ပြတစ်ခုဖြစ်ဖို့အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို ဖိတ်ခေါ်တဲ့ နေရာမှာလည်း သဘာဝပတ်ဝန်းကျင်ကို မဖျက်ဆီးနိုင်တဲ့ ကျွန်တော်တို့ရဲ့ လေထု၊ ရေထုတွေကို ညစ်ညမ်းမှုမဖြစ်စေနိုင်တဲ့ စီးပွားရေးလုပ်ငန်းတွေကို ဖိတ်ခေါ်နိုင်ဖို့အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကော်မတီအနေနဲ့ စိစစ်ပြီးတော့ စနစ်တကျ ဆောင်ရွက်နေတယ်ဆိုတာ အသိပေးလိုပါတယ်။

မြို့ပြတစ်ခုရဲ့ဖွံ့ဖြိုးတိုးတက်မှုကို ကြိုးပမ်းဆောင်ရွက်သလို တစ်ဖက်ကနေ သဘာဝတရားကို ထိန်းသိမ်းစောင့်ရှောက်ဖို့ လိုပါတယ်။ ဒီနှစ်ခုဟာ ဖွံ့ဖြိုးတိုးတက်မှုနဲ့ သဘာဝတရားကြီးရဲ့ ဖျက်ဆီးသွားမှုဟာ

အထူးကဏ္ဍ [ ၉ ] သို့ »»»

**"အများပြည်သူ သယ်ယူပို့ဆောင်ရေးအတွက် ဘတ်စ်ကားလိုင်းတွေကို ပြုပြင်ပြောင်းလဲခဲ့ပါတယ်။ Water Bus ဆိုရင် ရေကြောင်းကနေ ပို့ဆောင်ပေးနိုင်ဖို့ကို ပြင်ဆင်နေပါတယ်။ ရန်ကုန်မြို့ဟာ ရန်ကုန်မြစ်၊ ငမိုးရိပ်ချောင်းနဲ့ ပဲခူးမြစ် သုံးခုဆုံရာ နေရာမှာ တည်ရှိနေတဲ့ မြို့တော်ဖြစ်ပါတယ်။ ဒါကြောင့် ရေကြောင်းရဲ့သယ်ယူပို့ဆောင်ရေးကို ပိုမိုအသုံးပြုနိုင်မယ်ဆိုရင် မြို့ပြရဲ့ ယာဉ်ကြောကျပ်တည်းမှုပြဿနာလည်း လျော့သွားမယ်။ ကုန်စည်စီးဆင်းမှုကို ရေကြောင်းကနေ လုပ်နိုင်ဖို့အတွက် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒါအတွက် Drive Post တွေ တည်ဆောက်နေပါတယ်"**

»»» အထူးကဏ္ဍ [ ဆ ] မှ

ဆန့်ကျင်ဘက် ကျတတ်ပါတယ်။ ဒါကို အချိုးညီညီ မလုပ်နိုင်ဘူးဆိုရင် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အတင်း အကျပ် ကိုင်တွယ်ရင်လည်း ဖွံ့ဖြိုးတိုးတက်ရေးကို နှောင့်နှေးစေနိုင်သလို ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးပြီး သဘာဝကို မထိန်းသိမ်းတတ်ဘူးဆိုရင် ကျွန်တော်တို့ရဲ့ မြို့ပြက တစ်ချိန်ချိန်မှာ ပြည်သူလူထုအတွက် အခက်အခဲ ကြုံလာနိုင်ပါတယ်။ နေချင်စဖွယ် မြို့ပြကြီးဖြစ်လာမှာ မဟုတ်တော့ဘူး။ ဒါကြောင့်မို့ ဒီအနေအထားတွေကို ထိန်းသိမ်းစောင့်ရှောက်ဖို့ ဆောင်ရွက်နေပါတယ်။

**မေး။ ရန်ကုန်မြို့ဟာ စီးပွားရေးမြို့တော် ဖြစ်တဲ့အတွက် တိုင်းဒေသကြီး အတွင်း နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုအခြေအနေကို သိပါရစေ။**

ဖြေ။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ကြိုးပမ်း ဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်တို့ လုပ်နေရတဲ့အခြေအနေက နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုကို ဖိတ်ခေါ်နိုင်ဖို့အတွက် ပြည်ထောင်စုလွှတ်တော်ကနေ ဥပဒေတွေကို ပြင်ဆင်ဆောင်ရွက်ပေးခဲ့ပါတယ်။

အဲဒီထဲကနေမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေက အရေးကြီးတဲ့ ပြုပြင်ပြောင်းလဲမှု တစ်ရပ် ဖြစ်ပါတယ်။ တိုင်းဒေသကြီးအစိုးရကနေ ဒေါ်လာငါးသန်းနဲ့ ငါးသန်းအောက် လုပ်ငန်းတွေကို ခွင့်ပြုခွင့်ရလာခဲ့ပါတယ်။ ဒါကြောင့် လစဉ် နှစ်ကြိမ် အစည်းအဝေး ပြုလုပ်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို ဖိတ်ခေါ်ဆောင်ရွက်ခဲ့ပါတယ်။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုတွေ လာတဲ့အတွက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ စက်မှုဇုန်တွေ ဖွံ့ဖြိုး တိုးတက်ရေးကို များစွာ အထောက်အကူ ပြုတဲ့အပြင် နိုင်ငံမှာရှိတဲ့ နိုင်ငံသူနိုင်ငံသားတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ အများကြီးဖန်တီးပေးနိုင်ပါတယ်။ ဒါကြောင့်မို့ ရန်ကုန်မြို့မှာ စက်မှုဇုန် ၂၉ ခုနဲ့ အထူး စီးပွားရေးဇုန်ကြီး တစ်ခုရှိပါတယ်။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုတွေက လတိုင်း နိုင်ငံခြားရင်း နှီးမြှုပ်နှံမှုတွေကို ဆယ်ဂဏန်းလောက် လက်ခံအတည်ပြုပြီး ဆောင်ရွက်ပေးနေတာ ရှိပါတယ်။ ဒါကြောင့်မို့ လစဉ်လတိုင်း အလုပ်သမား ထောင်နဲ့ချီပြီး အလုပ်အကိုင် အခွင့်အလမ်းရဖို့ ဖန်တီးပေးနေပါတယ်။ ဒီဖန်တီးပေးတဲ့ အလုပ်အကိုင်အခွင့်အလမ်းနဲ့ လုပ်သားတွေက ကျွမ်းကျင်လုပ်သားတွေ ဖြစ်လာနိုင်ဖို့ လိုအပ်ပါတယ်။

အသက်မွေးဝမ်းကျောင်း သင်တန်း ကျောင်းတွေ တိုးပြီးဖွင့်လှစ်နိုင်ဖို့အတွက် စဉ်ဆက်မပြတ် ဆောင်ရွက်နေပါတယ်။ ဒီဆောက်ရွက်မှုကနေ အလုပ်အကိုင်အခွင့် လမ်းတွေ ရလာမယ်။ ကျွမ်းကျင်လုပ်သား တွေ ဖြစ်လာမယ်ဆိုရင် ပြည်သူလူထုရဲ့ လူမှုဘဝ တိုးတက်လာစေမှာ ဖြစ်ပါတယ်။

**“ရန်ကုန်မြို့ဟာ ဥယျာဉ်မြို့တစ်မြို့လို ဖြစ်လာနိုင်အောင် ပြုပြင်သွားဖို့ လိုပါတယ်။ ဒါကြောင့်မို့ ပန်းခြံတွေကို အများကြီး ပြုပြင်ခဲ့ပါတယ်။ တစ်ချိန်က ပန်းခြံတွေအခြေအနေနဲ့ ယခုအခြေအနေတွေကို ကြည့်မယ်ဆိုရင် ပန်းခြံတွေ တော်တော်များများက စိမ်းလန်းပြီး တိုးတက်လာတာကို တွေ့ရမှာဖြစ်ပါတယ်။ ဝမ်းသာစရာကောင်းတာက ပြည်သူတွေက ဒီပန်းခြံတွေကို အသုံးပြုပြီး အနားယူအပန်းဖြေကြတယ်၊ အားကစားလုပ်ကြတာတွေကို တွေ့မြင်ရတဲ့အတွက် ဝမ်းသာပါတယ်”**


မြို့တွင်းလမ်းများ ဆောင်ရွက်ပေးထားမှုကို တွေ့ရစဉ်။


ကမ်းပြိုကာကွယ်ရေးလုပ်ငန်းဆောင်ရွက်ထားမှုကို တွေ့ရစဉ်။

တစ်ဖက်မှာ ရွှေ့ပြောင်းလာတဲ့ အလုပ်သမားတွေ ရန်ကုန်မြို့မှာ များပြားပါတယ်။ ဒီလို ရွှေ့ပြောင်းလာတဲ့ အလုပ်သမားတွေကို ရန်ကုန်မှာ နေရေးထိုင်ရေး အဆင်ပြေဖို့ အတွက် လိုအပ်ပါတယ်။

ပြည်သူတွေရဲ့ အဓိက ဘဝက စားဝတ် နေရေးပြေလည်ဖို့ ဖြစ်ပါတယ်။ နေရေးက ရန်ကုန်အတွက် အင်မတန်အရေးကြီးပါတယ်။ ADB ရဲ့လေ့လာသုံးသပ်ချက်အရ ရန်ကုန်မြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အိမ်ရာ စီမံကိန်းတွေ တည်ဆောက်ဖို့နဲ့ နေစရာ နှစ်စဉ် အခန်းပေါင်း တစ်သိန်းလောက် ဖန်တီးပေးနိုင်ဖို့လိုပါတယ်။ ဒါမှသာ ဆယ်စုနှစ် တစ်ခုအကြာမှာ ရန်ကုန်မြို့ဟာ ခေတ်မီ ဖွံ့ဖြိုးတိုးတက်တဲ့ မြို့ကြီးအဖြစ် ရပ်တည်နိုင်မှာ ဖြစ်ပါတယ်။

ဒီလိုမဟုတ်ရင် ကျူးကျော်နေထိုင်သူတွေနဲ့ မြို့ပြကြီးရဲ့ တင့်တယ်မှုကို ပျက်ပြားသွားနိုင်ပြီး တရားဥပဒေစိုးမိုးရေးကိုပါ ထိခိုက်လာနိုင်စရာရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့ နေရေးနဲ့ပတ်သက်ပြီး ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ပြည်ထောင်စုအစိုးရဘက်က ဒီအပေါ်မှာ တွန်းအားပေးပြီး ကူညီဆောင်ရွက်ပေးနေတာတွေ ရှိပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာန ဘက်ကလည်း ရန်ကုန်မှာ အိမ်ရာစီမံကိန်းတွေ အကောင်အထည်ဖော်ဖို့အတွက် တိုင်းဒေသကြီး အစိုးရနဲ့ ပူးပေါင်းပြီး ဆောင်ရွက်နေတာတွေ ရှိပါတယ်။


ရထားလမ်းများ အဆင့်မြှင့်တင်ဆောင်ရွက်ထားမှုကို တွေ့ရစဉ်။


ချောင်းကူးတံတားများ ဆောင်ရွက်ပေးထားမှုကို တွေ့ရစဉ်။

**မေး။ ဝန်ကြီးချုပ်အနေနဲ့ ပြည်သူတွေ သိရှိစေဖို့ဘာများ ဖြည့်စွက်ပြောကြားလိုပါသလဲ။**

ဖြေ။ သုံးနှစ်တာကာလအတွင်းမှာ တိုင်း ဒေသကြီးအနေနဲ့ ကျွန်တော်တို့ ရန်ကုန်မြို့ကို တကယ့်မြို့ပြအမွေအနှစ် တစ်ခုအဖြစ် နိုင်ငံတကာ ဧည့်သည်တွေ၊ မြို့ပြမှာ နေထိုင်သူတွေက မြို့အပေါ်မှာ ယုံကြည်မှု၊ သူတို့ရဲ့မြို့အပေါ်မှာ သူတို့ ဂုဏ်ယူတတ်မှုကို ဖြစ်စေလိုပါတယ်။ တစ်ဖက်မှာလည်း စိမ်းလန်းတဲ့ မြို့ပြတစ်ခုဖြစ်ဖို့အတွက် ဆက်လက်ထိန်းသိမ်းသွားဖို့ လိုပါတယ်။ ဖွံ့ဖြိုးတိုးတက်ပြီး တကယ့်ကို စီးပွားရေးမြို့တော်ကြီးတစ်ခုနဲ့ မြို့သူမြို့သားတွေက နေချင်စဖွယ်ဖြစ်တယ်ဆိုတဲ့ အခြေအနေကို ရည်မှန်းချက်ထားပြီး ကျွန်တော်တို့ ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ဒီရည်မှန်းချက်တွေကို ဆောင်ရွက်တဲ့နေရာမှာ သုံးနှစ်အတွင်း ပန်းတိုင်ရောက်လိမ့်မယ်လို့ မဆိုနိုင်ပါဘူး။ ဒါပေမယ့် ကျွန်တော်တို့ရဲ့ခြေလှမ်းတွေကို တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်လာအောင် ဆောင်ရွက်သွားကြဖို့ လိုပါတယ်။ ဒီလိုတိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် မြို့ပြရဲ့ဖွံ့ဖြိုးတိုးတက်မှု၊ ပြည်သူတွေရဲ့ လူမှုဘဝကို ဖွံ့ဖြိုးတိုးတက်လာစေဖို့နဲ့ စားဝတ်နေရေး လုံခြုံစိတ်ချရနိုင်တဲ့ လူမှုဘဝတွေ ဖန်တီးပေးနိုင်ဖို့ ကျွန်တော်တို့ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြမှာ ဖြစ်ပါတယ်။ သုံးနှစ်တာကာလကို ပြန်ကြည့်လိုက်ရင် ကျေနပ်စရာတွေ၊ စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်ရတဲ့ အခက်အခဲတွေ များစွာရှိပါတယ်။ တိုင်းဒေသကြီး အစိုးရအဖွဲ့အနေနဲ့ ပြည်သူနဲ့အတူ ဆက်လက် ကြိုးပမ်းသွားဖို့အတွက် အမြဲတစေ ဆောင်ရွက်နေမှာ ဖြစ်တယ်ဆိုတာ ပြောကြားလိုပါတယ်။

**ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်ရှင့်။**